ကလောင်သစ်စာပေ

THET PAING

လူအမျိုးမျိုး စိတ်အတွေတွေ...

ဝတ္ထုတိုများ

WHISPER OF WORDS

လူအမျိုးမျိုး၊ စိတ် အထွေထွေ ဝတ္ထုတိုများ

သက်ပိုင်

မာတိကာ

(၁) ဒေါ်တင်

(၂) မင်းခေါင်

(၃) မမမြင့်

(၄) ထက်နောင်

(၅) လှသဥ္စာ

(၆) မြသွဲ့သွဲ့နိုင်

(၇) ကိုနောင်

(၈) အောင်အောင်

(၉) မငယ်

(၁) ဒေါ်တင်

ဒေါ်တင်တယောက် နေပူထဲမှ အူလျားဖားလျား ပြန်လာလေသည်။ နေပူကြီးမို့ ခြေထောက်လည်း ရေမဆေးရဲ။ လူကလည်း အသက်က ၅၅ နှစ်ထဲ ရောက်နေပြီမို့ အရင်ကလို သွက်သွက်လက်လက် မဟုတ်တော့ပေ။ ဒီတော့ အိမ်ထဲမဝင်ခင် အိမ်ရှေ့က ကုက္ကိုပင်အောက် တထောက်နားရလေသည်။ ကုက္ကိုပင်အောက်မှာက လှစိန်တို့ အေးမြတို့က ကြို၍ရောက်နှင့် နေတတ်သည်။ ပြောမဲ့သာပြောတာ သူတို့က လင်လုပ်စား အေးဆေး ထိုင်စားရင်း နေ့လယ်ဘက်ဆို ကုက္ကိုပင်အောက် ချဲစုတွက်ကြ၊ အတင်းထိုင်တုပ်ကြနှင့်သာ ရှိကြလေသည်။ အခုလည်း စာရွက်တစ်ရွက်ကို ခဲတံတံတွေးဆွတ်လို့ အေးမြတစ်ယောက် တွက်ချက်နေသည်ကို ဒေါ်တင် ခပ်လှမ်းလှမ်းက မြင်လိုက်ရသေးသည်။

"ကဲ၊ ကောင်မတွေ၊ ဒီနေ့ရော ဘာကောင်းသတဲ့တုံး..." ခရီးမရောက်မဆိုက် ဒေါ်တင်က မေးလေသည်။

"ဘာမှမထူးပေါင် အစ်မရယ်၊ ကျွန်မဖြင့် ခွန်ပူး (၇၇) ကို သုံးရက် မွေးထိုးနေတာ တစ်ရက်မှ မပေါက်လို့ ယောကျ်ားကတောင် မျက်စောင်းထိုးနေပါရောလား" ဟု အေးမြက သွက်သွက်လက်လက် ပြန်ဖြေသည်။ အေးမြက မောင်မျိုးဆွေနဲ့ အိမ်ထောင်ကျမှ ဒီလို စည်းစိမ်ယူကာ ချဲတွက်နိုင်ခြင်းဖြစ်သည်။ မောင်မျိုးဆွေနဲ့ မညားခင်တုန်းကတော့ အေးမြတစ်ယောက် အရွက်စုံ ခေါင်းရွက်၍ ဗျပ်ထိုးကာ ရောင်းနေကျမို့ ဘယ်နေရာ ဘာရှိသည် ဆိုတာ သူက အကုန်သိသည်။ အမှန်ဆို ဒေါ်တင်နဲ့ လှစိန်တို့ နှစ်လုံးထိုးတတ်တာလည်း သူ့အဆွယ်ကောင်းသောကြောင့်ဖြစ်သည်။

"ဟုတ်ပ အစ်မရယ်၊ ကျွန်မလည်း နားမလည်း ပါးမလည်နဲ့ အေးမြတွက်တာသာ ထိုင်ကြည့်နေရတာ။ အခုတလော ညဘက် အိမ်မက်တွေလည်း မမက်ဘူးတော့။ ဦးဇင်းသန်းဝင်းစာစဉ်ကလည်း မမှန်ဆယ်ချက်၊ မှန်တစ်ချက်ပါတော်။ ဟိုဘက်ရက်ကွက် မှာတော့ လူခြောက်လေးပေါ်တယ် ကြားတယ်။ မှန်လိုက်တာမှ သွေးထွက်မခန်းဆိုပဲ။ ညနေ ကျွန်မတို့ အခြေအနေလေး သွားကြည့်မလို့... အစ်မလိုက်ခဲ့ပါဦးလား"

အပျိုကြီးလှစိန်က သူ့ဝသီအတိုင်း ရေပက်မဝင်အောင် ညည်းပြလိုက်သေးသည်။ လှစိန်က အပျိုကြီးလို့သာ ဆိုပါတယ်။ ကလေးနှစ်ယောက်နှင့်။ ရက်ကွက်ထဲ နှုတ်ကျိုးနေပြီမို့သာ

အပျိုကြီးခေါ်ခေါ်နေရတာ။ ယောကျ်ားငယ်ငယ်လေး ယူထားတော့ အများက မေးငေါ့တာ ခံရတာပေါ့လေ။ သူတို့မိသားစုက အနည်းငယ် ချောင်လည်ပါတယ်။ ဒါကြောင့်လည်း ယောကျ်ားက ဝပ်ရှော့မှာ အလုပ်လုပ်နေချိန်၊ ကလေးနှစ်ယောက် ကျောင်းပို့ပြီး သူက အိမ်မှာ နှပ်နေရုံသာ။ သူ့ယောကျ်ား သိန်းမောင်ကလည်း အပျိုကြီး ပြီးရင် အကုန်ပြီးသည်မို့ ထွေထွေထူးထူး ပြဿနာရယ်လို့ သူတို့မိသားစုမှာ မရှိရှာ။

တစ်ဖက်က အေးမြနဲ့ မျိုးဆွေတို့ကတော့ ညရောက်တိုင်း တကျက်ကျက် ဖြစ်တတ်ကြလေသည်။ များသောအားဖြင့် အေးမြ ချဲရှုံးတဲ့နေ့တွေပေါ့။ အေးမြကလည်း လွန်လှပေသည်။ တစ်ခါများ ယောကျ်ားဖို့ ထမင်းချက်စရာ ပိုက်ဆံမကျန်သည်အထိ မက်မက်မောမော ချဲထိုးတတ်သည်။ ဒီလိုနေ့မျိုးဆိုရင်တော့ ကြားရပါလိမ့်မည်။ မောင်မျိုးဆွေက အေးမြကို ချဲဒိုင် လှဝေနဲ့ ပေးစားဆဲတတ်သလို၊ အေးမြကလည်း တစ်ခွန်းမကျန် ပြန်ပြန်ပက်တတ်လေသည်။ မနက်ရောက်ရင်တော့ သူတို့မဟုတ်သည့်အတိုင်း ယောကျ်ားက ထမင်းချိုင့်ဆွဲလို့ အလုပ်သွားတတ်သလို မိန်းမကလည်း ဒေါ်တင့်အိမ်ရှေ့က ကုက္ကိုပင်မှာ ချဲလာတွက်နေတတ်ပြန်သည်။

ဒေါ်တင်ကတော့ တစ်ယောက်တည်းသမားပါ။ သားသမီးနှစ်ယောက် ရှိပေမဲ့ ဘယ်သူနဲ့မှ လိုက်မနေပဲ တစ်ဦးထဲ ကိုယ့်ခြံ၊ ကိုယ့်ဝန်းနဲ့ နေတတ်သည်။ ပိုက်ဆံများများစားစား မရှိရှာပေမဲ့ အိမ်ဆိုင်လေး တည်ထားသည်မို့ သူ့အတွက်တော့ ဖူလုံသည်ဟု ဆိုရပေမည်။ တစ်ခါတစ်လေလည်း သားနဲ့ သမီးတွေက မွေးတဲ့ မြေးတွေက ရောက်လာပြီး အဖော်နေပေးတတ်ကြလေသည်။

"ငါတော့ မနက်က ဘုရားမှာ ဆွမ်းတော်ကပ်သဟေ့။ ပြီးတော့ အရှင်ဘုရား တပည့်တော်မကို ပေါက်ဂဏန်းလေးများ ပေးသနားပါဦးလို့ ဆုတောင်းသတော်။ အဲ့ဒီမှာပဲ ဘုရားပေးတဲ့ ဂဏန်းပါအေ။ အမွှေးတိုင်ပြာတွေက ကွက်ကွက်ကွင်းကွင်းကြီးကို ခြောက် (၆) လို့ ပြနေတာနဲ့ ကျုပ်လဲ ခြောက်ပတ်လိုက်တာပေါ့တော်။ အခုတော့ အထင်နဲ့အမြင် တက်တက်ဆင်အောင် လွဲပါရောလား"

ဟု ဒေါ်တင်က စိတ်နာနာနှင့် ပြောလေသည်။

အေးမြတစ်ယောက်ကတော့ သည်းကြီးမဲကြီး ခဲတံတစ်ချောင်းနဲ့ တွက်နေမြဲသာ။ နှလုံးထိဆိုတာ သူတို့ကို အားနေတဲ့ အိမ်ထောင်ရှင်မတွေအတွက်တော့ အပျင်းပြေ အလောင်းအစား ဖြစ်လေသည်။ အရင်တုန်းကတော့ အပျော်တမ်း ကစားကြရာမှ အခုဆို အားလုံးက ဘယ်သွားသွား၊ ဘာတစ်လုံးကောင်းတယ်၊ အပူးဆင်းမယ်၊ ဘာမွှေးထိုးမယ်ဆိုတဲ့ စကားကိုသာ

နားပူအောင် ကြားရတတ်လေသည်။ ဒါ့အပြင် ချဲဒိုင်ကလည်း ကောင်းဦးမှ။ မကြားသေးပါဘူး။ ဟိုးဘက်က ဒိုင်တွေအကြောင်း ကြားလိုက်သေးသည်။ သုံးလုံးထီကို အကန့်အသတ်မရှိရောင်းပြီး ပေါက်ကြတော့ ဒိုင်ကထွက်ပြေးလေသည်။ လောင်းကစားဖြစ်နေတော့ ရဲလည်းမတိုင်ရဲတာမို့ ကိုယ့်ပေါင်ကိုယ် လှန်မထောင်းနေတော့ပဲ အံတကြိတ်ကြိတ်နဲ့သာ ခံရခက်ကြရလေတော့သည်။

ဒေါ်တင်ကတော့ သူ့ဆိုင်လေးအတွက် ကုန်စုံပစ္စည်းလေးတွေဖြည့်ဖို့ တစ်ဖက်တစ်လမ်းကနေ ချဲထိုးရင်း ငွေရှာလေသည်။ စိတ်ထဲမှာတော့ သူ့မြေးနဲ့မြေးမကို ဒီနှစ်ကုန်ရင် ရှင်ပြု နားသပေးမယ်လို့ ကြံထားတာပေါ့။ ဒါကြောင့်လည်း ဒေါ်တင်တစ်ယောက် အခုတလော ဘုရားနေ့စဉ်ရှိခိုးသည်။ အမွှေးတိုင်ကပ်သည်။ အိမ်တွင်းဖေကြီး အုန်းလဲသည်။ သူက အမွှေးတိုင်ကနေ အတိတ်နမိတ်ယူပြီး ဂဏန်းကောက်တတ်သည် မဟုတ်ပါလား။ ပြီးခဲ့သည့် ရက်တွေကတောင် အိမ်မက်ထဲမှာ ဘိုးတော်တစ်ပါးက ငါးတစ်ကောင် ပေးခဲ့သည်ဟု မြင်မက်ခဲ့တာကြောင့် ဘယ်သူ့မှမပြောပဲ ကြိတ်ပြီး ငါး (၅) ပတ် နေတာပေါ့။ အေးမြရဲ့ ကျေးဇူးကြောင့်လည်း ဘယ်ဂဏန်းနဲ့ ပါဝါ၊ နက္ခတ်၊ ဒဲ့ဆင်း စသည်ဖြင့် အကုန်နားလည်လာသည်မို့ ဒေါ်တင်တစ်ယောက် မစားရ ဝခမန်း ညဘက်အိပ်ခါနီးဆို အမြဲစဉ်းစားတတ်လာလေသည်။ ဈေးသွားတိုင်းလည်း ဟင်းစားပါချင်မှပါမယ်။ ဦးဇင်းသန်းဝင်း ချဲစာစဉ်ကတော့ မပါမဖြစ် ပါတတ်လေသည်။ ဦးဇင်းသန်းဝင်းဟောတဲ့ ရောင်စုံ ချဲဂဏန်းလေးတွေထဲက ကောင်းနိုးရာရာလေးတွေ ရွေးချယ်ကာ ကံစမ်းရတာကိုက ဒေါ်တင့်လို တစ်ကိုယ်တည်း မုဆိုးမအတွက် စိတ်ဖြေစရာလေး ဖြစ်နေခဲ့တာမဟုတ်ပါလား။ တခါတခါတော့လည်း ဒေါ်တင် တွေးမိပါတယ်။ သူ့ရဲ့အိမ်ဆိုင်လေးက ကုန်ဈေးနှုန်းတိုလီမုတ်စလေးတွေကရတဲ့ ဝင်ငွေနဲ့ သူ ချဲထိုးလို့ရှုံးတဲ့ထွက်ငွေက မမျှသာအောင် ဖြစ်နေတာမို့ ဒေါ်တင် စိတ်ပူရသည် မဟုတ်ပါလား။ နောက်ပြီး အပျိုကြီးကတော့ ချောင်ချောင်လည်လည်နှင့်မို့ ပြောစရာ အထွေအထူး မရှိပေမဲ့ အေးမြတစ်ယောက်ကတော့ နှလုံးထီကို စွဲမြဲစွာ ထိုးတတ်တာမို့ ဒေါ်တင့်ဆိုင်လေးက ပစ္စည်းတွေကိုပဲ "ချဲပေါက်ရင် ပြန်ဆပ်ပါ့မယ်တော်" ဆိုတဲ့ စကားကတိပေးလို့ သုံးတတ်စွဲတတ်ပါတယ်။ သို့သော်ငြားလည်း အမှန်တကယ် ချဲပေါက်တဲ့အခါများတော့ အေးမြခမျာ ယောက်ျားဖြစ်သူ မောင်မျိုးဆွေကို မျက်နှာလုပ်ရသည်မို့ ဒေါ်တင့် အကြွေးလေးတွေ ပြန်မဆပ်ဖြစ်ပေ။ ဒေါ်တင်လည်း သူကိုယ်တိုင်က ဆည်းကပ်နေရတဲ့ ဆရာမကြီးတွေမို့ ပေါ်ပေါ်တင်တင်တော့ ကြွေးမတောင်းရဲပါ။ မတော်လို့ အေးမြက ထလုပ်ရင် သူပဲ ခံရမှာ မဟုတ်ပါလား။ ဟိုက ခေါင်းရွက်ဗျပ်ထိုးသည်ဘဝထဲက အရပ်တကာ လှည့်လာတာမို့ ဇက သေးတာ မဟုတ်ဘူးလေ။ ဒါကြောင့်မို့ မောင်မျိုးဆွေ လခထုတ်တဲ့ ရက်ကလေးကိုသာ မျှော်ကိုးပြီး အိမ်လည်လာသယောင်၊ သတင်းမေးသယောင်နဲ့ ကိုယ်ရိပ်ပြကာ

အကြွေးတောင်းရလေသည်။ မောင်မျိုးဆွေကိုယ်၌ကိုက သူ့မိန်းမ အေးမြကို အသွင်တူလို့ အိမ်သူအဖြစ် တော်ကောက်ထားတာမို့ ဒေါ်တင့်အရိပ် မြင်ပြီဆိုတာနဲ့ လင်မယားနှစ်ယောက် ကမ္ဘာ့ရန်သူတွေလိုကို သတ်ကြလေတော့ ဒေါ်တင်လည်း တောင်းရမှ အားနာနေတော့တာပေါ့။ စိတ်ထဲမတော့ "ကမြင်းမ... နေနှင့်ဦးပေါ့။ အိမ်ရောက်မှ ကိုကြီးကျော်နဲ့ တိုက်လိုက်ဦးမယ်" လို့သာ ကြိမ်းရင်း လက်လျှော့ခဲ့ရတာ မနည်းတော့ပါဘူးလေ။

တစ်ရက်ပေါ့။

"ဟဲ့ကောင်မတွေ ဒီနေ့ရော ဘာကောင်းသလဲအေ့" ဆိုပြီး ဒေါ်တင်က အိမ်ဆိုင်မှာတင်ဖို့ ဝယ်လာတဲ့ အထုပ်အပိုးတွေကို ကွပ်ပျစ်ပေါ်တင်လို့ ကုက္ကိုပင်အောက်မှာ ထုံးစံအတိုင်း အတွက်အချက် လုပ်နေကြတဲ့ အပျိုကြီးနဲ့ အေးမြကို မြင်မြင်ချင်း လှမ်းမေးလိုက်သည်။ အချိန်က မွန်းလွဲ တစ်နာရီတောင် ရှိပြီမို့ ညနေပိုင်း နှလုံးထီ အပြေးကလေး ထိုးဖို့တော့ မှီသေးသည် မဟုတ်ပါလား။

"မနေ့က ခြောက်ခွန် ဆင်းတယ်ဆိုတော့ ဒီနေ့ နက္ခတ်လေး ပြောင်းထိုးရင် ကောင်းမယ် အစ်မရဲ့" ဆိုပြီး အေးမြက အာပေါင်အာရင်း သန်သန် ပြောလေသည်။

"ဖြစ်ရင်လည်း ဖြစ်နိုင်ပါတယ်လေ။ ဒီကောင်မ အေးမြက ချဲဒိုင်လုဝေနဲ့ ဒီတလော သိပ်ကို တပူးပူး တတွဲတွဲ ရှိလှသည် မဟုတ်ပါလား" ဟု ဒေါ်တင် တွေးမိလိုက်သည်။

"ကျွန်မကတော့ ရှင်တို့ ထိုးတာပဲ လိုက်အောမှာနော်။ ဒီလိုမျိုး ခေါင်းရှုပ်ခံပြီး တွက်တတ်ပေါင်တော်။ ဒါပေမဲ့ မနေ့ညက ကိုသိန်းမောင်က ပြောတယ်။ "မိန်းမရယ် နှလုံးထီတွေ လျှော့ထိုးပါတဲ့"။ ကျွန်မကလည်း ဘယ်ရမလဲ ကိုယ်က အကြီးဆိုတော့ နည်းနည်း ပါဝါပြပေးလိုက်တော့ သိန်းမောင်ခမျာ ဒီမနက် အလုပ်ကို ထမင်းချိုင့်တောင် ထည့်မသွားရှာဘူးလေ။ ကဲ... အခုတော့ ဘယ်သူကပြောနိုင်ဦးမလဲ" ဆိုပြီး အပျိုကြီးကလည်း ယောကျ်ား ငယ်ငယ်လေးကို နိုင်စားတတ်ပုံကိုများ စာဖွဲ့လို့ ဂုဏ်ယူလိုက်ပါသည်။

"သြော် ညည်းနှယ်အေ... ယောကျ်ားဆိုတာ အဲ့ဒီလိုအကြမ်းနည်းနဲ့ မကိုင်ရဘူးအေ့။ အိမ်ကလူကြီးဆို ကွန်မနဲ့ ဘယ်လောက်သတ်သတ် နောက်ဆုံးတော့ ကျုပ်ဆန္ဒပဲ လိုက်လျောပေးရတာပဲကြည့်" အေးမြကလည်း မဆီမဆိုင် ဝင်ပြောလိုက်ပါသေးသည်။

"ဟုတ်ပါပြီ။ ကဲ... အခု နင်တို့က ဘာထိုးကြမှာလဲပြော။ ငါ အိမ်ထဲမဝင်ခင် နင်တို့ ထိုးမဲ့အကွက်ထဲ ပိုက်ဆံလေး နည်းနည်းလိုက်ချင်လို့ပါအေ" ဟု ဒေါ်တင်က စိတ်မရှည်တဲ့ လေသံနှင့် တွတ်ထိုးလိုက်သည်။

"ကွန်မလည်း အဲ့ဒါစဉ်းစားနေတုန်းပဲတော့။ ညနေ ဟင်းစားလေးချက်ဖို့ ငွေရှစ်ရာပဲ လက်ထဲမှာ ကျန်တော့တာမို့ ဒီအကွက်လေးတွေ ထိုးရင် ကောင်းမလား စဉ်းစားနေတာ။ ဒီတခါ ကျွန်မ နှစ်လုံး ထပ်ရှုံးရင် ကိုမျိုးဆွေက ပြောလို့ကို ပြီးမှာမဟုတ်တော့ဘူးလေ။ သူ့ခမျာလည်း သနားပါတယ်။ နေ့စဉ်ရက်ဆက်ပြီး ဘဲဥရေလုံပြုတ်နဲ့ နှစ်ပါးသွားနေရရှာတာ" လို့ အေးမြက မပြောစဖူး ချင့်ချင့်ချိန်ချိန်နဲ့ ပြောလေသည်။

"ဒါများ အေးမြရယ်။ အရင်လိုပဲ အစ်မတင့်ဆိုင်က အာလူးလေး၊ ပဲလေး ခဏယူပြီး ချက်ကျွေးလိုက်ပေါ့" ဆိုပြီး အပျိုကြီးက လောကွတ်ချော်တော့ ဒေါ်တင်က သူ့ကို ပြောတတ်ရန်ကောဆိုတဲ့အကြည့်နဲ့ ကြည့်လိုက်ပါသေးသည်။ ခဏနေတော့မှ ဒေါ်တင်လည်း အေးမြကို စာနာလှသည်မို့

"အေးပါလေ။ ဒီတခါ ယူတဲ့ဟာတွေကိုလည်း အရင် အကြွေးစာရင်းထဲ ထည့်မှတ်ထားလိုက်မယ်နော် အေးမြ" ဆိုတော့မှ အေးမြလည်း နာမည်နဲ့လိုက်အောင် အေးမြအောင် ပြုံးလို့ ဒေါ်တင့်ကို ကျေးဇူးတင်သော မျက်လုံးကြီးများဖြင့် စိုက်ကြည့်လေသည်။ အဲ့ဒီတော့ ဒေါ်တင်က လက်ထဲ ကျန်နေတဲ့ ငါးရာတန် တစ်ရွက်ကို ထိုးပေးလို့ သူ့အတွက်ပါ စိုက်ထိုးခဲ့ဖို့ ပြောရင်း အိမ်ထဲဝင်သွားလေတော့သည်။ ထို့နောက် ဒေါ်တင်လည်း ပါလာတဲ့ အထုပ်အပိုးတွေ ဖြေလို့ မနက်ဖြန် ဆိုင်လေးကို ကျကျနန ပြန်ဖွင့်ဖို့ စဉ်းစားရင်းက နေ့လယ်ခင်း တရေးတမော အိပ်ပျော်သွားပါတော့သည်။

"အစ်မတင်... အစ်မ"

ရုတ်တရက် အိမ်ရှေ့က ခေါ်သံကြောင့် ဒေါ်တင် အိပ်ရာထဲက အလူးအလဲ ကုန်းထလိုက်သည်။ ခေါ်သံနှင့်အတူ လူတစ်ကိုယ်လုံး ပေါ်လာတော့မှပဲ အိမ်ရှေ့မှာ မတ်တပ်ကြီး ရပ်နေတာက အပျိုကြီးရယ်ပါ။

"ဘာတုန်းတော့ အပျိုကြီးရဲ့။ ကျုပ် ချဲပေါက်လို့လား" ဆိုပြီး ဒေါ်တင်က ဆီးကြိုမေးလေတော့မှ အပျိုကြီးလည်း အမောတကော ပြန်ဖြေရှာပါသည်။

"ဘယ်ကသာ ချဲပေါက်ရမလဲတော်။ ဟို သေချင်းဆိုး လှဝေက ဒီနေ့ညနေ ချဲကြွေးတွေ မလျော်နိုင်လို့ ထွက်ပြေးသွားတယ်လေ"

"ဟေ... အမလေး။ ကာလနာကြီးနှယ်... မရှိလို့ နှလုံးထိထိုးပါတယ်ဆိုမှ သူမို့ လုပ်ရက်တယ်ဟယ်။ ငါ့မြေးလေးတွေကို ရှင်ပြုပေးဖို့ ရည်မှန်းထားတဲ့ ပိုက်ဆံလေးကို မျိုစို့တဲ့ဟာတွေ တနေ့တော့ ဘုရားရိုက်လိမ့်မယ်အေ့" လို့ ဒေါ်တင်က ဒေါသတကြီး ကျန်ဆဲလေသည်။

"အို... ဒေါ်ကြီးတင်ရေ။ ဘုရားရိုက်တာက နောက်မှ မောင်မျိုးဆွေအထောင်းကို ကျွန်မတို့က အရင်ခံရမှာတော့။ ဟိုကောင်မ အေးမြက ချဲဒိုင် လှဝေနဲ့ တခါတည်း လိုက်ပြေးသွားပြီတော့"

"အမယ်လေး ဘုရား ဘုရား။ မိုက်လိုက်တဲ့ အေးမြနှယ်" လို့သာ ဒေါ်တင်တစ်ယောက် ရင်ဘတ်ကလေး ဖိလို့သာ တမ်းတနိုင်ပါတော့သည်။ အေးမြ မရှိတော့ဘူးဆို သူ့အကြွေးတွေ ဘယ်သူက ဆပ်မှာပါလဲ။ သူ့ယောက်ျား မောင်မျိုးဆွေကလည်း သူ့မယား ကမြင်းမ ယူထားတဲ့ အကြွေးတွေကို ဆပ်မှာမဟုတ်။ အခုမှပဲ မြေးလေးတွေကို ရှင်ပြုဖို့ စုထားတဲ့ ပိုက်ဆံတွေ ပြုတ်ပြုတ်ပြန်းကုန်ပါရောလားလို့ တွေးပြီး ဒေါ်တင် ငိုချင်သွားပါတော့သည်။

"ဟုတ်ပ အစ်မရေ။ မျိုးဆွေတစ်ယောက် ဒေါသထွက်နေလိုက်တာများ မိုးမွှန်လို့ပေါ့။ အေးမြက လူတစ်ကိုယ်တည်း လိုက်သွားတာ မဟုတ်ဘဲ သူတို့ အိမ်ဂရံကိုပါ ပေါင်ပြီး လိုက်သွားတာတော့။ အဲ့ဒီတော့ မျိုးဆွေခမျာ ကတုံးပေါ်ထိပ်ကွက် ခံလိုက်ရလို့ မကျေမချမ်းဖြစ်ပြီး လူတကာ ပတ်ရမ်းနေတာနဲ့ ကျွန်မလည်း အစ်မကို အကျိုးအကြောင်း သိရအောင် လာပြောတာ။ ကျွန်မလည်း ကိုသိန်းမောင် မရောက်ခင် အိမ်ပြန်လိုက်ဦးမယ်နော် အစ်မ" ဆိုပြီး အပျိုကြီးက ခပ်သုတ်သုတ် ပြေးသွားလေတော့ ဒေါ်တင်တစ်ယောက်တည်း ငိုင်ပြီး ကျန်နေခဲ့ရပါတော့သည်။ အခုတော့ မြေးလေးတွေကို သင်္ကန်းပိုက်ပြီး ရှင်ပြုပေးမယ်ဆိုတဲ့ သူ့အိပ်မက်လေး လေထဲမှာ ပျောက်ကွယ်သွားခဲ့ရပြီ မဟုတ်ပါလား။

ဒီလိုနဲ့ မကြာလိုက်ပါဘူး။ အေးမြသတင်းလည်း ဟိုဘက်ရွာပဲ ရောက်နေသလိုလို၊ မြို့ပဲ တက်သွားသလိုလိုနဲ့သာ ဘယ်လိုက်လို့ လိုက်ရမှန်းမသိ အဆုံးသတ်သွားသလို မောင်မျိုးဆွေ တစ်ယောက်လည်း မယားပစ်သွားတုန်းကသာ အော်ကြီးဟစ်ကျယ် မိုးမွှန်အောင် ဆဲနေပေမဲ့ တစ်လအတွင်းမှာပဲ နောက်မိန်းမယူလို့ အရင်လို ပြန်တည်ငြိမ်နေပါပြီ။ နောက်မိန်းမကတော့ နှလုံးထီမထိုးဘဲ ငြိမ်ငြိမ်ကုပ်ကုပ်လေးမို့ မောင်မျိုးဆွေ စိတ်အေးရတာပေါ့။ နောက်ထပ် ထူးခြားတာ တစ်ချက်ကတော့ အေးမြ နောက်ယောက်ျားနောက် လိုက်ပြေးပြီး သိပ်မကြာခင်မှာပဲ အပျိုကြီး ယောက်ျား သိန်းမောင်လည်း အလုပ်ထဲက မိန်းကလေးတစ်ယောက်နဲ့ ငြိစွန်းလို့ ထမင်းတောင် ဖွယ်ဖွယ်ရာရာ ချက်မကျွေးတတ်ဘဲ နှလုံးထီသာ အင်တိုက်အားတိုက် ထိုးတတ်တဲ့ အပျိုကြီး လှစိန်ကို ထားခဲ့လေသည်။ လှစိန်ခမျာလည်း ကလေးနှစ်ယောက်နဲ့ ကျန်ခဲ့ရသည်မို့ အရပ်က သနားတာ ခံရသော်လည်း အပြုံးမပျက် နှလုံးထီ ထိုးဆဲပင်။ ဒေါ်တင်တစ်ယောက်လည်း ပတ်ဝန်းကျင်က သံဝေဂ ရစရာတွေကို ရှုမြင်ရင်း နှလုံးထီကို ရပ်တန်းက ရပ်ပေတော့မဟဲ့လို့ ကြုံးဝါးခဲ့ပေမဲ့ နောက်ဆုံးတော့လည်း

ဒီဘူတာဆိုက်ရတာပါပဲလို့ ပြောရမလိုကို နှလုံးထိ နှံ့ထဲမှာ နစ်သထက်နစ်လို့ အိမ်ဆိုင်လေးပါ ဖြုတ်ခဲ့ရပေတော့သည်။

"အစ်ိန္တေယျ၊ အစ်ိန္တေယျ၊ အစ်ိန္တေယျ... ကျေးဇူးတော်အစုံ.... ဤသို့ပြုရ ကုသလကြောင့် တပည့်တော်မကို ပေါက်ဂဏန်းလေး အိပ်မက်ပေးပါဦးဘုရား..."

■

(၂) မင်းခေါင်

"ဗျာ၊ ခင်ဗျားက ကျုပ်နာမည် သိချင်လို့ဟုတ်လား။ ကျုပ်နာမည်က 'မင်းခေါင်' တဲ့။ အဖေနဲ့ အမေကတော့ ကျုပ်ဘဝမှာ သူများကိုဆရာလုပ်ပြီး နေနိုင်အောင် ပေးထားတာဆိုပဲ။ ကျုပ်မိဘများခေတ်က ဆရာဆို ဘာဆရာဖြစ်နေဖြစ်နေ အတော်လေး နာမည်ရသကိုး။ သူတို့ဖြစ်စေချင်တဲ့ဟာ ဖြစ်မဖြစ်တော့မသိဘူး။ အခုတော့ဖြင့် ဒီရွာကလူတွေက ကျုပ်စကားကို နားထောင်ကျသားကလားဗျ။

တချို့ဆို ကျုပ်က 'ဘူး' ဆိုတာနဲ့ 'ဖရုံ' မသိးရဲတဲ့သူတွေက ရွာ့သုံးပုံမှာ နှစ်ပုံလောက်ရှိတာဗျ။ ပြောသာပြောရတယ်၊ ကျုပ်က သူကြီးပြီးရင် အာဏာအရှိဆုံးပဲလေ။ ဆယ်အိမ်ခေါင်းတော့ မဟုတ်ပါဘူးဗျာ။ ကျုပ်က မီးပြင်သမားကိုး။

ဒီရွာလေးမှာ ကျုပ်နေလာတာ ကျုပ်ကလေးတွေတသက်ပဲဗျ။ ဘယ်လောက်ကြာပြီလဲ ဆိုတော့ တိတိပပ မပြောတတ်ဘူးရယ်။ အကြီးကောင် မင်းမောင်ဖြင့် ကလေးသုံးယောက် ရနေတာသာ ကြည့်တော့။ ရွာမှာ နေတာကြာပြီဆိုတော့လည်း ရွာထဲရွာပြင် အပြင်ကို ရွာနီးချုပ်စပ်က ရှေ့မှီတွေရော နောက်ပေါက်တွေပါ ကျုပ်နာမည်ကို ကြားလိုက်တာနဲ့ ဒက်ထိသိကရောပဲ။ ကျုပ်နာမည်ကို သိတာဖြင့်တော့ မဟုတ်ဘူးဗျ။ လှော်ကားရွာက မီးပြင်သမားဆိုတာကိုသာ သိကြတာပါ။ ခေတ်ကာလအရ အစိုးရမီးလေးတွေက ဖယောင်းတိုင်မီးတွေ အစားထိုးလာကြတာ ဆိုတော့ ကျုပ်တို့လိုမီးပြင်သမားတွေအတွက်က ထမင်းမငတ်တော့ဘူးပေါ့ဗျာ။ ဘာလို့ဆို လာတဲ့ မီးအားကမပြည့် သုံးချင်ရာစွတ်သုံးတော့ လျှပ်စစ်ပစ္စည်းဆိုတာ ဘယ်မှာကြာရှည်ခံတော့မှာလဲ။ ဒီကြားထဲ မီးခဏခဏပျက်တဲ့ကိစ္စက ရှိသေးတယ်။ အဲ့လိုတွေအခြေအနေပေးလာတော့ ကျုပ်ကလည်း တတ်သည့်ပညာမနေသာဆိုသလို တတ်ကျွမ်းသလောက် လက်စွမ်းပြရတာပေါ့ဗျာ။ မီးပြင်သမားသာဆိုတယ် ကျုပ်က မီးနဲ့ပတ်သတ်ပြီး ဘာမှသိတာ မဟုတ်ဘူးရယ်၊ ကျုပ်တို့ခေတ်ကလည်း လျှပ်စစ်မီးဆိုတာ လူကုံထံတွေအိမ်လောက်ရှိတာဆိုတော့ မျက်လုံးတွေက အမှောင်ထဲမှာ နေလိုက်ရမှ၊ ဖယောင်းတိုင်မီးလေးနဲ့နေမှ နေသာထိုင်သာရှိသဟ။ သားကြီးမင်းမောင် မင်္ဂလာဆောင်တဲ့နှစ်ကျမှ ထူးထူးခြားခြား အစိုးရပလောဂျက်ဆိုတာ ပရွက်ဂျက်ဆိုလား အဲ့ဟာကြီးကြောင့် ဈေးသက်သက်သာသာနဲ့ တစ်အိမ်တက်တစ်အိမ်ဆင်း မီးလိုက်ချိတ်ပေးလို့ တစ်ရွာလုံး ထိန်ထိန်လင်းတာကိုး။ ဈေးသက်သာတယ်ဆိုပေမဲ့ ရွာထဲက

သုံးပုံတစ်ပုံလောက်ပဲ အဲ့ဈေးပေးပြီး အစဦးဆုံး မီးချိတ်နိုင်တာပါ။ ကျန်တဲ့နှစ်ပုံထဲက တစ်ပုံလောက်ကတော့ မီးမရှိရင် သေရပါတော့မယ်၊ မီးရှိမှ အိမ်တင့်တယ်လို့ လျှပ်စစ်မီးဂုဏောအနန္တောဆိုသလို ကိုယ့်ပေါ်လစီနဲ့ကိုယ် နှပ်ချေးငါးပိလုပ်ပြီး နောက်များမှ မီးချိတ်လာကြတာပါ။ ဒါတောင် ကျန်တဲ့တစ်ပုံက ဖယောင်းတိုင်အားကိုးနဲ့ ညအမှောင်ကို အံတုရင်း ကိုယ့်ဗိုက်ကိုယ်ဖြည့်ဖို့ကိုပဲ အားခဲနေကြရရှာတာဗျ။

ဘယ်လိုပဲဖြစ်ဖြစ် ကျုပ်အတွက်ကတော့ ဒီတစ်သက် ထမင်းမငတ်လောက်တော့မှာ သေချာသလောက်ပါပဲဗျာ။ ဘာလို့ဆို ဒီနှစ်ဆို ကျုပ်အသက် ၇၀ ပြည့်တော့မှာလေ။ ဒါတောင် မြေးအကြီးမ စုစုပြောလို့ မှတ်မိတာ၊ ကျုပ်သမီးအငယ်ကောင်မကလည်း ပြောရှာပါတယ်။

“အဖေ၊ မီးလိုက်မပြင်နဲ့တော့တဲ့၊ သမီးတို့ အဖေ့တစ်ယောက်စာကို လောက်လောက်ငှ ကျွေးနိုင်ပါတယ်တဲ့”

ကျုပ်ကဖြင့် ပိုက်ဆံလိုချင်လို့ လိုက်ပြင်နေတာမှ မဟုတ်တာရယ်၊ ဘဝတူချင်း စာနာလို့ ကိုယ့်ရပ်ကိုယ့်ရွာ မီးလင်းစေချင်လို့ရယ်။ ဘဝတူဆို ကိုယ့်အိမ်ကလည်း ပျက်တာ များသားကလားနော်။ အိမ်ကမြေးတွေကလည်း ခေတ်ကာလသားသမီးဆိုတော့ ခက်သား။ တစ်နေ့တစ်နေ့ ကျောင်းကပြန်လာတာနဲ့ တီဗွီရှေ့ထိုင်ပြီး လာသမျှ ခေတ်ရှင်၊ ခေတ်သေ၊ နီနီ ပြာပြာ ဖြူဖြူ ဝါဝါ အကုန်ကြိုက်ကြသကိုး။ သူတို့က ပိုပိုသုံးလေ မီးက ပုံမှန်အတိုင်း ပျက်နေကျအပြင် အားကပါ အကျများနေတော့ကာ ဒီလောက် ပစ္စည်းလေးတွေက ခံနိုင်ရိုးလား။ လူတောင် သေရသေးတာကိုးဗျ။ ပစ္စည်းသင်္ခါရ လူသင်္ခါရ ဆိုပေပြား အသစ်ပြန်ဝယ်ရတော့လည်း အိမ်စရိတ်က ထွက်ရဦးမှာမဟုတ်လား။ ဒီတော့ ကျုပ်ကပဲ ဒိုင်ခံပြင်ပေးရတော့တာပေါ့ဗျာ။ အဲ့ဟာလေးတွေ ပြင်ရင်းနဲ့ပဲ ကျုပ်လည်း မီးပြင်သမားလို့ရယ် လူတစ်လုံးသူတစ်လုံး ပြန်ပေါ်လာတော့ပေါ့ဗျာ။ ရွာနီးချုပ်စပ်ကပါ လာလာခေါ်ကြလွန်းလို့ တစ်ခါတစ်လေ မီးအပြည့်မပေးတဲ့အစိုးရကိုတောင် ကျေးဇူးတင်မိသေးတာရယ်။

ဒီလိုမတောက်တခေါက်လေးနဲ့ လုပ်စားတယ်ဆိုပြီး အထင်တော့ မသေးလိုက်နဲ့ဗျ။ လုပ်သက်က စကားပြောလာတယ်ပဲ ဆိုရမလားပဲ၊ ဘာပျက်လို့ ဘာပြင်ရမယ်ဆိုတာ ကျုပ်က ဒက်ထိပြောနိုင်တာဗျ။ ဒါကြောင့်လည်း လူသိများတာနေမှာပေါ့လေ။

ကျုပ်တို့လှော်ကားတစ်ရွာလုံးကလူတွေထဲမှာတော့ အခုဆို ကျုပ်ကို ‘အဘ၊ အဘ’ နဲ့ကို ချစ်ကြောက်ရိုသေကြီးဖြစ်နေတာ ဒီလျှပ်စစ်မီးကျေးဇူးကြောင့်ပေါ့ဗျာ။ ကျုပ်ငယ်ငယ်တုန်းကတော့ လုပ်တဲ့အလုပ်တွေက စုံတာပေါ့ဗျာ၊ အစုံပဲ၊

ကလီဈေးဘက်မှာလည်း ကုန်ထမ်းဖူးတယ်၊ နောက် ကလေးတွေ ကျောင်းနေလောက်ရောက်တော့ အိမ်မှာ သံလုပ်ငန်း စလုပ်ဖြစ်တော့တာပဲ။ သံလုပ်ငန်းဆိုလို့ ကျုပ်လုပ်တာက သံပြားတွေ၊ သံချောင်းတွေကို ထုရရိုက်ရတာဗျ။ ပြီးတော့မှ သံဈေးထဲက တရုတ်တွေဆီ ဖောက်သည်ဈေးနဲ့ သွင်းရတာပါပဲ။ သူတို့ဆီရောက်တော့ ဘာတွေလုပ်ကြတယ် မသိဘူး။ ကိုယ့်ဝမ်းပူစာတာထက် သားအကြီး မင်းမောင်နဲ့ သမီးငယ် ခင်မတို့ ထမင်းတော်မှာကို ကြောက်ရတာကိုး။ အဲ့တုန်းကလည်း သံတွေကို ထုရရိုက်ရတာလေ ငါ့ဒီတစ်သက်တော့ သံတွေထုရင်း ပြီးတော့မှာလားလို့တောင် ထင်မိသေးတယ်။ မှတ်မှတ်ရရ တစ်နေ့မှာပေါ့ ကားအပျက်ကြီးကို ဈေးသက်သက်သာသာနဲ့ လေလံအောင်လာလို့ အိမ်ကို ဝမ်းသာအားရ ပြန်လာတာ အိမ်ကိုရောက်တော့ ညကလည်း မိုးချုပ်ခါနီး ဆိုပေမဲ့လည်း မနက်ဖြန်မနက်မှာ ကလေးတွေ ထမင်းမစားရမှာစိုးလို့ ညဘက်မှောင်မှောင်မဲမဲကြီးထဲ ဖယောင်းတိုင်တစ်တိုင်က အောက်ကထွန်း ရေနံဆီမီးခွက်က အပေါ်ကဆွဲလို့ တစ်ညလုံး ကားစုတ်ကြီးကို ထုခဲ့ရိုက်ခဲ့ရတာများ တစ်သက်မမေ့ပါဘူးကွယ်။ ကလေးတွေအမေကတော့ အငယ်မမွေးပြီး မီးတွင်းထဲမှာပဲ ဆုံးသွားတာဆိုတော့ ကလေးတွေကိုလည်း ထိန်းကျောင်းပေးမဲ့သူ မရှိလို့ ကိုယ်ပဲအဖေ ကိုယ်ပဲအမေပေါ့။ ကလေးတွေကို ထမင်းနပ်မှန်အောင်ကျွေးဖို့ လုပ်ကိုင်နေရတာကိုက ပီတိဖြစ်ရတာ မိဘမေတ္တာလားလို့တောင် ထင်မိသေးတယ်။ အဲ့တုန်းကတော့ တစ်နေကုန်ထုရိုက်၊ ညဘက်လည်း မီးခွက်နဲ့ဆက်လုပ်နဲ့ပါပဲ။ သမီးငယ်လေး ခင်မက သူ့အသက် ရှစ်နှစ်ပြည့်မွေးနေ့မှာ လာပြီး "အဖေ၊ လမ်းထိပ်တိုက်ကလို ညဘက်မှာလည်း နေမင်းကြီးနဲ့နေချင်တယ်'" ဆိုပြီး ဆိုက်ဆိုက်မြိုက်မြိုက်ကြီး လာပြောမှပဲ ကျုပ်လည်း သမီးလေးဇောနဲ့ အဲ့ထဲကကြိုးစားလာခဲ့တာပါလေ၊ ဒါပေမဲ့ ကံကမပွင့်လေတော့ သားကြီး မင်္ဂလာဆောင်တဲ့နှစ်မှပဲ သူ့မင်္ဂလာပွဲကရတဲ့ လက်ဖွဲ့ဖိုးထဲကပဲ တစ်မိသားစုလုံး မျက်စိစုံမှိတ်ပြီး ဆုံးဖြတ်ကြမှပဲ အိမ်ပေါ် မီးရောက်လာတာပါ။ ရောက်လာတော့လည်း ရောက်လာရတာပါပဲ။ ရောက်ကတည်းကိုက တစ်လတစ်ခါ မီတာဖိုး ဆောင်ရတော့ ကိုယ်တွေ ထမင်းစားရဖို့ဆိုတာ ဒုတိယမွှပေါ့ဗျာ။ ပျက်ကွက်ရင် သူက လာဖြုတ်သွားမှာကိုး။ အဲ့တော့ အိမ်မှာ ဘုရားပြီးရင် ဘုန်းအကြီးဆုံးက သူပဲလေ။ မယုံမရှိနဲ့ဗျ။ ကလေးလေးတစ်ယောက်လို ဂရုစိုက်လိုက်ရတာများနှယ် ကလေးဆိုးကြီးကျလို့၊ ညဘက်အိပ်ခါနီးဆို မိန်းတုတ်ဆိုလား ဘရေကာဆိုလား အပြေးချရ။ မီးအားတက်လာလို့ သူက အော်တာနဲ့ နီးစပ်ရာလူက ပြေးရတာပဲလေ။ ကိုယ့်ထမင်းကိုယ်စားပြီး ကြီးတော်နွားကျောင်းနေရတာထက်ကို ဆိုးသေးတာရယ်။ ရုံဖန်ရံခါများဆိုသလို မီးက ပျက်လိုက်ပါသေးတယ်။ တစ်ခါကများ ဝါးတစ်ရာဘက်က ကျုပ်သူငယ်ချင်းလှကျော် အိမ်လာလည်တုန်း ပြောသွားတာဖြင့်…

"ဟေ့ကောင်…၊ မင်းခေါင်ရ မင့်လျှပ်စစ်မီးက ကောင်းတော့ကောင်းပါရဲ့၊

ဒါပေမဲ့ သကောင့်သားက တယ်လည်း ဗိုလ်ကျသကိုးဟ၊ ငါစိတ်မရှည်ပုံမျိုးနဲ့တော့ မဖြစ်ပါဘူးကွာတဲ့လေ”

အဲ့တုန်းကလည်း တိုက်တိုက်ဆိုင်ဆိုင် သူလာတဲ့နေ့မှ မီးလုံးလင်းအားက ခရမ်းချဉ်သီးကို ကြိုးနဲ့ဆွဲထားသလောက်ပဲ လင်းတာကိုး။

ဘာပဲဖြစ်ဖြစ်ပါ ကျုပ်က အသက်ကြီးတဲ့အဘိုးအို ဆိုပေမဲ့ ခေတ်ရေစီးပြေးနေတတ်တာဆိုတော့ ကျုပ်ကလည်း ကိုယ့်အကြံနဲ့ကိုပါ။ ‘ခရုမှာလည်း အဆံနဲ့၊ လူမှာလည်း အကြံနဲ့’ ဆိုသလို ကျုပ်ကလည်း မီးပုံမှန်လာဖို့ကို ဘယ်လိုဖြေရှင်းရမလဲ တွေးကြည့်တာပေါ့ဗျာ။ ကျုပ်ကတော့ ကျုပ်မြေးတွေ ကြီးလာရင် အင်ဂျင်နီယာကြီး လုပ်ခိုင်းမယ်။ ပြီးမှ သူတို့ကို ကျုပ်တို့ရွာလေး မီးပုံမှန်ရအောင် လုပ်ခိုင်းမယ်လို့ စိတ်ကူးသဗျ။ အင်ဂျင်နီယာဆိုပေမဲ့လည်း တကယ်တော်တဲ့ အင်ဂျင်နီယာပေါ့ဗျာ၊ ဘာလို့ဆို အခုတလောများ မီးပြင်အင်ဂျင်နီယာတွေက ပေါမှပေါနဲ့။ ကျုပ်က သူတို့သိတာလောက်ကတော့ အိပ်နေသလောက် ရှိတာရယ်။ သူတို့ကတော့ တက္ကသိုလ် ကျောင်းတော်ကြီးက သင်လာတာဆိုပြီး ကျုပ်တို့လို ဒီအတိုင်းလိုက်လုပ်စားနေတဲ့သူကို တွေ့ရင် အရမ်းဆရာလုပ်တာဗျ။ ဘာတဲ့ ပေါ့စတစ်နဲ့ နတ်ဂတစ် ဆိုလားဘာလား ခေါ်ပြီး သိပ်နားရှုပ်အောင် လုပ်တယ်။ ကျုပ်ကတော့ လာစမ်း ဘာဖြစ်လဲပြ၊ အဝတ်စုတ်တစ်ခုနဲ့ လက်ကို ခုကိုင်ပြီး အနီ အနက် ဖြုတ်ပြင်တော့တာပဲရယ်။ မီး တစ်အိမ်ထဲ ကွက်ပျက်တယ်ဆိုရင် ဘာလုပ်မလဲ။ ရှင်းနေတာပဲ မိန်းတုတ်ဖြုတ် အထဲက ကြုတ်ထဲက ဝါယာကြိုးမျှင်လေး ဖြုတ်လဲတာပဲကိုး။ ကိုရွှေမီးပြင် အင်ဂျင်နီယာတွေကတော့ တက်စတာလား ဘာလား ဝက်အူလှည့်နဲ့ ပေါင်ချိန်စက် တွဲထားတာလေးနဲ့ ဟိုထောက်ဒီထောက် စမ်းပြီးကြာနေတာ။ ဒီကြားထဲ ခဓာတ်လိုက်မှာက ကြောက်သေးတယ်ဗျ။ ကျုပ်ကတော့ လုပ်တာကြာပြီမို့လို့လားမသိဘူး တော်ရုံတန်ရုံ အိမ်သုံးမီးကတော့ လိုက်ပါများလို့ ထုံနေပြီရယ်။ နောက်ပိုင်းမှာ သတိတောင် မထားမိတော့ဘူး။ ဒီလိုမျိုး ကျုပ်က ဖိုးဖိုးဇတ်ဇတ်နဲ့ လုပ်တတ်လွန်းလို့ပဲ ကျုပ်ကိုပဲ ခေါ်ခိုင်းကြတာပေါ့လေ။

ဘာပဲဖြစ်ဖြစ်ပါ အခုဆိုရင် ကျုပ်တို့လှော်ကားရွာနဲ့ ဟိုဘက်ခြမ်း ရွှေပြည်သာမြို့ထဲမှာ ဂျီတီအိုင်ဆိုလား ဘာလား အင်ဂျင်နီယာကျောင်းတစ်ကျောင်း ဖွင့်တယ်ကြားတယ်။ ဟိုနေ့က အိမ်တစ်အိမ် မီးသွားပြင်ပေးရင် ကြားလာတာပါ။ ကျုပ်ကတော့ ကျုပ်မြေးအကြီးမ စုစုကို ဆယ်တန်းအောင်ရင် အဲ့မှာထားမယ်လို့ ရည်စူးထားတယ်။ မြေးမ အင်ဂျင်နီယာဖြစ်မှပဲ သေမယ်လို့လည်း စိတ်ကူးထားတယ်လေ။ ကျုပ်မြေးမ အင်ဂျင်နီယာဖြစ်ရင် တော်တော်လေး ထက်တဲ့ အင်ဂျင်နီယာကြီးဖြစ်မှာဗျ။ ဘာလို့ဆို သူက အခုထဲက ကျုပ် အိမ်မှာတစ်ခုခုပြင်နေတာနဲ့ အနားမှာထိုင်ပြီး ရှုနေတတ်တာလေ။ ကြည့်ရတာလည်း

ဝါသနာပါမှဲ့ပုံပါ။ ဘာပဲဖြစ်ဖြစ်လေ ဒီလှျပ်စစ်မီးက ကျုပ်အတွက်တော့ ကျေးဇူးရှင်ပဲဗျ။ အခုဆို ဘုရားရှိခိုးတိုင်း ကျုပ်အတွက်တော့ ခင်ပွန်းကြီးဆယ့်တစ်ပါးကို ကန်တော့ရတာပေါ့ဗျာ။ ကျုပ်လည်း ဒီရွာလေးကို နေ့နေ့ညည မီးလင်းလင်းထိန်ထိန်နဲ့ မြင်ချင်တဲ့သူထဲမှာ ပါပါတယ်ဗျာ။ ကိုယ့်အလုပ်မရှိရင် နေပါစေ။ သူများတွေပျော်တော့ စိတ်ချမ်းသာရတာပေါ့။ ဒါပေမဲ့...

"ဟဲ့ ပလုတ်တုတ်၊ ကဲ... ကြည့်၊ ပြောရင်းဆိုရင်း မီးကပျက်သွားပြီတွေ့လား"

ထားပါလေ ကျေးဇူးရှင်ဆိုတော့လည်း၊ ကျေးဇူးရှင်ပဲပေါ့ဗျာ။

■

(၃) မမမြင့်

"မမမြင့်... ရေ... လာတယ်"

အိမ်ရှေ့က အော်သံကြောင့် မီးဖိုချောင်ထဲက မမမြင့် ကပိုကယို ပြေးထွက်လာသည်။ အိမ်ရှေ့ပြေးလာရင်း ရုတ်တရက် မောင့်ကို သတိရမိ၏။ ပုံမှန်ဆိုလျှင် ရေလာပို့တိုင်း မောင်က မမမြင့် ပင်ပန်းမှာစိုးလို့ဆိုပြီး ကိုယ်တိုင် အိမ်ပေါ် ထမ်းတင်ပေးတတ်တယ် မဟုတ်ပါလား။ "အိမ်ပေါ် တစ်ခါတည်း တင်ပေးပါလား မောင်လေးရယ်" ဟု မမမြင့် ပိုက်ဆံကမ်းပေးရင်း ပြောလိုက်သည်။ ရေဘူးတစ်ဘူး အလေးချိန်က သိပ်မသေးလှသော်လည်း ၄၀ နားကပ်နေသော မမမြင့်အဖို့ လူရှိသေ ရှင်ရှိသေ နေရသူမို့ ကုန်းကုန်းကွကွ လုပ်နေရင် မြင်မကောင်းလှတာ အမှန်ပင်။ ရေသန့်ပို့သော ကောင်လေးက အပေါ်ပိုင်းခန္ဓာဗလာကျင်းကို ပုဆိုးခပ်နွမ်းနွမ်းနှင့် တွဲဝတ်ထားသမို့ ရေဘူးအား ကုန်းမလိုက်သောအခါ ကြွက်သားတို့က အမြောင်းတိုင်း ကြွတက်လာတော့၏။ ကောင်လေးခမျာ ရုပ်ရည်ကလေး မရှိလှသော်လည်း ငယ်ဂုဏ်ကြောင့် ကျစ်လျစ်သိပ်သည်းနေသော ခန္ဓာကိုယ်က နှစ်လိုဖွယ်ပင်။ မောင့်ခန္ဓာကိုယ်ကို မမမြင့် ရုတ်တရက် သတိရမိသည်။ ဒီလို ဆွဲဆောင်မှုပြည့်Wတဲ့ မောင့်ခန္ဓာကိုယ်ကြောင့်လည်း မမမြင့်က သိပ်ချစ်ခဲ့မိဖူးတာ မဟုတ်ပါလား။ တခါတလေ မောင့်ကြွက်သားအမြောင်းကြီးတွေကို အသည်းယားလွန်းသဖြင့် ကိုက်စားပစ်လိုက်ချင် မိပါသေးသည်။ မောင့်မိသားစုက မပြေလည်တာမို့ မမမြင့်က မောင့်ကို မောင်လေးလိုတစ်ဖုံ၊ ချစ်သူလိုတစ်မျိုး စောင့်ရှောက်ခဲ့ဖူးသည်။ ဒါကြောင့်လည်း ရက်ကွက်ထဲက အပျိုကြီး မမမြင့်က ကောင်လေးကို "မွေးပြီး စားနေသဟဲ့" ဟု မေးငေါ့ကြတာလည်း ခံရခဲ့ဖူးပါ၏။ မောင့်မျက်နှာ တစ်ရှာထင်နေသော မမမြင့်အတွက် မောင်ကလွဲရင် ဖွဲနဲ့ ဆန်ကွဲပါပေ။ မောင့်စကားအချို့ မမမြင့် မှတ်မိပါသေးသည်။ "မမကလွဲရင် ဘယ်သူမှ မချစ်ဘူး၊ မမကသာ သူ့ဘဝ" တဲ့။ မမမြင့်ခမျာ ပါးစပ်နားရွက်တက်ချိတ်အောင် ပြုံးပြီး ဘုန်းကြီးကျောင်းဝန်းထဲ မောင့်လက်ကိုချိတ်လို့ မင်္ဂလာဆွမ်းကပ်တဲ့နေ့ကို လွမ်းမိပါသေးရဲ့။ ၃၅ နှစ်အရွယ် မမမြင့်နဲ့ ၂၀ ကျော် မောင်လေးတို့ မင်္ဂလာပွဲက တစ်ရက်ကွက်လုံး ဟိုးလေးတကျော်ဖြစ်သွားတာ မမမြင့် မသိတာမှတ်လို့။ ကောင်လေး ငယ်ငယ်လေးကို ပိုက်ဆံနဲ့ ပေါက်ဝယ်တဲ့ လင်တရူးလို့လည်း သမုတ်ခံရလား ခံရပါရဲ့။ ဘယ်သူတွေ ဘာပြောပြော မောင့်အပေါ်ချစ်တဲ့ အချစ်ကတော့ တပြားသားမှပင် မလျော့ပါပေ။ ချစ်မြဲ၊ ချစ်ဆဲ၊ ချစ်နေဦးမှာပါပဲ။ မင်္ဂလာပွဲနေ့က မောင့်လက်ပေါ် ဘိုးဘွားပိုင် အုတ်ပုံလက်စွပ်လေးတင်ရင်း မောင့်လက်ကို မမမြင့် ကြည်နူးစွာ ဖျစ်ညစ်မိသည်။ အသည်းယားလွန်းလို့

ကိုက်တောင် ကိုက်ပစ်လိုက်ချင်ပါရဲ့။ လည်ကတုံးအဖြူ၊ မင်္ဂလာရောင် တိုက်ပုံနဲ့ ရွှေပိုးကွပ် ပုဆိုးအောက်က မောင့်အသွင်သဏ္ဍာန်က ပြစ်မျိုးမဲ့မထင်ပါပေ။ အရင်ကအကြောင်းတွေ တွေးလိုက်တိုင်း ပျော်ရသလို အခုအခြေအနေကို ပြန်စဉ်းစားကြည့်ပြန်တော့လည်း မမမြင့် ဝမ်းနည်းမိရပြန်ပါသည်။ မမမြင့်နှင့် မောင်တို့ အိမ်ထောင်ရေးက သိပ်အဆင်မပြေလှပါချေ။ မမမြင့်လို အမျိုးသမီးကြီးနဲ့ တွဲသွားတွဲလာရမှာ မောင်ရှက်လာတယ် ထင်ပါရဲ့။ ယူပြီး တစ်နှစ်ကျော်ကြာလာတော့ မောင်က မမမြင့်ကို ရှောင်ဖယ် ရှောင်ဖယ် လုပ်လာတာ မမမြင့် မသိဘဲ နေပါ့မလား။ ညဘက်ဆိုလည်း မမမြင့်ဆီက ငါးပိနံ့နံလို့ အနားတောင် မကပ်တော့ပါလား။ မောင့်ခါးပေါ်က ပိုးပုဆိုး၊ မောင့်မိဘတွေ နေနေတဲ့ အိမ်နဲ့ ခြံဝိုင်းကို မမမြင့်က ဒီပုပ်အက်အက် ငါးပိတွေကို ခါးချိအောင် ကျိုပြီး ဝယ်ပေးထားတာပါကွဲ့။ ဘယ်လိုပဲဆိုပါစေ၊ အနားမှာ မောင်ရှိသေးတယ်ဆိုတဲ့အသိက မမမြင့်ကို စိတ်သက်သာရာရစေတာ အမှန်ပါပဲလေ။ မမမြင့် ဘယ်လောက်ထိ အလိုလိုက်ပါစေ၊ မောင့်ဆန္ဒတွေကတော့ မပြီးဆုံးနိုင်ခဲ့ပြန်ပါဘူး။ မမမြင့်ဆီ ငါးပိဖောက်သည်ယူနေကျ ဖောက်သည်ကပြောတယ်။ “မမမြင့် ယောကျ်ားလေးကို သေချာလည်း စောင့်ကြည့်ပါဦး၊ ခြေလှမ်းတွေက မမှန်တော့ဘူး” တဲ့။ အမှန်ဆို မမမြင့်လည်း ရိပ်မိနေတာကြာပါပြီ။ ညဘက်ဆို ပြောလိုက်ရတဲ့ဖုန်း၊ ကုန်လိုက်တဲ့ လက်ဖက်ရည်ဖိုး၊ သွားလိုက်ရတဲ့ ကားပွဲစားတန်းဆိုတာ အကုန်သံသယ ဝင်စရာတွေချည်းပါပဲ။ ကြားလေသွေးလည်း မမမြင့်တို့ကတော့ ဘာမထီပါပေ။ မောင့်ကို မမမြင့်ယုံတယ်။ မောင်က မမမြင့်ကိုပဲ ချစ်တာလေ။ သူကိုယ်တိုင်လည်း ပါးစပ်က ဝန်ခံထားတယ် မဟုတ်လား။ မမမြင့်မရှိရင် သူနေနိုင်မှာ မဟုတ်ဘူးတဲ့။ မမမြင့်ကလည်း မောင်မရှိရင် သေမှာပါ။ ဒါပေမဲ့ မောင် မမမြင့်ကို လိမ်ခဲ့ပါတယ်။ မမမြင့်ကိုယ်တိုင်ကလည်း အလိမ်ခံနေခဲ့တာပါ။ မောင် မမမြင့်နောက်မှာ ဖောက်ပြန်နေတယ်ဆိုတာ မမမြင့် တစွန်းတစ ကြားခဲ့ရပေမဲ့ ကိုယ်တိုင် မျက်စိနဲ့ တပ်အပ်မြင်ရတော့မှပဲ ရင်ဘတ်နဲ့ လက် သပ်ပြီး “အမလေး” တရပါတော့တယ်။ အချစ်ကြီးရင် အမျက်ကြီးတယ်တဲ့။ မမမြင့်ကတော့ မောင့်အပေါ် အမျက်မထွက်ရက်ပါဘူးလေ။ မောင်ကတော့ သူ့အပြစ်နဲ့သူမို့ ထင်ပါရဲ့။ မမမြင့်ဆီကနေ ပျောက်ချင်းမလှ ပျောက်သွားလိုက်တာ မောင့်မိဘတွေတောင် ဘာသတင်း အစအနမှ မရတော့တဲ့အထိပါပဲ။ အခုဆို မောင့်သတင်းမကြားရတာ တစ်လ၊ ကိုးသီတင်းတောင် ကျော်ပါပေါ့လား။ မောင့်မိဘတွေခမျာလည်း သူ့သားလုပ်ရပ်ကြောင့် မမမြင့်ကို မျက်နှာမပြရဲကြရှာပါဘူး။ စိတ်မပူပါနဲ့ မောင်ရယ်။ မောင် မမမြင့်ဆီက ထွက်သွားတယ်ဆိုပေမဲ့ မောင့်မိဘတွေကို မမမြင့်က ကိုယ့်မိဘတွေလိုပဲ စောင့်ရှောက်ပေးမှာပါ။

တွေးမိတွေးရာ တွေးနေရင်း နောက်ဘေးက ဟင်းအိုး ရေခမ်းသံကို မမမြင့် ကြားလိုက်သမို့ အနောက်ဘက် ပြေးသွားလိုက်သည်။ ဒီနေ့ ဟင်းအိုးက

မမမြင့်အတွက် အရေးကြီးသည်။ ညှော်သည် မျှော်နေတာကြောင့်တော့ မဟုတ်ပေ။ မုသားချိုချိုလေးတွေ ပြောတတ်တဲ့ အဲဒီလျှာသားလေးကို မမမြင့် သိပ်မြည်းစမ်းကြည့်ချင်နေတာကြာပြီ မဟုတ်ပါလား။ ဒီနေ့ လျှာသားက အရင်က ဗိုက်သားထက် ပိုချိုနေသည်ဟု ခံစားရသည်။ ဟင်းအိုးထဲ ရေထည့်ပြီး ရေခဲသေတ္တာကို အလွမ်းပြေ ဖွင့်ကြည့်တော့ ရေခဲရိုက်ထားတဲ့ မောင့်မျက်နှာက ပြုံးနေသယောင်ယောင်။ အထဲကလျှာ မရှိတော့သောကြောင့်ထင်သည်။ ပါးစောင်နှစ်ဖက်က အတန်ငယ် ချိုင့်နေ၏။ အပြစ်ကင်းစင်သော မောင့်မျက်နှာလေးကို ကြည့်ပြီး "မောင့်ကို မမမြင့် သိပ်ချစ်တာပဲကွယ်" ဟု မမမြင့် ရေရွတ်လိုက်ပါတော့သည်။

■

(၄) ထက်နောင်

"တီ တီ…တီ တီ…တီ တီ…"

အနက်ရောင် လက်တံရှည်ကလေးက ဒိုင်ခွက်ပေါ်ရှိ နံပါတ် ၅ နှင့် နံပါတ် ၆ ကြားတည့်တည့်သို့ ကျရောက်သွားသည်နှင့် တပြိုင်နက် ညက အသင့်ပြင်ထားသော နာရီကလေးမှ အသံငယ်က မတိုးမကျယ် အသံကလေး ထွက်ပေါ်လာတော့၏။ ထိုအသံအား မောင်ထက်နောင် လျစ်လျူရှုနိုင်ပါမည်လော။

အိပ်မှုန်စုံမွှားဖြင့် ထက်နောင် အိပ်ရာမှ ကမန်းကတန်း ကုန်းရုန်းထလိုက်လေသည်။ ထို့နောက် ချက်ချင်းဆိုသလိုပင် ၃၀၀၀ တန် အလန်း (Alarm) နာရီကလေး၏ နောက်ကျောရှိ မောင်းတံကလေးအား အသံရပ်သွားစေရန် တစ်ဖက်သို့ မောင်းပြန်ချကာ ပိတ်လိုက်၏။ မနက်စောစော အိပ်ရာထရသည်ကို ထက်နောင် မုန်းမိသော်လည်း တစ်ခါတလေတော့ ဒီအလန်းနာရီကလေးကိုပင် ကြံဖန်ပြီး ကျေးဇူးတင်ရပြန်၏။ ဤအလန်းနာရီကလေးကိုပင် ဝယ်ယူနိုင်ရန် သူ အကြိမ်ကြိမ် စဉ်းစားပြီး နေ့စားခထဲမှ တစ်ရက်လျှင် ၅၀၀ ကျပ်ခန့် စုဆောင်းကာ ဝယ်ယူခဲ့ရသည် မဟုတ်ပါလော။ ကုန်စျေးနှုန်း အဆမတန် မြင့်မားလာသည်နှင့်အမျှ နေ့စားခ အဆမတန် လျော့နည်းလာသော အချိန်ကာလတွင် ဤမျှသော ၃၀၀၀ တန် နာရီကလေး ဝယ်ဖို့ကိုပင် အတန်တန် ဆုံးဖြတ်ချက် ချရသည်မှာ ထက်နောင်အတွက် အဆန်းမဟုတ်ချေ။ နာရီဖိုး ၃၀၀၀ အပြင် ဓါတ်ခဲဖိုးကပါ ၄၀၀ ထပ်မံကုန်ကျသောကြောင့် ကိုယ့်ကိုယ်ကိုယ် ကျိန်ဆဲမိခြင်းကိုလည်း သူ မှတ်မိသေး၏။

အိပ်ရာသိမ်း၍ မျက်နှာသစ်ကာ ကိုယ့်လက်သန့်စင်ပြီးလျှင် ထက်နောင် မီးဖိုချောင်ခန်းဝင်ကာ မနက်စာ ရှာပုံတော် ဖွင့်လေတော့သည်။ မီးဖိုခန်းဆိုသည်မှာလည်း ကိန်းကြီး ကနားကြီး မဟုတ်။ ၈ပေပတ်လည် ကျယ်ဝန်းသော အခန်းကျဉ်းကလေး၏ ခြေရင်းထောင့်တစ်နေရာသည် သူ၏ မီးဖိုချောင်သာ။ အဖေ မဆုံးခင်ကတည်းက သူတို့တစ်မိသားစုလုံး ဒီအခန်းကျဉ်းလေးထဲမှာ စုစုရုံးရုံး နေလာခဲ့သည်မှာ ကြာပြီဖြစ်၏။ အမေကလည်း လေတစ်ခြမ်းဖြတ်နေသည်မို့ ဘယ်ဘက်တစ်ခြမ်းလုံး မလှုပ်နိုင်သော်လည်း အိမ်မှုကိစ္စအဝဝကို တတ်နိုင်သလောက် လုပ်နေမြဲသာ။ ထက်နောင်အထက်က အစ်ကိုကြီးဖြစ်သော သက်အောင်ကလည်း ငယ်ငယ်ရွယ်ရွယ်နှင့် မိန်းမ အရစောပြီး အမေ့အိမ် အခန်းကျဉ်းလေးတွင်သာ သောင်တင်နေသဖြင့် ထို ၈ ပေပတ်လည် အခန်းကျဉ်းလေးသည် ထက်နောင်တို့ မိသားစု ၅ ယောက်အတွက်

နတ်ဘုံနတ်နန်းတမျှ သာယာလုံခြုံမှုကို ပေးစွမ်းခဲ့သော နေရာပင်ဖြစ်၏။

ကိုဗစ်မတိုင်ခင် ၂၀၁၉ တွင် အဖေဆုံးသည်။ ထက်နောင် မျက်ရည်တစ်စက်ပင် မကျခဲ့ချေ။ အဖေ မရှိတော့သည်မို့ မိသားစုအတွက် ထူးထူးခြားခြား ပြောင်းလဲသွားသည်ဟူ၍ မရှိ။ အဖေက အရက်၏ ကျေးကျွန်ဖြစ်နေခဲ့သည်မှာ နှစ်ပေါင်းများစွာပင် ကြာခဲ့ပြီ မဟုတ်ပါလော။ နှစ်ချီကာ သောက်လာခဲ့သော အရက်က နောက်ဆုံးတွင် အဖေ့ကို ပြန်သောက်ကာ အနိုင်ပိုင်းသွားခဲ့ခြင်းသာ။ သို့သော် အဖေ့ကောင်းမှုကြောင့် ထက်နောင် အဖေ့အသိမိတ်ဆွေတစ်ဦး၏ အလုပ်တွင် နေ့စားအလုပ်တစ်ခု ရခဲ့သည်ကိုတော့ ကျေးဇူးတင်မိပါ၏။ ပန်းဘဲတန်းမြို့နယ်၊ လမ်း ၃၀ အောက်လမ်းတွင် ထက်နောင်ကို တွေ့နိုင်သည်။ အဖေ့သူငယ်ချင်း တရုတ်စပ် သူဌေးသည် ထိုလမ်းထဲတွင် ပလာတာဆိုင် ဖွင့်သဖြင့် ထက်နောင်လည်း မီးဖိုချောင်အကူအနေဖြင့် အလုပ်စလုပ်ခဲ့ရင်း အခုဆိုလျှင် ကိုယ်တိုင် ဂျုံနယ်ကာ ပလာတာကြော်တတ်နေပြီဖြစ်သည်။

ညကကျန်သော ထမင်းကြမ်းအေးနှင့် အသားဖတ် မကျန်တော့သော ငါးဝက်မဟင်းအနှစ်ကိုနယ်ကာ ထက်နောင် မနက်စာကို မြန်မြန်ဆန်ဆန် ဖြေရှင်းလိုက်သည်။ ထို့နောက် ရှိရှိသမျှ အလှအပတို့ဖြင့် ဖီးသင် လိမ်းကျံကာ ထက်နောင် အလုပ်သွားဖို့ ပြင်လိုက်ရလေသည်။ အများတကာလို မျက်နှာလိမ်းဆေး၊ ရေမွှေး၊ ပေါင်ဒါစသည်တို့ ထက်နောင် မသုံးတတ်ပေ။ သို့သော် ကျောင်းသားဘဝကတည်းက တစိုက်မတ်မတ် သုံးစွဲလာခဲ့သော ခေါင်းလိမ်းဂျယ်ကိုတော့ ထက်နောင် စွဲစွဲမြဲမြဲ လိမ်းကျံနေကြဖြစ်သည်။

ထက်နောင်သည် ရွှေပြည်သာတွင် နေသည်မို့ ပန်းဘဲတန်းကို အနည်းဆုံး ကား ၂ ဆင့်ခန့် စီးရလေသည်။ ဗိုလ်တထောင်သို့ ပြေးဆွဲသော နံပါတ် ၆၅ ကို စီးပါက မြေနီကုန်းရောက်လျှင် ရန်ကုန်ဘူတာကြီးသို့ ဆိုက်သော ၇၈ သော်လည်းကောင်း၊ ဆူးလေသို့ ဆိုက်သော ၁၀၅ ကို သော်လည်းကောင်း ပြောင်းစီးနိုင်၏။ သို့သော် ကားခသည် ၆၀၀ ခန့် ကျနေပေလိမ့်မည်။ သို့လျှင် အသွားအပြန် ၁၂၀၀ ခန့်ပင် ကုန်ကျမည်ချိမ့်။ နေ့စားခ ၅၀၀၀ ထဲမှ ၁၂၀၀ ခန့် အလဟဿ ထက်နောင် မသုံးချင်ပေ။ ထို့ကြောင့် ထက်နောင်သည် သူနေထိုင်ရာ အငှားအိမ်တန်းလေးမှ မိနစ် ၂၀ ခန့် လမ်းလျှောက်ကာ ပတ္တမြားဈေးသို့ လာရောက်၍ သခင်မြပန်းခြံသို့ ပြေးဆွဲသော နံပါတ် ၄၀ ကားကို စောင့်စီးရလေသည်။ သခင်မြပန်းခြံမှ ၅၈ သို့မဟုတ် ၅၇ ကို စီးရင် ၁၀၀ ကျပ်ဖြင့် ဆူးလေထိ ရောက်နိုင်သည်။ သို့ဆိုလျှင် အလုပ်မှ အိမ်ကို ၈၀၀ ကျပ်ဖြင့် အသွားအပြန် လုပ်နိုင်သည်သာ။

မနက်စာ လွေးပြီးသည်နှင့် တပြိုင်နက် ထက်နောင် ဘုရားစင်ရှေ့တွင်

မတ်တပ်ရပ်ကပင် ဦးသုံးကြိမ်ပေါက်၍ အိမ်ရှေ့တံခါးဝအနီးတွင် ခြေကားလျား၊ လက်ကားလျားဖြင့် အိပ်မောကျနေသော အစ်ကိုဖြစ်သူ လင်မယားၡ၏ ခြင်ထောင်ကို ကျော်ခွကာ ကားဂိတ်ဘက်ဆီသို့ ထွက်လာခဲ့တော့၏။ မနက်မိုးသောက် ၆ နာရီခွဲ ရှိပြီဖြစ်သော်လည်း ရွှေပြည်သာမြို့ကလေးသည် အပူအပင် မရှိသည့်အလား အိပ်မှုံစုံမွှားဖြင့် အိပ်မောကျလျက်ရှိနေမြဲပင်။ သို့သော် ထမင်းချိုင့်ကလေးကိုယ်စီဖြင့် လှလှပပ ဝတ်စားဆင်ယင်ကာ အစုစု ချီတက်လာကြသော မိန်းကလေးအုပ်ကို သူမြင်လိုက်ရလေသည်။ ထိုသူတို့မှာ အခြားမဟုတ် ထက်နောင်တို့နေသော နေရာမှ မနီးမဝေးရှိ အဆောင်မှ ရခိုင်တိုင်းရင်းသူလေးများပင် ဖြစ်ပေချိမ့်။ မကြာသေးသော ကာလကပင် စက်မှုဇုံများပြားလှသော ရွှေပြည်သာ ဆင်ခြေဖုံးရက်ကွက်ကလေးဆီသို့ ၎င်းတို့ကဲ့သို့ တိုင်းရင်းသူလေးများ ရွှေ့ပြောင်းလုပ်ကိုင်မှု များပြားလာခဲ့ကြသလို ယခင်က အေးဆေး ဆိတ်ငြိမ်လှသော ဆင်ခြေဖုံးမြို့လေးသည်လည်း ရခိုင်တိုင်းရင်းသားတို့၏ လေသံဝဲဝဲဖြင့် ဝေဆာလာသည်မှာ ထက်နောင် မျက်မြင်ပင်။ ထိုတိုင်းရင်းသူလေးများကို ကြည့်ရသည်မှာ အတန်းကျောင်းစာလည်း တတ်မည့်ပုံ မပေါ်ပါချေ။ သို့သော် သူတို့၏ အထည်ချုပ်အလုပ်အကိုင်က အင်မတန်ပင် ဝင်ငွေကောင်းလှ၏။ အလုပ်အကိုင်ဆိုသည်မှာလည်း မိန်းကလေးတယောက်အတွက် ပေါလှသည် မဟုတ်ပါလော။ ၇ တန်းမျှသာ အတန်းကျောင်းနေဖူးသော ထက်နောင်အဖို့တော့ ပိန်လှီသော ခန္ဓာကိုယ်ကိုသာ အားပြု၍ ယခု နေ့စားအလုပ်ကလေးကိုပင် တစိုက်မတ်မတ် လုပ်ကိုင်နေရသည်ကိုပင် ကျေးဇူးတင်မဆုံးမိပေ။

ကားဂိတ်သို့ရောက်ပြီး မကြာခင်မှာပင် အမှတ် ၄၀ ကားက ပန္တျမြားဈေးသို့ ဆိုက်ရောက်လာလေသည်။ သို့နှင့် ထက်နောင်လည်း ခပ်သုတ်သုတ်ပင် ကားပေါ်သို့ ပြေးတက်ကာ လက်ထဲတွင် ကျစ်ကျစ်ဆုပ်ကိုင်ထားသော ၂၀၀ တန် တစ်ရွက်နှင့် ၁၀၀ တန် အနွမ်းကလေးအား ကားဆရာဘေးရှိ ခြင်းတောင်းထဲသို့ လှစ်ခနဲ ပစ်ထည့်ကာ နောက်ဆုံးခုံ၌ နေရာယူလိုက်တော့၏။ သူ့ထက်အရင် ကားပေါ်တွင် နေရာယူထားသော ခရီးသည်အချို့ကို ထက်နောင် တစ်ချက် ဝေ့ကြည့်မိသည်။ ဒညင်းကုန်းဈေးသို့ ဈေးကြိုရန်သွားသော ဈေးသည်အဖွဲ့မှ ကြိမ်ခြင်းတောင်း ခပ်ကျယ်ကျယ်ကို ကိုင်သူကကိုင်၊ တံပိုးတုတ်ကို ထောင်ထားသူကထောင်နှင့် အသင့်လိုက်လာကြသည်မှာ စစ်တိုက်ထွက်လာကြသော သူရဲကောင်းကြီးများနှင့်ပင် တူသေး၏။ ကားရှေ့ခုံနားမှ ကုမ္ပဏီ ယူနီဖောင်း ဝတ်ဆင်ထားသော မိန်းမငယ်၊ ယောကျ်ားငယ်ကလေးများကို ကြည့်ပြန်တော့လည်း တမျိုး စိတ်ရွှင်လန်းရပြန်သည်။ အမျိုးသမီးငယ်တို့သည် သံချေး တက်နေသော နိုင်ငံခြားတံဆိပ် တပ်ဆင်ထားသည့် စလင်းဘတ်အိတ်ကို ကျကျနနလွယ်၍ ပင်ကိုယ် ဆံပင်အနက်ကို အလယ်မှ ရွှေရောင်ကလေး ဆိုးထားပြီးလျှင် ကြည်နူးဖွယ် ရေမွှေးဆွတ်ထားသည်မို့ ဖြူစင်ဝင့်ဝါလှသော သူတို့၏အသွင်မှာ ယိုးဒယားသူလေးများအလားပင်။ အမျိုးသားငယ်တို့မှာ လည်း အနက်ရောင်

ဝေဖာသား ယူနီဖောင်းကို စတိုင်ပင်အနက်ဖြင့် တွဲဖက်ပြီးလျှင် သားရေသားဟု ထင်ရလောက်သည့် ကြိုးသိုင်းရှုးဖိနပ်နှင့်မို့ သူတို့၏ အဆင်အပြင်မှာ နိုင်ငံခြားပြန်ဟုပင် ထင်ရလောက်ပေစိမ့်။ ထိုသူတို့ ရွှေပြည်သာမှာ နေထိုင်သည်ကို အဘယ်သူက ယုံနိုင်ပါအံ့နည်း။

ပတ္တမြားဈေးမှကျော်၍ ထန်းခြောက်ပင်၊ ကားလေးဂိတ်၊ ၈၁၊ ပျော်ဘွယ်၊ ပုလဲလမ်း၊ ဘုန်းကြီးကျောင်း စသည့်ဂိတ်များကို ကျော်ဖြတ်ပြီး ၁၄ လမ်းဆုံရောက်လျှင် စက်ရုံအလုပ်သမား တော်တော်များများ ကားပေါ်မှ ဆင်းသွားကြပြီး မြို့ထဲသို့ ခရီးဆက်မည့်သူများကလည်း တဖန် ကားပေါ် တက်လာကြကုန်၏။ တစ်ယောက်ဆင်း၊ တစ်ယောက်တက်ဖြင့် ကားပေါ်တွင် ချောင်လိုက်၊ ကြပ်လိုက် ဖြစ်နေသည်ကို မြင်ရသည်မှာ တရားရဖွယ်ပင်။ လူ့ဘဝဆိုသည်မှာလည်း ဤကဲ့သို့ပင် နိမ့်လိုက်၊ မြင့်လိုက်၊ အောင်မြင်လိုက်၊ ကျရှုံးလိုက်နှင့်ပင် ဆက်လက် ရှင်သန်နေကြရသည် မဟုတ်ပါလော။

မိုးစင်စင်လင်းလာပြီမို့ထင်သည်။ ၁၄ လမ်းဆုံ ပြီးနောက် ဒညင်းကုန်းဈေးကို ကျော်၍ အင်းစိန်မြို့နယ်တွင်းသို့ ရောက်လျှင် ဆိုင်ခန်းကလေးများ ပြူတစ် ပြူတစ်နှင့် စတင် အသက်ဝင်လာကြသည်ကို ထက်နောင်တွေ့လိုက်ရသည်။ ကားပေါ်တွင် နေရာရ၍ တော်သေး၏။ မကြာခင် ခရီးသည်များဖြင့် ကြပ်ညပ်နေတော့မည့်အရေးကို တွေး၍ သူ့စိတ်ထဲ မသက်သာလှပေ။

“ဟယ်… အစ်မ။ အခုမှ ထွက်လာတာလား။ နောက်တောင်ကျနေပြီ”

“အေးပေါ့ဟယ်။ နင့်လို တစ်ယောက်တည်းသမားမှ မဟုတ်တာအေ့။ အိမ်မှာက အစောကြီးထပြီး ချက်ပြုတ် ပြင်ဆင်ရသေးတယ်။ ပြီးတော့ အငယ်မကလည်း သီတင်းကျွတ်မတိုင်ခင် စာမေးပွဲ ဖြေနေရတော့ သူ့ကိုပါ တစ်ခါတည်း ကျောင်းပို့ပြီးမှ ထွက်လာရတာပဲဟယ်”

ထက်နောင်အရှေ့ခုံမှ ခေါင်းရွက်သည် နှစ်ဦး တွတ်ထိုးနေကြလေသည်။ အိမ်ထောင်သည်ဟု ထင်ရလောက်သော ဝဝဖိုင့်ဖိုင့် အမျိုးသမီးကြီးက အိမ်ကိစ္စငြီးရသည်မှာ အကျင့်ပါနေသည့်ပုံပင်။ ဘေးက လောက္ကတ်ပြုသော ခပ်ပိန်ပိန် အမျိုးသမီးကိုပင် အိမ်ထောင်မရှိရကောင်းလောဟု ပြောရင်းဆိုရင်း မသိမသာ ထေ့လိုက်သေး၏။ ထို့နောက် ခပ်ဝဝ အမျိုးသမီးက ပေါင်ပေါ်ရှိ ဗန်းကို လွှမ်းအုပ်ထားသော ပလတ်စတစ်စကို ဆွဲဖယ်ကာ အိမ်မှ အသင့်ထုပ်ပိုးလာခဲ့သော ကောက်ညှင်းပေါင်းထုပ် ၅ ထုပ်ခန့်ကို လက်တွင် သီ၍ “မနက်စာ အဆာပြေ ကောက်ညှင်းပေါင်းကလေး ရမယ်နော်။ ပူပူလေးပဲ ရှိသေးတယ်။ ကောက်ညှင်းနပ်လိုက်တာမှ လက်ထိုးပြီးတောင် ပြန်ထုတ်မရဘူး” ဟုလည်း

အာပေါင်အာရင်းသန်သန် စျေးခေါ်လိုက်သေးသည်။ မကြာလိုက်ပါချေ။ ရှေ့နောက် ခရီးသည်တို့၏ အားပေးမှုကြောင့် ခဏတွင်းချင်းပင် ၁၀ ထုပ်ခန့် ရောင်းထွက်သွားလေသည်။ ကောင်းညွှင်းပေါင်း ရောင်းရငွေ အကြွေအနွမ်းလေးများကို ကိုင်ကာ အမျိုးသမီးကြီးက စျေးဗန်းနှုတ်ခမ်းကို ရိုက်၍ ပါးစပ်မှ ပွစိပွစိဖြင့် ဆုတောင်းလိုက်ပြန်၏။ ဘေးက ခပ်ပိန်ပိန် အမျိုးသမီး၏ ရောင်းကုန်မှာကား ကုန်စိမ်းဖြစ်တန်ရာ၏။ သူကဖြင့် မလှုပ်မယှက် ခပ်ဆိတ်ဆိတ်သာ ဘေးကလိုက်လာလေသည်။

ဒညင်းကုန်း၊ ဖော့ကန်စျေး၊ ပြည်တော်သာ၊ ပေါက်တောဝတို့ကို ကျော်၍ ဘုရင့်နောင် တံတားကြီးကို ဖြတ်လတ်သော် ထက်နောင်ဘေးသို့ အမျိုးသမီးငယ်ကလေးတစ်ယောက် ထမင်းချိုင့်ကို လက်တစ်ဖက်က ကိုင်ဆွဲကာ ကျန်တစ်ဖက်ကမူ ထီးကိုကိုင်၍ ရပ်နေလေတော့သည်။ သခင်မြပန်းခြံသို့ ရောက်ရန် ၄၅ မိနစ်ခန့် လိုသေးသဖြင့် ထက်နောင် ထိုမိန်းကလေးကို နေရာ ထ,မပေးလိုချေ။ သို့သော် ယောကျ်ားကြီးတန်မဲ့ ပြဲပြဲကားကားကြီး ထိုင်နေရမှာလည်း သူ စိုးရွံ့ပြန်၏။

“ကိုင်ပေးထားရမလား ခင်ဗျ”

ထက်နောင် မိန်းကလေးလက်မှ ထမင်းချိုင့်ကို လက်ညှိုးထိုး၍ပြောလိုက်သည်။ မိန်းကလေးမှလည်း ပြုံး၍ ထိုးပေးလိုက်၏။ မက်စ် (mask) ဝတ်ဆင်ထားသောကြောင့် ထို မိန်းကလေး အမှန်တကယ် ပြုံးပြသလားဆိုတာတော့ ထက်နောင် အတပ်မပြောနိုင်ချေ။ မိန်းကလေးထံမှ ထမင်းချိုင့် လွှဲပြောင်းယူလိုက်သော ထက်နောင်ကို ထိုမိန်းကလေး၏ ဘေးကပ်ရပ်နေသော အမျိုးသားက စူးစူးရဲရဲ ကြည့်လိုက်သေးသည်။ ဒါကိုတော့ ထက်နောင် မမြင်လိုက်ပါချေ။

မကြာခင် နှာခေါင်းထဲ အညှီအဟောက်နံ့ ရလာသဖြင့် ငါးစျေးရောက်ပြီမှန်း ထက်နောင် သိလိုက်သည်။ သို့ဆိုလျှင် များမကြာမီ ရွာမကွေ့၊ ရေကြောင်း၊ သဘော်ကျင်းအထိပါ ရောက်တော့မည်ဖြစ်သည်။ လှိုင် ကမာရွတ်လမ်းပေါ်ရှိ လူစည်ကားလှသော လှည်းတန်းသို့ သွားလိုသူများသည် ထို သဘော်ကျင်းမှတ်တိုင်တွင်ဆင်း၍ ဂရန်းဟံသာ ဆေးရုံထိ ဆက်လျှောက်ပြီးလျှင် ဘက်ဘက်သို့ကွေ့ကာ တည့်တည့်လျှောက်သွားပါက လှည်းတန်းလမ်းဆုံသို့ တိုက်ရိုက်ရောက်နိုင်ပေသည်။ စောစောကမိန်းကလေးလည်း သဘော်ကျင်းသို့ ရောက်လျှင် ထမင်းချိုင့် ပြန်တောင်းယူ၍ ဘေးကအမျိုးသားနှင့်အတူ ကားပေါ်မှ ဆင်းသွားသဖြင့် ထက်နောင် စိတ်လက်ပေါ့ပါးစွာ ကားဆက်စီးခဲ့ပြန်၏။

ဆင်မလိုက်၊ နတ်စင်လမ်းကို ကျော်လျှင် ဗဟိုစံပြငါးစျေးသို့

ရောက်လေသည်။ ပုပ်အက်နံ့စော်လှသော ဈေးရှေ့ရှိ စားသောက်ဆိုင်လှည်းကလေးများတွင် မနက်စာ စားသုံးနေကြသောသူများ ကြိတ်ကြိတ်တိုးနေသဖြင့် ထက်နောင် အံ့ဩမဆုံးပေ။ အဘယ်မျှ အစွမ်းထက်သော နှာခေါင်းမျိုးကို ထိုသူတို့ ပိုင်ဆိုင်ထားပါသနည်း။ တွေးမဆုံး၊ အံ့မဆုံးနိုင်စရာ အတိဖြစ်ပေသည်။ သမုဒ္ဒရာ ဝမ်းတစ်ထွာ ဆို၍သာ တော်သေးသည်။ ထိုဝမ်းတစ်ထွာကို ဖြည့်ဆည်းရန် ဆင်းရဲဒုက္ခကြီးစွာ ခံရပုံကို မြင်ယောင်မိတိုင်း ထက်နောင် လောကီရေးရာတို့ကို စွန့်၍ စစ်ကိုင်းချောင်သို့ ပြေးကာ လောကုတ္တရာအရေးတို့ကိုသာ ကြိုးစား အားထုတ်လိုက်ချင်နေမိတော့သည်။

အမှတ် ၄၀ ကားကြီး လမ်းမဆုံးသေးပါချေ။ အသွင်သဏ္ဌာန်မျိုးစုံနှင့် အရွယ်အစား စုံလင်လှသော လူတို့သည်လည်း တက်လိုက်၊ ဆင်းလိုက်နှင့်ပင် ဝမ်းရေးအတွက် စစ်တိုက်ထွက်နေကြဆဲပင်။ ၇နာရီခွဲဝန်းကျင်ရှိပြီမို့ထင်သည်။ မြို့အတွင်းပိုင်းသို့ ရောက်လာလေ ကုမ္ပဏီဝန်ထမ်းဟု ထင်ရလောက်သော ရုပ်ရည်သားနားသူတို့ကိုသာ ခပ်စိပ်စိပ် တွေ့လာရ၏။ မကြာမီမှာပင် ကြည့်မြင်တိုင်ညဈေး၊ သီရိမင်္ဂလာဈေးဟောင်းကို ဖြတ်ပြီးလျှင် အလုံမြို့နယ်ထဲသို့ ဝင်ရောက်ကာ ဆင်မင်းဈေး၊ ဒန်အိုးစက်၊ သစ်တောအထိပင် ခရီးရောက်လာခဲ့တော့သည်။

ထော်လီကွေ့သို့ ရောက်လေသော် ထက်နောင်လည်း အင်္ကျီရင်ဘတ် အိပ်ကပ်ထဲရှိ ၁၀၀ တန် ငွေစက္ကူလေးကို တစ်ချက် စစ်ကြည့်မိလိုက်သည်။ မကြာခင် သူ့ကို အသုံးပြုပြီး ဆူးလေဆီ ခရီးဆက်ရမည် မဟုတ်ပါလား။ သခင်မြပန်းခြံသို့ ကားဆိုက်သည်နှင့်တပြိုင်နက် ထက်နောင်လည်း ကားပေါ်မှ အများနည်းတူ ကသုတ်ကရိုက် ဆင်းပြေးကာ တစ်ဖက်လမ်းသို့ကူး၍ ကြက်သွေးရောင် သမ်းနေသော ၅၈ ဟူသည့် ကားကြီးပေါ်သို့ ပြေးတက်ကာ မိန့်မိန့်ကြီး ထိုင်လိုက်ပြန်၏။ သခင်မြပန်းခြံမှ ဗိုလ်တထောင်သို့ ပြေးဆွဲသော ယာဉ်တန်းများဖြစ်သည့် ၅၆၊ ၅၇ နှင့် ၅၈ တို့သည် ကားခ ၁၀၀ ကျပ်မျှသာ ကျသင့်ရုံမျှမက အဲယားကွန်းကလေးနှင့် ဖြစ်သဖြင့် သူ အလွန် သဘောကျလေသည်။ မြို့နေလူတန်းစားများ ဟန်ကျပါလိမ့်။ အချို့သော ကားစီးသူများသည် ပလပ်စတစ်အဝါကတ် ကလေးများဖြင့် ကားပေါ်ရှိ စက်အမည်းကလေးကို တီခနဲနေအောင် ကပ်ပြီး ဒီဂျစ်တယ်နည်းပညာဖြင့် ငွေပေးချေကာ ကားစီးတတ်ကြပါသေးသည်။ ထိုကတ်ကလေး၏ တန်ဖိုးပင်လျှင် ၂၀၀၀ ကျပ် ရှိသောကြောင့် ၃၀၀၀ တန်နာရီတလုံးကို စုဝယ်ခဲ့ရသော ထက်နောင်အတွက် မဟန်လှပေ။

၅၈ ကားကလေးလည်း သခင်မြပန်းခြံမှထွက်၍ မော်တင်၊ လမ်းမတော်၊ လသာ စသည့် မြို့နယ်များကို ဖြတ်သန်းကာ မောင်းနှင်လာလေတော့သည်။

မြို့လယ်ခေါင်မို့ထင်သည်။ ထက်နောင် မြင်မြင်သမျှ လူတို့သည် တရုတ်လူမျိုး သို့မဟုတ် ကုလားလူမျိုးများသာ များပြားလှသည်။ ဗမာလူမျိုးတို့မှာ အစုအဆောင်းထက် အသုံးအဖြုန်းတွင်သော ဝါသနာကြီးလှသောကြောင့် စုတ်စုတ်ပြတ်ပြတ်ဖြင့် ဆင်ခြေဖုံးရက်ကွက်တွင်သာ နေထိုင်နိုင်ကြ၏။ စစ်စစ်ဆိုလျှင် ထက်နောင်၏ သူဌေးသည်ပင်လျှင် တရုတ်လူမျိုးစပ် မဟုတ်ပါလော။ ၅၈ ကားကလေး၏ ခရီးလမ်းကြောင်း တိုလှသော်လည်း မြို့နေလူတန်းစားတို့၏ ပျင်းရိမှုကြောင့် အတော်လေး လူကျလှသည်။ ၎င်းတို့ကို ကြည့်ရသည်မှာ အရှေ့အပေါက်မှတက်၍ အနောက်အပေါက်မှ ချက်ချင်း ပြန်လည် ဆင်းသက်နေကြသောကြောင့် တစ်မှတ်တိုင်စာပမာဏကို ခြေထောက်မသုံးဘဲ ပိုက်ဆံသုံးရန်ကော ဟု ထက်နောင် တွေးမိပြန်၏။ သို့သော် ခရီးသည်အားလုံးသည် ၎င်းကဲ့သို့ နေ့စားလုပ်ငန်းဖြင့် အသက်မွေးရခြင်း မဟုတ်သည်ကို သူ မေ့လျော့ပေနေသည်။

သိမ်ကြီးဈေးသို့ ရောက်သော် ထက်နောင်လည်း အများနည်းတူ တိုးဝှေ့ကာ ကားပေါ်မှ ဆင်းလိုက်သည်။ ယခင်ကဆိုလျှင် သူသည် ဆူးလေအထိ လိုက်ပါစီးနင်း၍ တန်ခိုးကြီးမားလှသော ဆူးလေဘုရားကြီးကို ဖူးမြော်ပြီးမှသာ လမ်း ၃၀ ဘက်သို့ လမ်းလျှောက်တတ်သည်။ သို့သော် ယမန်နေ့ကပင် ဆူးလေ မြို့တော်ခန်းမတွင် ကားမရပ်ရဟူသော အရေးပေါ် အမိန့်ကြေငြာချက် ကြောင့် ပန်းဆိုးတန်းထိ လိုက်ပါစီးနင်းကြရသဖြင့် လမ်းလျှောက်ရသည့် အကွာအဝေးမှာ မနိုပ်လျချေ။ ထို့ကြောင့် သူသည် သိမ်ကြီးဈေးမှတ်တိုင်တွင် ဆင်းကာ လမ်းလျှောက်ဖို့ ဆုံးဖြတ်ခဲ့လေသည်။ ၈ နာရီဝန်းကျင်မို့ ရွှေဆိုင်များမှအပ အခြား ပုံ့ကျဆိုင်ကလေးများ ကိုယ်စီကိုယ်စီ လူကျနေပေ၏။ ရှေ့သို့ ဆက်လျှောက်သော် ၂၇ လမ်း၊ ထိုမှ တဖန် ၂၈ လမ်းနှင့် ရွှေဘုံသာလမ်းတို့ကို ဖြတ်ကျော်ပြီးလျှင် ၂၉ လမ်းအထိ ရောက်ရှိလာသောအခါ ထက်နောင်ရင်ထဲ လေးလံလာခဲ့လေတော့သည်။ အလုပ်ဆိုသည့်တာဝန်ကို သူခံစားလာမိတော့၏။ သို့သော် သူ့တွင် ချီသည်၊ ခါးသည် ဆုံးဖြတ်ပိုင်ခွင့် မရှိပါပေ။ လမ်းတလျှောက်တွင် သူ့ထက်ပင် ဖွဲကောင်းလှသော ကလေးတချို့နှင့် လူတချို့ တောင်းရမ်း စားသောက်နေကြသည်ကိုလည်း ထက်နောင် တွေ့ရသေး၏။ သူတို့မလည်း သူတို့အပူနှင့် ရှိကြပေမည်။

မဟာဗန္ဓုလလမ်းပေါ်မှ လမ်းလျှောက်လာသည်မို့ လမ်း ၃၀ ထဲသို့ ကွေ့ဝင်လိုက်သည်နှင့် အောက်ဘလောက်သို့ ရောက်ပြီဖြစ်သည်။ လမ်းကလေး၏ ဘယ်ဘက်ခြမ်းတွင် ပလာတာဆိုင်၊ အသုပ်ဆိုင်၊ ထမင်းဆိုင်၊ လက်ဘက်ရည်ဆိုင် စသည့် ပုံ့ကျဆိုင်ကလေးများက လမ်းကို ၃ ပုံ ၁ ပုံ ပိုင်းကာ နေရာယူထားပြီး အိမ်စီးကားများ၊ တက္ကစီများကလည်း အသီးသီး နေရာယူထားကြသည်မို့ လမ်းကလေးခမျာ လူသွားလူလာအတွက် အင်မတန် ကျဉ်းမြောင်းနေပေသည်။

ထို့ပြင် လမ်းအတွင်းသို့ ဥဒဟို ဝင်ထွက်သွားလာနေကြသည့် ကားများကလည်း ရှိသေးသမို့ အတော်လေး စည်းကားလှသည်မှာ အမှန်ပင်။

ဈေးဆိုင်တန်းလေးထဲမှ ချွေးတစို့စို့နှင့် ပလာတာကြော်နေသော တရုတ်လေးရှိရာဆီ ထက်နောင် တန်းတန်းမတ်မတ် သွားလိုက်တော့၏။

"ဩော် အေး။ မင်း ရောက်ပြီလား"

တရုတ်လေးက သူ့အား ခရီးဦးကြိုပြု၏။ တရုတ်လူမျိုးများ ချမ်းသာသည်မှာ အံ့ဩဖွယ်ရာမရှိပေ။ သူဌေးကိုယ်တိုင်က သားဖြစ်သူကို ကျောင်းပိတ်ရက်တွင် ကိုယ်တိုင် ပလာတာဝင်ကြော်စေခြင်းဖြင့် လုပ်ငန်းကို လေ့လာခိုင်းနေသည် မဟုတ်ပါလော။

"လူတော့ အတော်ကျနေပြီကွ။ ပါပါးက ဒီနေ့ နည်းနည်း နောက်ကျပြီးမှ လာမယ် ပြောတယ်။ မင်း လက်ဆေးပြီး စားပွဲအရင်ထိုးထားလိုက်ပါလား" ဟု တရုတ်လေးက ဆူပွက်နေသော ဆီအိုးထဲမှ အီကြာကွေးတို့ကို မျက်စိဒေါက်ထောက်ကြည့်ရင်းက ထက်နောင်ကို မပီကလာ ပီကလာဖြင့် ပြောလိုက်သေးသည်။ ဆိုင်ရှိ စားပွဲခုံပုလေးတွင် စားသုံးသူများကလည်း ပြည့်ကြပ်နေ၏။ ထိုသူများမှာ ပလာတာ၊ အီကြာကွေး၊ လက်ဘက်ရည်ဆိုသည့်အရာတို့ကို မနက်တိုင်း အဆာပြေ ဝယ်ယူစားသုံးသူနိုင်များသာ။ ထက်နောင်ခမျာတော့ မနက်စာ အဝယ်ရလွတ်အောင် ညက ကျန်သည့် ထမင်းကြမ်းနှင့်ဟင်းအနှစ်ကိုသာ နှစ်ထောင်းအားရ စားသောက်ခဲ့ရလေသည်။

တစ်ခါတလေ ဒီတစ်သက်တော့ ပလာတာကြော်ရင်း ပြီးရတော့မှာများလားဟု ထက်နောင် တွေးမိပြန်၏။ သို့သော် အနာဂတ်ဆိုသည်မှာ မည်သူမျှ တပ်အပ်ပြောနိုင်သောအရာပင် မဟုတ်ပါလား။ အနားရှိ ပန်းဘဲတန်းမြို့နယ်ကျောင်းကလေးမှ ခေါင်းလောင်းထိုးသံကို ကြားပြီးသည်နှင့် တပြိုင်နက် ကျောင်းသား၊ ကျောင်းသူတို့၏ စာအံသံတို့က တလုံးတခဲတည်း ပွင့်ထွက်လာကြတော့၏။ ထက်နောင်လည်း ဆိုင်လေးအတွင်းရှိ စားသုံးသူများအား ပလာတာ၊ အီကြာကွေး၊ စမူဆာတို့ကို လက်မလည်ရအောင် စားပွဲထိုးရင်း ရှိနေပေတော့သည်။ ထက်နောင် ခေါင်းထဲတွင်တော့ ညနေ ရွှေပြည်သာ အပြန်ခရီးကို ဈေးအသက်သာဆုံးနှင့် အမြန်ဆုံး ပြန်နိုင်ရန် နည်းဗျူဟာများကိုသာ တွေးတော စဉ်းစားနေပေချိမ့်။

■

(၅) လှသဥ္ဇာ

ကျွန်မနှင့် ခင်မြင့်ဦးတို့က ငယ်ငယ်ထဲက သိကျွမ်းလာခဲ့တဲ့ သူငယ်ချင်း အရင်းကြီးတွေပါ။ သန်းသန်းဆင့်နှင့် လှသဥ္ဇာတို့ကလည်း ကျွန်မတို့ကဲ့သို့ပင်။ အခု တက္ကသိုလ်ရောက်တော့ ကျွန်မတို့ လေးယောက်စလုံးက မေဂျာတူသမို့ သူငယ်ချင်းတွေ ဖြစ်လာရပါသည်။ သူငယ်ချင်း လေးယောက်ထဲမှာ အတန်ငယ်လှတဲ့ လှသဥ္ဇာနဲ့ ခင်မြင့်ဦးတို့က နောက်ပိုင်းမှာ ပိုပြီး အတွဲညီလာခဲ့သည်။ သူတို့က ယောက်ျားလေးကိစ္စနှင့် ပတ်သတ်လျှင် စိတ်တူကိုယ်တူ ရှိကြသကိုး။ ကျွန်မနှင့် သန်းသန်းဆင့်တို့ကတော့ ပထမနှစ်ကနေ ယခု တတိယနှစ်အထိ ပုံမှန်အတိုင်းပင်။ အတန်းတက်လျှင်တက်၊ မဟုတ်လျှင် အဆောင်ပြန်နေကြရင်းပင် တက္ကသိုလ်ဘဝကို ကုန်ဆုံးခဲ့ကြသည်သာ။

လှသဥ္ဇာက နာမည်နှင့် လိုက်ဖက်အောင် ရုပ်ကလေးလှပြီး သာမန် မိန်းကလေးများကဲ့သို့ အရပ်ရှိသည်။ ခင့်မြင့်ဦးက အရပ်ပိုရှည်သည်။ အမှန်တိုင်းဆိုလျှင် သူကလေးက ကျွန်မတို့ လေးယောက်အဖွဲ့မှာ အရပ်အရှည်ဆုံးပင်။ ထိုအရပ်ကြောင့်ပင် သူ့အလှကို ပေါ်လွင်စေသည်ဟု ကျွန်မထင်မိသည်။ သန်းသန်းဆင့်ကတော့ နယ်ကနေ ကျောင်းလာတက်သူဖြစ်သည်။ တောသူဖြစ်သည့်အလျောက် ပြင်ပြင်ဆင်ဆင် သိပ်မရှိပဲ စာအုပ်စာပေ အလွန်ခုံမင်သူကလေး ဖြစ်ကာ စကားနည်းသည်။ လှသဥ္ဇာကတော့ တောသူဖြစ်သော်ငြား သုံးနိုင်စွဲနိုင်ထဲက ဖြစ်ပုံရသည်။ သူက အမြဲတမ်း ကန်တင်းတွင် နေကုန်ထိုင်လေ့ရှိသည်။ အတန်းရှိလျှင် အတန်းလစ်၍ ထိုင်ကာ တယောက်ယောက်ကို မျှော်နေတတ်သည်။ တခါတော့ ကျွန်မ အရဲစွန့်ပြီး သူ့သဘောကို တီးခေါက်ဖူးသည်။

“အတန်း မတက်ဘူးလား လှရယ်၊ စာမေးပွဲကျတော့ ကြားမကောင်းပေဘူးလား…”

“သြော် မြင့်နှယ်၊ ဘာကို ပူနေရမတုန်း။ အချိန်တန်တော့ ကိုယ်ယူမဲ့ ယောက်ျားက လုပ်ကျွေးမပေါ့…” ဟု ခပ်ပေါ့ပေါ့ ပြန်ဖြေတတ်သည်။ ကျွန်မနာမည် မြင့်မြင့်ခင်ကို သူက ‘မြင့်’ လို့ အဖျားဆွတ်ကာ ခေါ်တတ်လေသည်။

တခါတလေ ကျွန်မ သူ့ကို အားကျမိသည်။ ‘လှ’ သည် ကျွန်မ အမြဲစိတ်ကူးယဉ်ခဲ့ဖူးသော မိန်းကလေးပုံစံဖြစ်သည်။ ကျွန်မ ‘လှ’ ကို လိပ်ပြာလေးတကောင်လို့ တင်စားချင်သည်။ သူမအနားမှာ ဝဲနေတဲ့ ပျားပိတုန်းကို ယောက်ျားတွေကလည်း များရပါလားနော်။ သူကတော့ ထိုယောက်ျားသားတွေ

အလယ်မှာ အရောင်အသွေး စုံစုံလင်လင်နဲ့ တင့်တင့်တယ်တယ်လေး ရှိနေသည်သာ သိပ်ကို ကြည်နူးဖွယ်ကောင်းလှပေသည်။ အဆောင်နေ ကျောင်းသူတွေမို့ ကျွန်မတို့ သူငယ်ချင်းအဖွဲ့ လေးယောက်ပေါင်း အခန်းကျယ်တခန်းရသည်။ နှစ်ထပ်ခုတင်ကြီး နှစ်လုံးနဲ့ အိပ်ရပြန်တော့ ကျွန်မနှင့် ခင့်မြင့်ဦးတို့က တလုံး၊ လှသဥ္ဇာနှင့် သန်းသန်းဆင့်တို့က တလုံးယူကာ နေကြရသည်။ သန်းသန်းဆင့်တွင် ပစ္စည်း၊ ပစ္စယ သိပ်များများ မရှိသော်လည်း စာအုပ်တွေနှင့် စာတိုပေစတွေက တောင်လိုပုံလို့။ လှရဲ့အိပ်ရာပေါ်မှာတော့ မလျှော်ရသေးသော အင်္ကျီ၊ လုံချည်တွေက အထင်းသား တို့လို့တွဲလောင်းရယ်နဲ့ပါ။ သို့သော် လှက အမြဲတမ်း အော်ဒီကလုံးကလေး ဖြန်းလို့ လန်းဆန်းနေတတ်တာမို့ မြင်သူတိုင်း ငေးရမြဲ။ ကျွန်မခမျာတော့ သနပ်ခါးပါးကွက်ကျားနှင့် တောသူရုပ် ပေါက်နေတတ်သည်။ တကယ်လည်း ကျွန်မက တောသူရယ်ပါ။ ကျွန်မက ပြည်ဘက်ကနေ ဆယ်တန်းအောင်တော့ ဦးလေးတော်သူတွေရဲ့ ရွှေဥာဏ်တော်က လင်မြန်မြန်ယူဖို့ ဖြစ်သည်။ အမေကမူ ကျွန်မကို တက္ကသိုလ်အထိရောက်အောင် ပို့ပေးခဲ့သည်။ ဒီလိုနဲ့ ကျွန်မလည်း ရန်ကုန်မြို့တော်က တက္ကသိုလ်ရိပ်ကို နင်းဖြစ်ခဲ့သည်သာ။ ခင်မြင့်ဦးကတော့ ရန်ကုန်တွင် အမျိုးတော်စပ်သူများ ရှိသည်ဟု ဆိုသည်။ သို့သော်လည်း သူငယ်ချင်းတွေနှင့်အတူ လွတ်လွတ်လပ်လပ် နေရအောင်ဟု အကြောင်းပြကာ အဆောင်မှာ လာနေလေသည်။ သူကလေးက သုံးနိုင်ဖြုန်းနိုင်ထဲက ဖြစ်သည့်အလျောက် သူငယ်ချင်းတွေ လိုအပ်တဲ့အချိန်မှာ ပက်ခနဲ ထုတ်ပေးတတ်သူလည်း ဖြစ်ပေသည်။ ဒါကြောင့်လည်း လှသဥ္ဇာနှင့် ခင်မြင့်ဦးတို့ အတွဲညီနေကြသည်ဟု ကျွန်မထင်သည်။ လှက လကုန်ရက်ရောက်တိုင်း ပိုက်ဆံပြတ်ကာ ကသီလင်တဖြစ်တိုင်း ခင်မြင့်ဦးက ထုတ်ပေးနေကျဖြစ်သည်။ တခါတလေ ကျောင်းရှိ စာရွက်စာတမ်းကြေးများ မပေးရသေးခင် လှက အသုံးစရိတ် ပြတ်နေနှင့်ပြီ။ သို့သော်လည်း လှသည် ခင်မြင့်ဦးနှင့် တွဲ၍သော်လည်းကောင်း၊ တကိုယ်တည်းသော်လည်းကောင်း ကန်တင်းတွင် ထီးထီးကြီးရှိကာ တခုခုကို မှျော်နေမြဲ။ လှကိုရှာချင်လျှင် ကန်တင်းကို သွားရှာဖို့သာရှိသည်။

အခုတလော လှသဥ္ဇာတယောက် အရင်ကထက် ပိုမို နုပျိုနေသည်ဟု ထင်ရသည်။ စိတ်ပညာမေဂျာက မောင်မောင်ဦးကလည်း ချောင်းပေါက်မတတ် ရောက်လာတတ်ကြောင်း ကျွန်မ မနေနိုင်မထိုင်နိုင် စနည်းနာမိပြန်သည်။ သိပ်မကြာလိုက်ပါ။ သူတို့နှစ်ဦး မေတ္တာသက်ဝင်နေကြပြီဟု လှက ကျွန်မတို့ကို ဖွင့်ပြောပြလေသည်။ လှတွင် ဉာဉ်တခုရှိသည်။ သူက သူ့ကိစ္စအဝဝကို ကျွန်မတို့ မမေးခင်ကပင် ခရေစေ့တွင်းကျ ကြွားသယောင်ယောင်နှင့် ဖောက်သည်ချတတ်တာပါ။

“ဟို ဆိုက်ကို မေဂျာက မောင်မောင်ဦးပေါ့ကွာ။ မြင့်တို့လည်း သိတယ်မဟုတ်လား။ ကိုယ်နဲ့ တွဲနေတာလေ၊ မကြာပါဘူးကွယ်၊

သူ့အတွေးအခေါ်တွေ မကြိုက်လို့ ဇာတ်လမ်း တခန်းရပ်လိုက်တယ်လေ...” ဟု လှက သူဟာ လွတ်လပ်စွာ တွေးခေါ်တတ်သူ (Free Thinker) လူငယ်တယောက် ဖြစ်ကြောင်း မသိမသာ ပြောလေသည်။

လှရဲ့စကားတွေက ကျွန်မနားထဲ ထူးဆန်းနေတတ်သည်မှာ အမှန်ပင်။ တခါတလေ သူ့ကို လောကကြီးထဲ ပျံဖို့ အဆင်သင့်ဖြစ်နေတဲ့ ငှက်ငယ်လေးလို မြင်မိသည်။ တခါတော့ ကျွန်မနှင့် သန်းသန်းဆင့် စကားလက်ဆုံကျမိကာမှ လှအကြောင်း သိရသည်။ သန်းသန်းဆင့်က လှသဉ္ဇာနဲ့ သူငယ်ချင်း အရင်းကြီးတွေဆိုတော့ ကျွန်မထက် ပိုသိမည်မှာ အမှန်ပင်။ သန်းသန်းဆင့်က နဂိုထဲကမှ စကားနည်းသူမို့ သူ့ဆီက တခွန်းစ၊ နှစ်ခွန်းစ ကြားရသောအခါ မျက်လုံးပြူးမိရပြန်သည်။

သူ့စကားတွေအရ လှသဉ္ဇာသည် သူတို့နေထိုင်ရာမြို့တွင် မထင်မရှား မိသားစုတခုမှဖြစ်သည်။ သို့သော် လှကို မွေးပြီးနောက်ပိုင်း မိသားစုစီးပွားရေးက သိသိသာသာ ထိုးကျသွားတာကြောင့် ခက်ခက်ခဲခဲ ကြီးပြင်းခဲ့ရသည်ဟု ဆိုသည်။ လှ၏အဖေလည်း အရက်ကျေးကျွန်အဖြစ် ဇာတ်သိမ်းခဲ့ပြီး အမေဖြစ်သူ ဒေါ်လှမြိုင်အတွက် လှကလေးသည် တခုတည်းသော မျှော်လင့်ချက်ဟု သိရသည်။ လှတယောက် သူ့အမေရဲ့ဆန္ဒတွေပြည့်ဖို့ စာကြိုးစားပြီး တက္ကသိုလ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ခဲ့လေသည်။ ဒေါ်လှမြိုင်၏ သမီးဖြစ်သူအတွက် တခုတည်းသော ဆန္ဒမှာ တက္ကသိုလ်မြေတွင် လူချမ်းသာတဦးဦးနှင့် တွေ့ဆုံကာ ရွှေပုံပေါ်ထက်ထိုင်ဖို့သာဖြစ်သည်ကို ကြားရသောအခါ ကျွန်မ လှအတွက် စိတ်မကောင်းဖြစ်ရသည်။ ရည်မှန်းချက် ကြီးမားသော ဒေါ်လှမြိုင်တယောက်လည်း နယ်မှာနေရင်း ဆွေမျိုးသားချင်းတွေဆီက ပေးစာကမ်းစာကို စားသောက်ကာ သမီးဖြစ်သူ လင်ကောင်းရရေးအတွက် အတွင်းပစ္စည်းများ ရောင်းချလျှက် ထောက်ပံ့နေသည်ဟု သန်းသန်းဆင့်က အတိအကျ ပြောလေသည်။ တက္ကသိုလ်တွင် နှစ်ကြာလာသည်နှင့်အမျှ စိတ်ကြိုက် လင်တော်မောင် မတွေ့သေးသည့် သမီးကြောင့် ဒေါ်လှမြိုင်ခင်မျာ ရှိရှိသမျှ ပေါင်နှံရောင်းချရင်း ပိုက်ဆံဆက်သလျှက်ရှိမြဲဟု သိရသည်။ သန်းသန်းဆင့်က တနှစ်တခါ သို့မဟုတ် နှစ်ခါခန့် အိမ်ပြန်လေ့ရှိသောကြောင့် ဒီအကြောင်းတွေ သိရမှန်း ကာကွယ်ပြောဆိုလေသည်။ အကြောင်းစုံကို သိရသောအခါ ကျွန်မ လှအပေါ် ပို၍ သနားမိသည်။ တဆက်ထဲမှာပင် ကျွန်မအမေကို သတိရမိသည်။ “အမေ နေရော ကောင်းပါရဲ့လား” ဟု အောက်မေ့မိသည်။ အမေသည် ဆွေမျိုးသားချင်းများ၏အကြံကို ဘေးကန်ကာ ကျွန်မကို တက္ကသိုလ် ပို့ပေးခဲ့သူဖြစ်သည်။ အဖေမရှိသည့်နောက် အမေ့ကို စောင့်ရှောက်ရန် ကျွန်မ ဆုံးဖြတ်ခဲ့သော်လည်း အမေက လက်မခံပေ။ ဦးကြီး ဆွေမျိုးတို့က ကျွန်မကို လင်ယူရန်သာ အားပေးကြသော်လည်း အမေက ကျွန်မကို ထွန်းထွန်းပေါက်ပေါက်

ဖြစ်စေချင်ခဲ့သည်။ လှရဲ့ အမေလိုပင် ကျွန်မရဲ့အမေလည်း ကျွန်မကို လင်ကောင်းသားကောင်း ရစေချင်မှာ အမှန်ပင်ဖြစ်သည်။ သို့သော် အမေရဲ့ဆန္ဒသည် ကျွန်မအတွက်သာ။

ဒီလိုနှင့် ကျွန်မလည်း နောက်ဆုံးနှစ်သို့ ရောက်ခဲ့လေပြီ။ သန်းသန်းဆင့်တယောက်ကတော့ တတိယနှစ်ကျောင်းအပြီး ပိတ်ရက်ရှည် အိမ်ပြန်သွားရင်းက ပြန်မလာတော့ချေ။ သူငယ်ချင်းများ၏ ပြောစကားအရ သန်းသန်းဆင့်တော့ အိမ်က ပေးစားတဲ့ယောကျ်ားနဲ့ လက်ထပ်လိုက်ပြီဟု သိရသည်။ ဒီလိုဆိုတော့လည်း ကျွန်မစိတ်ထဲ ဝမ်းနည်းဝမ်းသာကြီးပင်။ သန်းသန်းဆင့်လို မလှုပ်မယှက် မိန်းကလေးတယောက် ဘယ်တော့မှ အိမ်ထောင်ကျမှာ မဟုတ်ဘူးလို့ ကျွန်မတို့ တွက်ထားခဲ့ကျသော်လည်း အခုတော့ သူ့ဘဝလေး အထိုင်ကျသွားပြီ ဖြစ်လေသည်။ ကျွန်မဆန္ဒအမှန်ဆိုရင်တော့ သူ့ကို ဘွဲ့လေးပြီးအောင် ယူစေချင်မိသည်။ ခင်မြင့်ဦးကတော့ စာမေးပွဲကျကာ တတိယနှစ်မှာ ပြန်နေရသည်။ သူငယ်ချင်းတွေကို ရှက်သောကြောင့် အဆောင်မှာ မနေတော့ပဲ ရန်ကုန်ရှိ အမျိုးအိမ်မှာ ပြန်နေမည်ဟု ဆိုသည်။ အားလုံးပြောင်းလဲသွားသော်လည်း လှကတော့ မပြောင်းလဲပါချေ။ အခုတော့ အဆောင်မှာ ကျွန်မနဲ့ လှတို့နှစ်ယောက်သာ ကျန်ခဲ့တော့လို့လားမသိ။ သူ့ကြည့်ရတာ ကျွန်မကို ပိုလို့ခင်တွယ်လာသည်။

“ရည်းစား မထားနဲ့နော် ကိုယ့်လူ...” ဟု သူက ကျွန်မကို လက်ချာပေးတတ်သည်။ တခါတလေ သူ့မျက်နှာ ညှိုးနေတာ တွေ့ရသည်။ အကြောင်းအရင်း မေးသောအခါ “မေမေ နေမကောင်းလို့” ဟုသာဆိုသည်။ လှဆီသို့ ဆိုက်ကိုက မောင်မောင်ဦးလည်း မလာတော့ပါ။ ဘူမိက ကိုဆွေမောင်သာမက မြန်မာစာက ကိုဦးပါ ပျောက်ချင်းမလှ ပျောက်နေပေပြီ။ လှလည်း အရင်ကလို မလှနိုင်တော့ပဲ တနေ့တခြား ပိန်ချုံးလာသည်ဟု ကျွန်မထင်မိသည်။ သူ့အကြိုက် သတို့သားတော့ တွေ့ဟန်မတူသေးချေ။

နေ့ကို လစားရင်းပင် ကျွန်မတို့ နောက်ဆုံးနှစ်ကို အောင်အောင်မြင်မြင် ဖြေဆိုခဲ့ကြသည်။ ဘွဲ့ယူသည့်နေ့က ကျွန်မ လှကို ရှာမိပါသေးသည်။ နောက်မှ သတင်းကြားရတာကတော့ “လှတယောက် အဝေးရောက်နဲ့ပင် ဘွဲ့ယူသွားသည်” တဲ့လေ။ ပထမနှစ်ထဲက အတူတူ တက်လာခဲ့သည့် သူငယ်ချင်းများ တကွဲတပြားစီ ဖြစ်ရတာ သိရတော့ ကျွန်မဝမ်းနည်းမိတာကြောင့် ဘွဲ့ဝတ်စုံကြီး ဝတ်လျှက်နဲ့ မျက်ရည်ကျမိသေးသည်။ အမေကတော့ တသက်လုံး နောက်တခါ ထပ်မဝတ်တော့ဘူး ရည်မှန်းထားတဲ့ အဖေနဲ့ မင်္ဂလာဆောင်တုန်းက ဝတ်တဲ့ ပိုးထဘီ၊ ပိုးအင်္ကျီပြောင်ပြောင်နှင့် မျက်နှာကြီးမှာ အပြုံးပန်းတွေဝေလို့၊ ပရိတ်သတ်များကြားမှာ ကျွန်မကို ကြည့်နေမည်ကို ကျွန်မခံစားမိပါသည်။ ကျွန်မကို

ဆယ်တန်းအောင်တုန်းက လင်ပေးစားခဲ့တဲ့ ဦးကြီး လှမောင်တောင် ရောယောင်လို့ ငိုနေသေးတာပါ။

နှစ်တွေလည်း ကြာပါပြီ။ သချ်ျာအဓိကနဲ့ ဘွဲ့ရခဲ့တဲ့ ကျွန်မတောင် စာရင်းကိုင်မဖြစ်ပဲ စာရင်းကိုင်ရဲ့ မယားဖြစ်လာခဲ့တယ်လေ။ အခုတော့ ကျွန်မယောကျ်ား ကိုတင်မောင်ရဲ့လစာကိုပဲ အိမ်က အကြမ်းစာရွက်မှာ ဝင်ငွေ၊ ထွက်ငွေ စာရင်းပြုစုရင်း အမိတက္ကသိုလ်က သင်ပေးလိုက်တဲ့ ပညာရပ်တွေကို အသုံးချနေရသည်မှာ ရယ်စရာတော့ ကောင်းလှပေသည်။ တက္ကသိုလ်အကြောင်း စဉ်းစားမိတော့ တလောက သချ်ျာမိသားစုဆရာကန်တော့ပွဲကို သတိရမိသည်။ တဆက်တည်း တကွဲတပြားဖြစ်နေတဲ့ ကျွန်မသူငယ်ချင်းတွေရဲ့ သတင်းအစအနတွေကိုပါ ကြားလိုက်ရသေးသည်။ သန်းသန်းဆင့်ကတော့ နယ်မှာပဲ ယောကျ်ားနဲ့ လုပ်ကိုင်စားသောက်နေကြောင်း၊ ကလေးနှစ်ယောက်ရဲ့အမေ ဖြစ်နေကြောင်း သိရသည်။ ခင်မြင့်ဦးကတော့ မိဘအမွေနဲ့ ပိုက်ဆံရှိ အပျိုကြီး လုပ်နေပြီး ကြီးပွားနေသည် စသဖြင့် အစုံရယ်ပါ။ အဲ... လှသဉ္ဇာ... လှတယောက်ကတော့...။ “လှ ဆုံးသွားပြီ” ဟု ကျွန်မ ကြားလိုက်ရသည်။ ဆုံးသွားတာကတော့ ကြာပါပြီ။ “ကလေးမမွေးနိုင်လို့ ကလေးနဲ့အတူ မီးတွင်းထဲမှာတင် ဆုံးသည်” တဲ့။ လှ ဘယ်သူနဲ့ ယူလိုက်တယ် ဆိုတာတော့ ဘယ်သူမှမသိကြပါဘူး။ ကျွန်မကတော့ လှကို သတ်တာ သူ့အမေ ဒေါ်လှမြိုင်ရဲ့အတ္တတွေဆိုတာ သေသေချာချာ စဉ်းစားမိပြီး စိတ်မကောင်းဖြစ်ဖို့သာ တတ်နိုင်တော့လေသည်။

■

(၆) မြသွဲ့သွဲ့နိုင်

ဖေဖော်ဝါရီလ ၉ ရက်၊ ၂၀၂၁ ခုနှစ်။

ကျွန်မ ဒီနေ့ အိမ်ကနေ စောစောထွက်လာဖြစ်ခဲ့ပါတယ်။ ကျွန်မအိမ်က ဂန်ထမ်းအိမ်ရာထဲမှာ ဆိုတော့ ကျွန်မသူငယ်ချင်းတွေနဲ့ လမ်းမှာဆုံရအောင် အတော်လေး လှမ်းရတတ်တာကိုးရှင့်။ ဒီနေ့က ကျွန်မအတွက်တော့ အထူးခြားဆုံးနေ့လိုပဲ ပြောရပါမယ်။ ကျွန်မတို့ သူငယ်ချင်းတွေစုပြီး အာဏာရှင်ကို ဆန့်ကျင်ကြောင်း ဆန္ဒထုတ်ဖော်ပွဲသွားကြမှာ မို့လို့ပါလေ။ ပြီးခဲ့တဲ့နှစ်က ကျွန်မ ဆယ်တန်း စာမေးပွဲကို တစ်ခေါက် ဝင်ဖြေဖြစ်ပါသေးတယ်။ ဒါပေမဲ့ ကျွန်မ ကံမကောင်းခဲ့ပါဘူး။ ကံမကောင်းဘူး ဆိုတာထက် ကျွန်မကိုယ်တိုင်ကလည်း စာကို သိပ်ပြီး စိတ်ထဲ အာရုံမထားနိုင်တော့ဘူးကိုးရှင့်။ အဖေဆုံးပြီးနောက်ပိုင်း သားသမီး သုံးယောက်နဲ့ ကျန်ခဲ့တဲ့ အမေ့ကို ကျွန်မ တစ်ဖက်တစ်လမ်းကနေ ကူညီချင်ခဲ့တယ်လေ။ သားသမီး သုံးယောက်ထဲမှာ ကျွန်မက အငယ်ဆုံးဖြစ်တယ်ဆိုတော့ ကျွန်မက အမေနဲ့ အနီးကပ်ဆုံး နေရသလို အမေ ဘယ်လိုခံစားနေရသလဲဆိုတာ ကျွန်မ ကောင်းကောင်းကြီးသိတာပေါ့။

ကျွန်မ ဆယ်တန်း ပြန်ဖြေဖြစ်တာလည်း အမေ့ကြောင့်ပါပဲ။ ကျွန်မ အမေ့ရဲ့ ပီတိဖြာနေတဲ့ မျက်နှာလေးကို ပြန်မြင်ချင်မိပါသေးတယ်ရှင်။ ကျွန်မ ဆယ်တန်းစာမေးပွဲ ထပ်မံ ကျရှုံးခဲ့ပါတယ်။ အမေက ဒီတစ်ခါတော့ ကျွန်မကို အထွေအထူး ထပ်မပြောတော့သလို ကျွန်မကိုယ်၌ကလည်း အရှုံးပေးလိုက်ဖို့ စိတ်ကူးမရှိသေးပါဘူးလေ။ ဒါပေမယ့် ဒီနှစ်ထဲမှာ ထူးခြားတဲ့ကိစ္စတစ်ခု ဖြစ်သွားခဲ့တယ်ရှင့်။ အဲဒါကတော့ ကျွန်မတို့ မြန်မာနိုင်ငံထဲကို ကိုဗစ်ပိုးဆိုတဲ့ ကပ်ရောဂါဆိုးကြီး ကျရောက်လာတော့တာပါပဲ။ ပထမပိုင်းတုန်းကတော့ ရောဂါအခြေအနေက သိပ်ပြီး စိုးရိမ်စရာ မရှိပေမယ့် ရွေးကောက်ပွဲကာလ မတိုင်ခင်ကလေးမှာတော့ အတော်လေး အသေအပျောက် များလာတာကို ကျွန်မ တွေ့ခဲ့ရပါတယ်။ ကျွန်မဖြင့် သိပ်ကြောက်တာပဲ။ ဒီနှစ်ထဲမှာ ကျွန်မက အသက် ၁၈ နှစ်ကျော်ခဲ့ပြီမို့ ပထမဆုံး မဲပေးခွင့်ရပြီလေ။ မတော်လို့ မဲသွားပေးရင်း ရောဂါ ကူးစက်ခံရရင် မခက်ပါလားရှင်။ ဘယ်လိုပဲဖြစ်နေခဲ့ပါစေ၊ ကျွန်မတို့ တမိသားစုလုံး နိုင်ငံတော်ကို ဦးဆောင်မယ့် ခေါင်းဆောင်ရွေးချယ်ပွဲကို အင်တိုက်အားတိုက် မဲပေးဖြစ်ခဲ့ကြပါတယ်။ ကျွန်မ ဘယ်ပါတီကို မဲပေးသလဲဆိုတာကတော့ မပြောတော့ပါဘူးရှင်။ ဒါက ကိုယ်ပိုင် လွတ်လပ်ခွင့်ပဲ မဟုတ်ပါလား။ ဒီရွေးကောက်ပွဲကနေ ဘယ်လိုရလဒ်ပဲ ထွက်ပေါ်လာပါစေ၊ ကျွန်မကတော့ နိုင်ငံတော်ကို ဦးဆောင်မယ့် ခေါင်းဆောင်သစ်ကို လှိုက်လှိုက်လှဲလှဲနဲ့ ကြိုဆိုဖို့

အသင့်ပါပဲလေ။ သိပ်မကြာလိုက်ပါဘူး။ မဲရလဒ်တွေကို နိုင်ငံတော်ရဲ့ရုပ်မြင်သံကြား အစီအစဉ်ကနေ ကြေငြာလိုက်ပါတော့တယ်။ ပြည်သူတွေ ဝမ်းသာနေလိုက်ကြတာများ ကျွန်မဖြင့် ပီတိမျက်ရည်တွေတောင် ကျမိတဲ့အထိပါပဲလေ။ ကျွန်မ မှတ်မိပါသေးတယ်။ ပြည်သူတချို့က သူတို့ မဲပေးရွေးချယ်ခဲ့တဲ့ ပါတီရဲ့အောင်မြင်မှုအတွက် ညကြီးမင်းကြီးထလို့ အုတ်အော်သောင်းနင်း အောင်ပွဲခံနေလိုက်ကြတာရှင်၊ သိပ်ပြီး ပျော်စရာကောင်းတာပဲ။ သူတို့ခမျာ ရောဂါဆိုးကြီး ကူးစက်မယ့် အန္တရာယ်ကိုတောင် စိတ်ထဲမထားနိုင်တော့ပါဘူး။ ခေါင်းဆောင်သစ်က ဒီပြဿနာကို ထိထိရောက်ရောက် ဖြေရှင်းနိုင်မယ်လို့ သူတို့ ယုံကြည်ထားကြတယ်လေ။

ဒါပေမဲ့ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှာတော့ အရာရာက ကျွန်မအထင်နဲ့ အမြင်ကို ဇောက်ထိုးမိုးမျှော် ဖြစ်သွားစေခဲ့ပါတော့တယ်။ စစ်တပ်က ပြည်သူ့ခေါင်းဆောင်သစ် တဖြစ်လဲ အနိုင်ရပါတီ ခေါင်းဆောင်တွေကို ဖမ်းဆီးပြီး အာဏာထိန်းသိမ်းလိုက်သတဲ့ရှင်။ “ထိန်းသိမ်းတယ်” ဆိုတဲ့ စကားကို ကျွန်မ သိပ်မုန်းတာပဲ။ မြန်မာဘာသာစကားမှာ “ထိန်းသိမ်းတယ်” ဆိုတဲ့ ဝေါဟာရဟာ အကြောင်းကိစ္စ တစုံတရာက အထိန်းအကွပ်မဲ့ပြီး ပျက်ဆီးဆိုးယုတ်နေတဲ့အတွက် ကြောင့်သာ ကြားက မနေသာတဲ့သူက ဝင်ရောက်ပြီး ဖြန်ဖြေပေးတဲ့ အခြေအနေကို ဆိုလိုပါသတဲ့။ ကျွန်မကတော့ ဘယ်အကြောင်းကိစ္စကမှ ထိန်းမနိုင် သိမ်းမရ ဖြစ်နေတာကို မတွေ့မိခဲ့တာ အမှန်ပါ။ ကျွန်မစိတ်ထဲ တနုံ့နုံ့နဲ့ကို ခံစားနေမိခဲ့ရပါတော့တယ်။ ဒါပေမဲ့ နိုင်ငံရေးနဲ့ ပတ်သတ်ရင် ကျွန်မဆိုတာကလည်း လုံးဝဥဿုံ ဆိုသလို ဘာဆို ဘာမှ သိတဲ့သူ မဟုတ်ခဲ့ပါဘူးလေ။ ကျွန်မတို့ ပတ်ဝန်းကျင်နဲ့ အင်တာနက်ပေါ်က ကျွန်မထက် ပိုပြီး တတ်ကျွမ်းနားလည်တဲ့လူတွေရဲ့ စကားအတိုင်း ကျွန်မတို့ ၇၂ နာရီလုံး တိတ်ဆိတ်ငြိမ်သက်စွာ နေဖြစ်ခဲ့ကြပါတယ်။ သူတို့ အဆိုအရတော့ ပြည်သူတွေက ၇၂ နာရီလုံးလုံး ငြိမ်သက်နေခဲ့မယ်ဆို အာဏာသိမ်းမှု အထမမြောက်ဘူးတဲ့လေ။ ကျွန်မတို့ သိပ်မှားခဲ့တာပေါ့။ နိုင်ငံတော်ကို အသက်ပေးပြီး ကာကွယ်ပါ့မယ်လို့ ကျိန်ဆိုခဲ့တဲ့ စစ်တပ်ဟာ အခုတော့ နိုင်ငံတော်ကို ကျောခိုင်းခဲ့ပါပြီရှင်။

ငြိမ်သက်နေလို့ ဘာမှ မထူးဘူးဆိုတာကို နားလည်ကြတဲ့ ပြည်သူတွေကစပြီး လမ်းပေါ်ထွက်လို့ ဆန္ဒပြခဲ့ကြပါတော့တယ်။ ကျွန်မလည်း သူတို့နဲ့အတူ လိုက်လံပြီး ဆန္ဒထုတ်ဖော်ချင်တာ တပိုင်းကို သေတော့မတတ်ပါပဲ။ ဒါပေမယ့် ကျွန်မမှာ အလုပ်ကလည်း တစ်ဖက်ရှိသေးတယ်ရှင့်။ ကပ်ရောဂါကြောင့် ကျောင်းတွေလည်း ပိတ်ထားရတာမို့ ကျွန်မလည်း အိမ်မှာ အလကား ထိုင်နေမယ့်အစား အကျိုးရှိမယ့် ကိစ္စတခုခု လုပ်ဖို့ရာ အတွေးဝင်ခဲ့တယ်လေ။ ကျွန်မတို့လို လက်လုပ်လက်စားတွေအတွက် အကျိုးရှိတဲ့အလုပ်ဆိုတာ ငွေဝင်တဲ့အလုပ်ပဲပေါ့။ ဒါကြောင့်လည်း ကျွန်မ အိမ်နဲ့ မနီးမဝေးက

စတိုးဆိုင်လေးမှာ ကျွန်မ အလုပ်ဝင်ဖြစ်ခဲ့တာပေါ့။ အမေကတော့ ကျွန်မကို ပြောပါတယ်။ "သမီးရယ်... နင် အလုပ်မလုပ်လည်း ရပါတယ်။ နင့်အစ်ကိုကြီးလစာနဲ့တင် ငါတို့ စားဖို့သောက်ဖို့ လောက်ငှပါတယ်ဟယ်။ နင့်အစ်မကလည်း အခုဆို အလုပ်လေးအကိုင်လေးနဲ့ အဆင်ပြေနေပြီမဟုတ်လား။ နင် ဆယ်တန်းသာ အောင်,အောင် ပြန်ဖြေစမ်းပါအေ" တဲ့။ အဲဒီတော့ ကျွန်မက "ဟုတ်ကဲ့ပါ အမေရယ်" လို့သာ ပြန်ဖြေခဲ့ပါတယ်လေ။ ကျွန်မ အမေ့ကို ဆန္ဒပြပွဲထဲ လိုက်သွားဖို့ စကားစကြည့်တော့ အမေက ကျွန်မကို စိတ်မချလို့ လုံးဝ မလိုက်ရဘူးဆိုပဲ။ ကျွန်မ အသက် ၂၀ ရောက်နေတာတောင် အမေ့စိတ်ထဲ ကျွန်မက အခုထိ ပုခက်ထဲက လေးဖက်ထောက် ကလေးအရွယ်ထက် မပိုသေးတာ အမှန်ပါရှင်။

နောက်တော့ ကျွန်မအစ်မကြီး အလုပ်နားတဲ့ရက်နဲ့ ကြုံလာခဲ့ပါတော့တယ်။ အစ်မကြီးက သူ့အလုပ်က သူငယ်ချင်းတွေနဲ့အတူ မနက်ဖြန် ဆန္ဒပြပွဲ သွားကြမယ်ဆိုတော့ ကျွန်မလည်း အစ်မကြီးနား အပူကပ်ရတော့တာပေါ့။ ကျွန်မ အစ်မကြီးကို ပြောရဆိုရတာက အမေ့ကို ပြောရတာထက်တော့ အတော်လေး သက်သာတာ အသေအချာပါပဲ။ ဒီလိုနဲ့ပဲ ကျွန်မတို့ ဆန္ဒပြပွဲကို သွားဖြစ်ခဲ့ကြတယ်ပေါ့ရှင်။ ကျွန်မတို့ ဝန်ထမ်းအိမ်ရာဝန်းထဲက ထွက်ပြီး ကားလမ်းပေါ်ရောက်တော့ ဟိုတစု ဒီတစု လူအုပ်စုလေးတွေကို တွေ့လိုက်ရပါတယ်။ သူတို့လည်း ဆန္ဒပြဖို့အတွက် စုရပ်ကို သွားနေကြတာ ထင်ပါရဲ့။ ဒီနေ့ ကျွန်မတို့အပိုင်းက လူတွေ စုရမယ့်နေရာက သပြေကုန်းလို့တော့ အစ်မကြီးက ပြောပြထားပါတယ်လေ။ ကျွန်မ အဲဒီနေရာကို ကျွမ်းကျင်ပါတယ်။ ကျွန်မ ကျောင်းသွားတိုင်း တခါတလေ အဲဒီဘက်ကနေ ပတ်ပြီး အိမ်ပြန်တတ်တာကိုးရှင့်။ အိမ်ကနေထွက်ပြီး မကြာခင်မှာပဲ ကျွန်မ ကျူရှင်က သူငယ်ချင်းတွေ တချို့ကိုလည်း ကျွန်မ လှမ်းတွေ့လိုက်ရပါသေးတယ်။ သူတို့က မနှစ်က စာမေးပွဲ အောင်ခဲ့တဲ့သူတွေဆိုတော့ ကျွန်မ သူတို့ကို စပြီး မနှုတ်ဆက်ရဲပါဘူးရှင်။ သူတို့ကလည်း ကျွန်မတို့လို ဆိုင်ကယ် ကယ်ရီသမားကိုယ်စီနဲ့ပါပဲ။ ဆိုင်ကယ်ဆိုတာ ကျွန်မတို့ နေပြည်တော်သူ၊ နေပြည်တော်သားတွေ အတွက်တော့ စက်ဘီးတစ်စီးလို၊ ထီးတစ်ချောင်းလို သိပ်အသုံးဝင်တဲ့ ယာဉ်တစ်မျိုးပါပဲလေ။

မနက် ၁၁ နာရီ ဝန်းကျင်လောက်မှာ ကျွန်မတို့ သပြေကုန်းမှာ စုမိကြပါတယ်။ ကျွန်မတို့ စုတဲ့နေရာရဲ့ မလှမ်းမကမ်းမှာ ယာယီခြံစည်းရိုးလေး ခြားထားတယ်ရှင့်။ ရဲတပ်ဖွဲ့က ခြားထားတာ ထင်ပါရဲ့။ ခြံစည်းရိုးနောက်မှာ အဖြူရောင် ရေတင်ယာဉ်ကြီးတစ်စီးရယ်၊ ယူနီဖောင်း အပြည့်အစုံ ဝတ်ထားတဲ့ ရဲသားတချို့ရယ် ရှိနေတာကို ကျွန်မတွေ့လိုက်ရပါတယ်။ တချို့ရဲသားတွေများဆို လက်နက်တွေကိုတောင် အသင့်ကိုင်ထားလျက်သားရှင့်။ ကျွန်မဖြင့်

သိပ်အံ့သြမိတာပါပဲ။ ကျွန်မတို့ ဆန္ဒပြတဲ့ ပြည်သူတွေထဲမှာ လက်နက်ဆိုလို့ အပ်တစ်ချောင်းတောင် မပါပါဘူးရှင်။ ကျွန်မတို့က ကျွန်မတို့အသံတွေကို ထုတ်ဖော်ဖို့သက်သက်ပဲ ဒီ သပြေကုန်းစုရပ်ကို ရောက်လာခဲ့ကြတာပါ။ ပစ်ဟယ်၊ ခတ်ဟယ် လုပ်ဖို့ဆိုတဲ့ဆန္ဒ တစိုးတစိမှ မပါခဲ့ပါဘူးရှင်။ အဲဒီလို ဖြစ်မယ်ဆိုရင်လည်း ကျွန်မ ဒီကိုလိုက်လာခဲ့မှာ မဟုတ်ပါဘူး။ ကျွန်မက အဲဒီလို မြင်ကွင်းတွေကို သိပ်ကြောက်တတ်တယ် ရှင့်။ ရုပ်ရှင်ကြည့်ရင်တောင် အဲဒီလိုအခန်းတွေပါရင် ကျွန်မ မျက်စိမှိတ်လို့ ဘုရားတမိ တတ်တယ်လေ။

နေ့လယ်ပိုင်း နေအတော်ပူလာတော့ ဆန္ဒပြပြည်သူတွေကို စေတနာရှင်တချို့က အအေးတဖုံ၊ နေ့လယ်စာ အာဟာရတလှည့် လာလှူကြတယ်ရှင့်။ ကျွန်မကတော့ အဲဒီလို အလှူပစ္စည်းကလေးတွေဆို သိပ်မက်တာပဲ။ ဒီပစ္စည်းလေးတွေက တန်ဖိုးနည်းပေမယ့် စေတနာဆိုတဲ့ အရိပ်အယောင်နဲ့ သိပ်ကို အရသာရှိတဲ့အမျိုးလေ။ အစ်မကြီးက ဘယ်နားက ယူလာတယ် မသိပါဘူး။ ကျွန်မလက်ထဲကို သကြားလုံး ရောင်စုံလေးတွေ တစ်ဆုပ် လာထည့်ပေးလိုက်ပါတော့တယ်။ ကျွန်မ သကြားလုံးလေးတွေကို ကြည့်ပြီး ပြုံးနေတုန်းရှိသေး၊ စောစောက ခြံစည်းရိုးနောက်မှာရှိတဲ့ အဖြူရောင်ရေတင်ကားကြီးထဲက ရေတွေက ကျွန်မတို့ လူအုပ်ကြားထဲကို ပန်းထွက်လာခဲ့ပါတော့တယ်။ ဒီရေတွေက သာမန်ရေတွေရော ဟုတ်သလား ဆိုတာ ကျွန်မ မသိပါဘူးရှင်။ အသားကို ထိတာနဲ့ အတော့်ကို စပ်တာတော့ အမှန်ပါပဲ။ နေကလည်း ပူတော့ လူတချို့ဖြင့် မူးမေ့ပြီးတောင် လဲကျကုန်ကြတာကို ကျွန်မတွေ့လိုက်ရပါသေးတယ်။

ကျွန်မ နားမလည်နိုင်တော့ပါဘူး။ ကျွန်မတို့လုပ်တာဆိုလို့ လူစုပြီး ကာရန်ညီတဲ့ ကြွေးကြော်သံလေးတွေ အော်ဟစ်ကြတာပဲ ရှိပါတယ်ရှင်။ ဒီကဗျာတွေက သူတို့အရှိုက်ကို ထိရှသွားအောင်ပဲ စွမ်းသလား ကျွန်မ မပြောတတ်တော့ပါဘူး။ ဒါပေမဲ့ ရေကားပေါ်တက်ပြီး ခလုပ်ဖွင့်နေတဲ့ ရဲသားတစ်ယောက်ရဲ့မျက်နှာကတော့ မကောင်းဆိုးဝါးကြီး တစ်ကောင်လို မှောင်ကုပ်ကုပ် မဲကြုတ်ကြုတ်နဲ့ မျက်လုံးတွေကလည်း စားတော့၊ ဝါးတော့မတတ် ကျွန်မတို့ဘက်ကို ကြည့်ပြီး ရေဖြန်းနေပါတော့တယ်။

ရုတ်တရက် ကျွန်မ ဆယ်တန်းစာအုပ်ထဲက စာတစ်ပိုဒ်ကို သတိသွားရလိုက်ပါတယ်။ ဓါတုဗေဒ ဘာသာထဲက ရေသန့်စင်မှု အညွှန်းကိန်း ပီအိတ်ချ် (PH) အကြောင်းပေါ့ရှင်။ အညွှန်းကိန်း တန်ဖိုးက ၇ အတိရှိရင် သောက်သုံးလို့ရပြီး ၇ အောက်ငယ်တဲ့အခါ အက်ဆစ်သတ္တိပြကာ ၇ ထက်ကြီးရင်တော့ ထုံးသတ္တိ ပြတတ်တယ်ဆိုတဲ့ အပိုင်းလေးရယ်ပါ။ ဒီရေတွေက အညွှန်းကိန်းတန်ဖိုး ၇ မရှိတာတော့ သေချာပါတယ်။ ကျွန်မက စာမေးပွဲသာ

မအောင်တာ တိုတိုထွာထွာလေးတွေတော့ အကုန် မှတ်မိတတ်တယ်ရှင့်။ ဒီတစ်ခါ စာမေးပွဲဖြေရင်တော့ ကျွန်မ အောင်မှာ သေချာပါတယ်။

ဒီလိုနဲ့ အစ်မကြီးက ကျွန်မလက်ကိုဆွဲပြီး သပြေကုန်းအနားက ဘတ်စ်ကားမှတ်တိုင်လေးနောက်ကို ပြေးလို့ နေရာယူလိုက်ပါတယ်။ ဒီနေရာလေးက နေရိပ်တော့ အပူလည်း သက်သာတာပေါ့ရှင်။ ဟိုးခြံစည်းရိုးနောက်က ရဲသားတချို့က လော်စပီကာနဲ့ ကျွန်မတို့ကို လူစုခွဲကြဖို့ အော်နေကြဆဲပါ။ သူတို့အော်လေ၊ ကျွန်မတို့ကလည်း ပိုပြီးတော့ ကြွေးကြော်လေပါပဲ။ စေတနာရှင်တွေ ဝေပေးတဲ့ နေ့လယ်စာဘူးလေးကို ဖွင့်လို့ ကျွန်မ ဘတ်စ်ကားဂိတ်အကွယ် နောက်လေးမှာ ထိုင်စားလိုက်ပါတော့တယ်။ ရှက်လည်း မရှက်နိုင်တော့ပါဘူးရှင်။ ကျွန်မ စားလို့ကုန်ခါနီးတော့ ငှက်ကလေးတွေက အကြွင်းအကျန် ရလိုရငြား အနားမှာ ရစ်သီရစ်ဝဲ လာလုပ်နေကြတယ်ရှင့်။ ကျွန်မ သူတို့ကို သိပ်အားကျတာပဲ။ ငှက်ကလေးတွေက ဆယ်တန်းစာမေးပွဲ ဖြေစရာမလိုဘူးလေ။ နောက်ပြီး သူတို့ကို အုပ်ချုပ်မယ့် အာဏာရှင်ဆိုးကြီး မရှိသလို ဝေဟင်မှာ အတိုင်းအဆမရှိ ပျံသန်းပြီးလည်း နေနိုင်တယ် မဟုတ်ပါလား။ ကျွန်မ ဖော့ဘူးလေးထဲက ဟင်းကျန်လေးတွေကို ငှက်ကလေးအနား သွားချပေးလိုက်ပါတော့တယ်။

ခဏနေတော့ ကျွန်မ အစ်မကြီးက ကျွန်မကို ဆိုင်ကယ်ဦးထုပ်ကလေး လာဆောင်းပေးရှာပါတယ်။ နေကလည်း မွန်းလွဲရောက်လေ အတော်ပူလေ ဖြစ်နေတာကိုး။ ကျွန်မလည်း အသိမိတ်ဆွေတချို့နဲ့ စကားပြောနေတုန်း ရှိသေး၊ ဘတ်စ်ကားဂိတ်အရှေ့က လူတွေနဲ့ ရဲသားတွေ အချေအတင်ဖြစ်နေတဲ့ အသံကို ကြားလိုက်ရတော့တာပေါ့။ ရဲသားတွေက ကျွန်မကို ချက်ချင်းဆုတ်ဖို့ အမိန့်ပေးနေခဲ့ကြပါတယ်။ လူထုကလည်း ရှေ့ကို ဆက်တိုးသွားတယ်လေ။ သူတို့မမှားပါဘူး။ ဒါက ပြည်သူတွေ ဆက်သတဲ့အခွန်နဲ့ ဖောက်လုပ်ထားတဲ့ ပြည်သူပိုင်လမ်းပဲ မဟုတ်ပါလားရှင်။ စောစောက ရေကားကြီးလည်း ရေကုန်သွားပြီး ထင်ပါရဲ့။ ရဲသားတွေကတော့ ယူနီဖောင်းကိုယ်စီနဲ့ တန်းစီပြီး သေနတ်တွေနဲ့ပါ လူအုပ်ကြီးဆီ ချိန်ထားလိုက်ကြပါတော့တယ်။

“ဒိုင်း... ဒိုင်း... ဒိုင်း...”

ရဲသားတွေထဲက တစ်ယောက်က မိုးပေါ်ထောင်ပြီး လှမ်းပစ်လိုက်တဲ့အသံရယ်ပါ။ ကျွန်မကတော့ မျက်လုံးမှိတ်ပြီး အစ်မကြီးကို ဆွဲဖက်ထားပစ်လိုက်ပါတယ်လေ။ အစ်မကြီးခမျာလည်း ကြောက်လွန်းလို့ တုန်ရီနေလေရဲ့။ စောစောက ဘတ်စ်ကားမှတ်တိုင်ရှေ့မှာ ရပ်နေတဲ့လူတွေလည်း သွေးရူးသွေးတန်းနဲ့ ကျွန်မတို့အကွယ်မှာ ဝင်ပုန်းတော့ ကျွန်မတို့က ရှေ့ဆုံးကို အလိုလို ရောက်သွားတော့တာပေါ့။ ကျွန်မ အစ်မကြီးကို လက်ဆွဲပြီး

လူအုပ်ထဲကနေ ဖြတ်သွားဖို့ ကြိုးစားလိုက်ပါတယ်။ ဒါပေမဲ့ ကြောက်ရွံ့တုန်လှုပ်နေတဲ့ လူအုပ်ကြီးကို ကျွန်မ ဘယ်လိုမှ မဖြတ်နိုင်ခဲ့ပါဘူးရှင်။ မကျေနပ်တဲ့လူတချို့ကတော့ ရေဘူး၊ ကျောက်ခဲတွေနဲ့ ပစ်ပေါက်လိုက်ကြပါသေးတယ်။ ဒါပေမဲ့ သူတို့ပစ်တဲ့ပစ္စည်းတွေက ရဲသားတွေကို ထိဖို့ဆိုတာ ဝေလာဝေး၊ ဟိုးရှေ့က ခြံစည်းရိုးကိုတောင် မကျော်ကြပါဘူးရှင်။ ကျွန်မတကိုယ်လုံး တုန်ရီနေမိပါတယ်။ ကျွန်မ အိမ်ပြန်ချင်တယ်ရှင့်။ ကျွန်မ အမေ့ရဲ့မျက်နှာကိုကြည့်ပြီး အမေချက်ထားတဲ့ ညနေစာလေး စားချင်နေမိတာ အမှန်ပါ။

ကျွန်မလည်း လူအုပ်ကြီးကို ပတ်ပြီးထွက်ဖို့ ခြေတစ်လှမ်းအလှမ်းမှာ ကျွန်မခေါင်းထဲ မိုက်ခနဲ ကြယ်တွေ၊ လတွေတင်မက စကြဝဠာကြီး တစ်ခုလုံးကို ရုတ်တရက် မြင်ပြီး ကျွန်မ နေရာမှာတင် လဲကျသွားပါတော့တယ်။ ကျွန်မနာမည်ကို အစ်မကြီး လှမ်းခေါ်နေတယ် ထင်ပါတယ်။ ကျွန်မနားထဲ အသံကို ကြားနေရပေမယ့် အမှောင်ကမ္ဘာထဲကို ထိုးစိုက်ကျသွားတဲ့ အသိစိတ်ကို ကျွန်မ မထိန်းချုပ်နိုင်ခဲ့တော့ပါဘူးရှင်။ ကျွန်မခန္ဓာကိုယ်တစ်ခုလုံး အေးစက် မာကြော သွားခဲ့ပါတော့တယ်။

အမှောင်ထုထဲမှာ ကျွန်မ ဘာကိုမှ မမြင်ရဘူးရှင့်။ ကျွန်မ ငယ်ငယ်တုန်းက မျက်လုံးမှိတ်ပြီး လမ်းလျှောက်တမ်းကစားတာကို အမှတ်ရမိပါသေးတယ်။ အခုတော့ မျက်လုံးဖွင့်ထားတာတောင် ကျွန်မ ဘာကိုမှ မမြင်ရတော့ပါဘူးလေ။ ကျွန်မ အသံပြုကြည့်ပါသေးတယ်။ လည်ချောင်းထဲမှာလည်း အသံတွေ မကျန်တာကို ကျွန်မ သတိထားလိုက်မိပါတယ်။ ကျွန်မ ဘယ်ကို ရောက်နေတာပါလိမ့်။ အမေဖြင့် ကျွန်မကို စိတ်ပူနေလောက်ရောပေါ့ရှင်။ ကျွန်မ စမ်းတဝါးဝါးနဲ့ ရှေ့ကို ဆက်လျှောက်သွားရင်း တစ်နေရာ အရောက်တော့ ရင်းနှီးနေတဲ့ အသံလေးကို ကြားလိုက်ရပါတယ်။ အဲဒါကတော့ စောစောက ကျွန်မ အစာကျွေးခဲ့တဲ့ ငှက်ကလေးပါပဲ။ မှောင်မိုက်နေတဲ့ ဟင်းလင်းပြင်ကြီးထဲမှာ အရောင်အသွေး တောက်ပနေတဲ့ ငှက်ကလေးက မျက်လုံးကလေး ကလယ် ကလယ်နဲ့ ကျွန်မကို လှမ်းကြည့်နေခဲ့တယ်လေ။ သူ့ကို ကြည့်ရတာ ကျွန်မကို လှမ်းခေါ်နေသယောင်ရယ်ပါ။ ကျွန်မ ဝမ်းသာအားရနဲ့ သူ့ဆီကို ပြေးသွားပြီး ငှက်ကလေးကို လက်နဲ့ထိလိုက်တာနဲ့ တပြိုက်နက် ကျွန်မခန္ဓာကိုယ်တစ်ခုလုံး ငှက်ကလေး တစ်ကောင်လို ပေါ့ပါးသွက်လက်သွားတာကို ခံစားလိုက်ရပါတော့တယ်။ တကယ်တော့ ကျွန်မ ခန္ဓာကိုယ်ပေါ်မှာ ငှက်ကလေးလိုပဲ အရောင်အသွေး စုံလင်တဲ့ အတောင်ပံလေးတစ်စုံကိုပါ တွေ့လိုက်ရတယ်ရှင့်။ ကျွန်မ သိပ်ဝမ်းသာတာပဲ။ ချက်ချင်းဆိုသလို ကျွန်မ အမှောင်ထုထဲကနေ ဟိုးအဝေးကို ပျံသန်းသွားလိုက်ပါတော့တယ်။ အမှောင်ထုထဲက လွတ်မြောက်ပြီး ငြိမ်းချမ်းတဲ့ အဖြူရောင် အလင်းတန်းကြီးတွေဆီ

မရောက်မချင်းပေါ့ရှင်။

(စစ်တပ်ရဲ့လူမဆန်စွာ သတ်ဖြတ်မှုကြောင့် အသက်ပေးခဲ့ရသော မမြသွဲ့သွဲ့ခိုင်အား ရည်စူးလျက်)

■

(၇) ကိုနောင်

ဒီနေ့လည်း အိပ်ရာက နောက်ကျမှ နိုးပြန်သည်။ ညက တစ်ညလုံး စုစုနှင့် စကားတွေ တသီကြီး ပြောနေရသည့်အတွက် မနက် ၃ နာရီကျော်မှ အိပ်ရာဝင်ဖြစ်၏။ စုစု သူ့ကို သိပ်ချစ်မှန်း ကိုနောင်သိသည်။ ဒါကြောင့်လည်း သူ ဒီကိစ္စနှင့် ပတ်သက်ပြီး စုစုကို စကားပင် မစမိချေ။ ညက အိပ်ရာဝင်နောက်ကျ၍လားမသိ၊ တစ်ကိုယ်လုံး ကိုင်ရိုက်ထားသလို နာကျင်ကိုက်ခဲနေသည်။ တွေးကြည့်လိုက်တော့ မနေ့ကလည်း ဒီလို ခံစားချက်မျိုး ခံစားခဲ့ရသည်ဟု ကိုနောင် ထင်မိသည်။ မကြာသေးခင်ကမှ မတော်တဆမှု ဖြစ်ပွားထားသူတစ်ယောက်အတွက် ဒီခံစားချက်မျိုးက သိပ်တော့ မထူးဆန်းလှပေ။

မတော်တဆမှုကြောင့် ကိုနောင့်ခြေထောက် နှစ်ချောင်းလုံးကို ကျောက်ပတ်တီး ကိုင်ထားရသည်။ ခေါင်းမှ ဒဏ်ရာကလည်း မသက်သာသေးချေ။ အသက်ရှူလိုက်တိုင်း နှလုံးထဲက အောင့်နေသလို အမြဲလိုလို အားပြတ်ပြီး ခြေလက်မသယ်ချင်အောင် ခံစားနေရ၏။ အစားကလည်း အရင်လို ထမင်းကို မြိန်ရည်ယှက်ရည် မစားဖြစ်တော့ဘဲ ပိုက်ဖြင့်သာ ဂလူးကို့စ် သွင်းနေခဲ့ရသည့်နေ့တွေမှာ မရေတွက်နိုင်တော့ချေ။ အခုနေ ကိုနောင် အဖြစ်ချင်ဆုံးဆန္ဒကို ပြောပါဆိုလျှင် အောက်ထပ်ဆင်းပြီး စုစုနှင့် သားလေး ရဲခေါင်တို့ကို ပြေး၍ ပွေ့ဖက်လိုက်ချင်သည်။ သို့သော် ကိုနောင့်အခြေအနေမှာ အောက်ထပ်ဆင်းဖို့ဝေးစွ၊ အိပ်ရာပေါ်မှ ခန္ဓာကိုယ်ကို တစ်လက်မမျှ ရွှေ့ရန်ပင်အနိုင်နိုင်။

ကိုနိုင်တစ်ယောက် စုစုနှင့် လက်ထပ်ပြီး ဒီမာန်ပြေရက်ကွက်လေးထဲကို ပြောင်းလာသည်မှာ ၁၂ နှစ်ခန့်ပင် ရှိပေတော့မည်။ ဒီအိမ်ကို စုစုနှင့် လာကြည့်စဉ်တုန်းက စုစု ပြောစကားကို ကိုနောင် မှတ်မိနေသေး၏။ "အစ်ကိုရယ် အိမ်ကြီးက အစုတ်ကြီးကို ပြန်ပြင်ဆောက်ရမှာ၊ စုစုတို့ရှေ့မှာ နေသွားတဲ့လူတွေကို သိတာလည်းမဟုတ်၊ တော်ကြာ လူသေဖူးတဲ့အိမ်ဆို ဘယ့်နှယ့်လုပ်မတုံး၊ စုစု သရဲကြောက်တတ်တာ ကိုလည်း သိရဲ့သားနဲ့" ဟု စုစုက တွတ်ထိုးတော့ ကိုနောင်ကပင် ပြုံးလျှက် "စုစုကလည်းကွာ ကိုယ်တစ်ယောက်လုံးရှိနေတာပဲကို၊ နောက်ပြီး သရဲမကလို့ ဘယ်လိုကောင်ကြီးပဲ လာလာ ကိုယ်က စုစုကို အသက်နဲ့လဲပြီး စောင့်ရှောက်ပါမယ်တဲ့ဗျာ၊ ဟုတ်ပြီလား" ဟု နှစ်သိမ့်ပေးခဲ့ရသေးသည်။ အိမ်ကလေးက စုစုပြောသလို နေချင်စရာမရှိအောင် စုတ်ပြတ်သတ်နေတာ မှန်သော်လည်း ညားကာစ ကြင်စဦး မောင်နှံအတွက်တော့ တူနှစ်ကိုယ် တဲအိုပျက်မှာ နေရပါစေ ဆိုသလိုသာ ကိုနောင် မှတ်ယူထားသည်။

စုစုလေးဘဝကို တာဝန်ယူလက်ထပ်ထားပြီးပြီမို့ အေးချမ်းတဲ့ မိသားစုဘဝလေးတစ်ခု တည်ဆောက်ရန် ကိုနောင် စိတ်အားထက်သန်နေသည်မှာ အမှန်ပင်။ ကိုနောင် တက္ကစီဆွဲပြီး စုထားတဲ့ ပိုက်ဆံလေးတွေနဲ့ စုစုရဲ့နားကပ်လေး ထုခွဲရောင်းချလိုက်ရင်တော့ ဒီ ၁၀ ပေခြံလေးကိုသာမက၊ အိမ်အသစ်ကလေး တစ်လုံးပါ ပြင်ဆောက်ရန် ဖူလုံပေမည်။

ဒီလိုနဲ့ ကိုနောင်တို့ကြင်စဦး လင်မယားလည်း ဒီရက်ကွက်လေးထဲမှာ အခြေချနေထိုင်လာခဲ့ကြတာ သားဦးလေး ရဲခေါင်တသက်ပင်။ ကိုနောင်ကတော့ တက္ကစီ အငှားမောင်းရာကနေ တစ်ပတ်ရစ် ဘော်ဒီနာ တက္ကစီ ကားလေးတစ်စီးကို အကြွေးဖွဲ့ဆပ်ကာ ဝယ်ယူခဲ့ရာမှ အခုဆိုလျှင် ကိုယ်ပိုင် တက္ကစီကားကလေးပင် မောင်းနိုင်နေလေပြီ။ ဇနီးသည် စုစုကလည်း လင်ယောက်ျားဆီက စီးဆင်းတဲ့ငွေကို ချွေတာစုဆောင်းရုံမျှမက အနီးအနားက ယုံကြည်ရသူ ၃ - ၄ ဦးကို နေ့ပြန်တိုးကလေး ပေးထားဖြစ်တာမို့ ၁၂ နှစ်ကြာပြီးနောက်မှာ ဒီအိမ်ကလေး ဝယ်တုန်းကထက် အဆများစွာ အရည်အသွေးကောင်းသော ရွှေနားကပ်ကလေး ဝတ်ဆင်နိုင်ပြီသလို အလျှင်းသင့်သလို လက်ဝတ်လက်စားလေးများကိုလည်း တတ်နိုင်သလောက် ဖွဲ့ဖွဲ့ စုမိနေပြီဖြစ်၏။ ယုတ်စွအဆုံး သူတို့အိမ်ကလေးပင် အရင်ကလို ပျဉ်ထောင်ထရံကာ တစ်ထပ်အိမ်လေး မဟုတ်တော့ဘဲ အုတ်ခံ ကြွေကပ် နှစ်ထပ်တိုက်ကလေးပြန်ပြင်ဆောက်လို့ လူတစ်လုံး သူတစ်လုံး ပြောင်နေပြီဖြစ်၏။

အရင်ကလို ကြိုးကြိုးစားစား ကားမဆွဲဖြစ်တော့ပေမဲ့ ကိုနောင်က နေ့ခင်းဘက်တိုင်းတော့ အမြဲတစေ တက္ကစီဂိတ်လေးမှာ ရှိနေဆဲပင်။ ပိုက်ဆံကလေး ရွှင်လာသည်နှင့်အတူ ကိုနောင်တစ်ယောက် ညနေတိုင်း အရက်ကလေးဆွဲပြီး အိမ်ပြန်လာတတ်သည်မှာ ထုံးစံလိုလို ဖြစ်လာတော့၏။ ထိုနေ့ကတော့ အင်မတန်ထူးသည်။ သူငယ်ချင်းတွေ ဆွဲထားသဖြင့် ဆက်သောက်နေမိရာမှ စုစုနှင့် သားလေးရဲခေါင်ကို ရုတ်တရက် သတိရမိသွားသဖြင့် ကိုနောင် ချက်ချင်းပဲ နှုတ်ဆက်ကာ ထပြန်ခဲ့၏။ သာကေတ မာန်ပြေရက်ကွက်လေးသို့ ပြန်သောလမ်းကို ၁၂ နှစ်ကျော် ကားမောင်းခဲ့သောသူအနေဖြင့် လမ်းမှားစရာ အကြောင်းမရှိပေ။ သို့သော် ထိုညနေတွင်ကား ကိုနောင်တစ်ယောက် အိမ်ကို မရောက်နိုင်တော့လောက်အောင် လမ်းမှား မောင်းနေမိ၏။ ကားရှေ့မှ မီးသီးများမှာ လင်းလာလိုက် မှိန်သွားလိုက်ဖြင့် ရှိနေသည်မှာ မကောင်းဆိုးဝါးကြီးတစ်ကောင်ကို တွေ့နေရသလိုပင်။ အရှိန်ဖြင့် ဘေးမှဖြတ်သွားသော ကားများကိုကြည့်ရင်း ကိုနောင့်မျက်လုံးတွေ ဝေဝါးစပြုလာတော့၏။ တစ်ခါ နားထဲမှ ဗိုးခနဲအသံကြောင့် မျက်လုံးများပင် ပြူးကျယ်သွားရ၏။ ဒီလိုနဲ့ ဆက်မောင်းလာရင်း သာကေတသို့ သွားရာ ကုန်းတံတားအဆင်းသို့ရောက်လျှင် အရှိန်လျှော့ပြီး ညာဘက်သို့ကွေ့ခိုက် ဘယ်ဘက်ယာဉ်တန်းမှ ဘရိတ်ပေါက်လာသော ကားတစ်စီးကို ကိုနောင်

သတိမထားမိလိုက် တော့ချေ။ အရှိန်နှင့် တိုးတိုက်လာသဖြင့် ကိုနောင့်ကားကလေးမှာ ဆန့်ကျင်ဘက်ယာဉ်တန်းသို့ ရောက်သွားလျှင် နဂိုလမ်းအတိုင်း သွားနေသော ကားတစ်စီးနှင့် မျက်နှာချင်းဆိုင် ဝင်တိုက်မိတော့၏။ အနောက်ကရော အရှေ့ကပါ ဝင်တိုက်ခံရသော ကိုနောင့်ကားကလေးလည်း လမ်းမထက်၌ ချာချာလည်သွားပြီးလျှင် ကိုနောင်တစ်ယောက်လည်း အမှောင်ထုထဲသို့ လုံးလုံးလျားလျား ကျရောက်သွားလေတော့သည်။

ပိုးသတ်ဆေးနံ့ ပြင်းပြင်းကို ကိုနောင် မှတ်မိနေသေးသည်။ အချို့သောသူများက နာကျင်မှုကြောင့် ငြီးတွားနေကြသလို အချို့ကလည်း တရှုံ့ရှုံ့ ငိုကြွေးနေကြ၏။ အခန်း၏ထောင့်အချို့၌လည်း ကိုနောင့် တစ်သက်မမြင်ဖူးသော အင်မတန် ရုပ်ဆိုးအကျည်းတန်လှသည့် သတ္တဝါအချို့ကို ကိုနောင် မျက်ဝါးထင်ထင် မြင်လိုက်ရသေး၏။ စုတ်ဖွာနေသော ဆံပင်၊ ညစ်ထေးနေသော ကိုယ်ခန္ဓာနှင့် ကြမ်းပြင်ပေါ်မှ စားကြွင်းစားကျန်များကို အငမ်းမရ လုယက်စားသောက်နေသော ၎င်းတို့ကို ကိုနောင် လန့်မိသည်။ ထို့နောက် နားထဲ၌ စုစု၏ ဆုတောင်းသံ၊ သားလေး၏ ခေါ်သံတို့ကို ကိုနောင် တစ်ချက် တစ်ချက် ကြားယောင်မိ၏။ ဖြစ်နိုင်လျှင် ကိုနောင် ယခုချက်ချင်းပင် ထပြီး စုစုနှင့် သားလေးကို ဖက်ထားလိုက်ချင်သည်။ သို့သော် ကိုနောင့်ခြေထောက်နှစ်ဖက်လုံးမှာ လှုပ်မရ ဖြစ်နေလေသည်။ လက်နှစ်ဖက်မှာလည်း အလေးတုံးကြီးများ ချိတ်ဆွဲထားသလိုပင်၊ အင်မတန် လေးလံထိုင်းမှိုင်းနေတော့၏။ မျက်ခွံနှစ်ဖက်ကို ဆွဲမရန်ပင် ကိုနောင် အားမရှိတော့ချေ။ စုစုလက်ကလေးကို ဆွဲကိုင်ပြီး နှစ်သိမ့်ပေးချင်သလို သားလေးရဲခေါင်းကိုလည်း စောစောက သတ္တဝါကြီးတွေနှင့် ထိပ်တိုက်တွေ့သွားမှာ စိုးသဖြင့် ကိုနောင် ချက်ချင်းဆိုသလို အိမ်ပြန်လိုက်ချင်သည်။ မျက်လုံးနှစ်ဖက်ကို ဖွင့်ဖို့ကြိုးစားရင်း အရိပ်တစ်ခုက ကိုနောင်ရှိရာ ကုတင်ကို လမ်းလျှောက်လာသည်ကို ခံစားမိလိုက်ရသည်။ ထို့နောက် အလွန်တရာ အကျည်းတန်သော အဘွားကြီးတစ်ယောက်သည် ကိုနောင့်လည်ပင်းကို ညှစ်ထားကာ တစ်ခုခုကို အော်ပြောနေလေတော့သည်။ ထိုအဘွားကြီးကို ဖယ်ပေးရန် စုစုကို အကူအညီ တောင်းကြည့်သေး၏။ သို့သော် ကိုနောင့်ပါးစပ်မှ မည်သို့သောအသံမျှ ထွက်မလာနိုင်ချေ။ လည်ပင်းကို အတင်းညှစ်ထားသော အဘွားကြီးကို အားကုန် အော်ဟစ်ရင်း တစ်ဖန် ကိုနောင် တစ်ယောက် အမှောင်ထုထဲသို့ သက်ဆင်းသွားရပြန်လေတော့သည်။

အိပ်ရာက နိုးလာတိုင်း ကိုနောင့်ခန္ဓာကိုယ်က နာကျင်နေမြဲပင်။ စုစုကလည်း ညတိုင်းဆိုသလို ကိုနောင့်ကုတင်ဘေးမှာ ထိုင်ပြီး သူ့ကို လွမ်းကြောင်း ပြောနေသည်မှာ ညစဉ်ရက်ဆက်ပင်။ တစ်ခါတော့လည်း သူ့အပေါ် သိပ်ချစ်ရှာသည့် စုစုကို ကိုနောင် သနားမိသလို တစ်ခါကျပြန်တော့လည်း ဒဏ်ရာဗလပွနှင့် ဝေဒနာခံစားနေရသူနားမှာ ညတိုင်း တအီအီ လုပ်နေသော စုစုကို

ကိုယ်ချင်းမစာရကောင်းလားဟု သူဒေါသထွက်မိသည်။ စုစုခမျာလည်း သူ့လို လူမမာကြီးကို ပြုစုစောင့်ရှောက်နေရတာ ပင်ပန်းနေပုံရ၏။ စုစုသည် တစ်နေ့တခြား အိုစာလာသည်ဟု ကိုနောင် ထင်မိနေလေတော့သည်။ အိပ်ရာပေါ် လှဲနေရသည်မှာ ဘယ်လောက်တောင် ရှိပြီလဲ ကိုနောင် မမှတ်မိတော့ချေ။ သားလေး ရဲခေါင်ကို သူတွေ့ချင်မိသည်။ အဖေတစ်ယောက်လုံး နေမကောင်းဖြစ်နေတာကို အိမ်ပေါ်တက်ပြီး လာတွေ့ဖော်မရသော ရဲခေါင်ကိုလည်း သူ စိတ်တိုသည်။ တစ်ခါတစ်လေ အောက်ထပ်မှာ ထမင်းဟင်းချက်ပြုတ်သံ၊ စကားပြော ရယ်မောသံများ ကြားရလျှင်လည်း ကိုနောင်တစ်ယောက် လူမမာကို ပစ်ထားရ ကောင်းလားဟု စိတ်တိုတတ်ပြန်သည်။ သို့သော် စုစု သူ့ကုတင်လေးဆီသို့လာပြီး ငိုတိုင်း ကိုနောင့်စိတ်တို့ ပျော့ပြောင်းသွားရပြန်၏။ စုစုလေးကို တခုခု ပြန်ပြောချင်သော်လည်း အာစေးထည့်ထားသလို ပါးစပ်ထဲမှပင် ကိုနောင် အသံမထွက်နိုင်ချေ။ စုစု သူ့ကုတင်နားမှာ မရှိလျှင် ကိုနောင့်စိတ်တွေဖောက်ပြန်ပြီး ဒေါသအလိပ်လိပ်ထလာကာ နာကျင်မှုကို အံတုပြီး အနီးနားက ပစ္စည်းတွေကို ပစ်ပေါက်ကာ အောက်ထပ်က မိသားစုကို ခေါ်တတ်လေသည်။

သားလေးကို မတွေ့ရသည်မှာ ဘယ်လောက်ကြာပြီလဲ ကိုနောင် မရေတွက်နိုင်တော့ချေ။ ၈ တန်း ပြီးလို့ ၉ တန်းတက်ရန် တာဆူနေသော ရဲခေါင်ကို သူ သတိရမိသည်။ ၉ တန်းရောက်တဲ့အခါ စက်ဘီး ဝယ်ပေးဖို့ ပေးထားတဲ့ ကတိကိုလည်း ကိုနောင် အမှတ်ရနေသေး၏။

ပြောမပြနိုင်အောင် တင်းကြပ်နေသော ခံစားချက်တွေကို ကိုနောင် ဆက်လက်၍ သည်းမခံနိုင်တော့သည့်အဆုံး အောက်ထပ်သို့ ကိုယ်တိုင် ဆင်းသွားရန် ဆုံးဖြတ်လိုက်တော့၏။ အင်မတန် လေးလံသော လက်နှစ်ဖက်ကို အားပြုကာ ကိုနောင် ကိုယ်တစောင်း လှည့်လိုက်လေသည်။ ထို့နောက် တဖြည်းဖြည်းချင်း ခြေထောက်တွေကို တစ်ဖက်ချင်းဆီ ကုတင်အောက်သို့ ချလိုက်၏။ ခြေထောက်အကြောများမှ ကိုယ်ခန္ဓာအတွင်းသို့ လှိုက်တက်လာသော နာကျင်မှုမှာ ပြောမပြတတ်အောင်ပင်။ ထို့နောက် ဂလူးကိုစ့်အိတ်ချိတ်ထားသော တိုင်ကို အားပြုကာ ကိုနောင် အောက်ထပ်ရှိရာသို့ တဖြည်းဖြည်းချင်း ရွေ့လာကာ လှေကားရင်း၌ အမောဖြေနေလိုက်၏။ လှေကားမှာ ၇ ထစ်သာ ရှိသည်မို့ တစ်ထစ်ချင်း ဖင်ထိုင်ဆင်းသွားလျှင် မကြာခင် မိသားစုနှင့် ပြန်လည်ဆုံဆည်းခွင့် ရပေတော့မည်။ သို့သော် အောက်ထပ်မှ အသံအချို့ ကိုနောင် ကြားလိုက်ရ၏။

“သားပြောတာကို နားထောင်ပါဦး အမေရယ်၊ ဒီလောက်နှစ်တွေကြာမှတော့ ဘာကို မက်မောနေဦးမှာလဲဗျာ။ သားနဲ့အတူ တခြားမှာ သွားနေရအောင်နော်” ဟု အသံတစ်ခု ထွက်ပေါ်လာလေသည်။ သားလေးရဲခေါင်အပြင် တပါးသူ ဖြစ်နိုင်မည် မဟုတ်သော်လည်း အသံပိုင်ရှင်လည်း

လူကြီးတစ်ယောက်ကဲသို့ ခပ်အောအောပင်။ ထို့နောက် လှေကားဘေးနံရံတွင် ချိတ်ဆွဲထားသော ဓါတ်ပုံအချို့ကိုလည်း ကိုနောင် သတိထားမိလိုက်သည်။ ဓါတ်ပုံထဲတွင် အသက် ၂၀ ကျော်ခန့် ရှိမည် ထင်ရသော လူငယ်တစ်ဦးက ဘွဲ့ဝတ်စုံကို အကျအနဝတ်၍ စုစုကို ဖက်ထား၏။ "ဟင် ဒါက စုစုလား၊ ဒါဆို ဒါက ဒါက ငါ့သားလေး ရဲခေါင်ပေါ့" ဟု ကိုနောင် ကြောက်လန့်တကြား တွေးမိလိုက်လေသည်။ "ဘယ့်နှယ့်ပါလိမ့်၊ ငါ ဒီဝေဒနာ ခံစားနေရတာ ဘယ်လောက်တောင် ကြာသွားတာပါလိမ့်" ဟု တွေးနေရင်း အောက်ထပ်မှ စုစု၏အသံကို ထပ်မံကြားလိုက်ရပြန်သည်။

"ဘာပဲဖြစ်ဖြစ်ပေါ့ သားရယ်။ အမေနဲ့ မင်းအဖေ ချွေးနည်းစာလေးနဲ့ ဆောက်ထားတဲ့ ဒီအိမ်လေးကို အမေကတော့ မစွန့်ပစ်နိုင်ဘူးကွယ်။ ပြီးတော့ မင်းလည်း သိသားပဲ။ မင်းအဖေက အမေတို့ သားအမိကို သိပ်ချစ်လွန်းကို အခုထိ မကျွတ်လွတ်နိုင်ဘူးဆိုတာ။ အမေကတော့ ဒီအိမ်မှာပဲ ခေါင်းချဖို့ စိတ်ကူးတယ်။ မင်းနဲ့ မင်းမိန်းမလေးတို့ကိုလည်း အမေက မိဘတို့ဝတ္တရားရှိတဲ့အတိုင်း လက်ထပ်ပေးခဲ့ပြီ မဟုတ်လား။ သားနဲ့ ချွေးမလေးတို့ တခြားမှာ ခွဲနေကြမယ့်ကိစ္စကို အမေက ကန့်ကွက်စရာ မရှိပါဘူးကွယ်။ ဒါကြောင့် အမေကတော့ ဒီနေရာလေးမှာပဲ တသက်လုံး နေသွားမယ်လို့ ဆုံးဖြတ်ထားတယ်"

စုစု၏စကားများကြောင့် ကိုနောင့် ကမ္ဘာကြီး ချာချာလည်သွားရတော့သည်။ စုစု ကိုနောင့် ကုတင်ဘေးတွင် ငိုကြွေးနေစဉ်က ပြောခဲ့သော စကားများကို သူနားလည်စပြုလာတော့၏။ သို့သော် ကိုယ့်ကိုယ်ကိုယ် ဘယ်ဘဝ ရောက်နေသလဲဆိုသော အသိကြောင့် ကိုနောင့်ခေါင်းတွေ ထိုးကိုက်လာခါ ယိုင်ထိုးပြီး လှေကားအောက်သို့ လိမ့်ကျသွားကာ ကိုနောင့်ခေါင်းထဲ နောက်တစ်ဖန် အမှောင်ထုကြီးက ထပ်မံ ကြီးစိုးသွားပြန်တော့လေသည်။

■

(၈) အောင်အောင်

မိုးစင်စင် မလင်းသေးခင် အာခံတွင်းထဲတွင် သူ့ကို တောင့်တနေပြီဖြစ်သည်။ ဖြစ်နိုင်လျှင် ညဘက် တရေးတမော အပေါ့ထသွားရင်တောင် ရေအစား သူ့ကို တောင့်တမိ၏။ အဘယ်ကြောင့်များ သူ့ကို ဒီလောက်ထိ တမ်းတမ်းစွဲ ဖြစ်သွားမှန်း အောင်အောင် မသိချေ။ မနက်မိုးလင်းလျှင် သူ့ကို တောင့်တမိသလို နေ့လယ်စာ စားချိန်ရောက်လျှင်လည်း သူက မပါမဖြစ်။ ရုံးမှာ နေ့လယ်နေ့ခင်း ငိုက်မျည်းချင်လျှင်လည်း သူက ဇာတ်လိုက်ကျော်သာ။ အိမ်ရောက်ပြန်လျှင်လည်း မိသားစု စကားဝိုင်းမှာ သူက အခရာပင်။ ဆိုတော့ကား သူသည် အောင်အောင့်ဘဝကို အလွှမ်းမိုးနိုင်ဆုံးသော သူဟု ဆိုလျှင် မှားနိုင်ဖွယ်ရာ မရှိတော့ချေ။

ကုတင်ခေါင်းရင်းရှိ နှိုးစက်နာရီဝိုင်းလေးမှ မနက် ၆ နာရီ အသံညံလာလေလျှင် အောင်အောင် အိပ်မှုန်စုံမွှားဖြင့် အလူးအလဲ ထရပေတော့သည်။ ပေအိပ်နေ၍က မဖြစ်။ မြို့ထဲအထိ ရုံးတက်ရမည်မို့ အောင်အောင့်အနေဖြင့် အိမ်မှ ရုံးတက်ချိန်မတိုင်မီ ၁ နာရီခွဲခန့် တိကာ တိုင်းကာ ထွက်ရမည်ဖြစ်သည်။ အိပ်ရာထဲမှ ဝုန်းခနဲ ပြေးထွက်သွားသော အောင်အောင့် ပထမဆုံး ခြေလှမ်းတွေက မီးဖိုချောင်လေးဆီကိုပင်။ ရေခဲသေတ္တာပေါ်မှ စတီးကိုယ်ထည်တွင် ကော်လက်ကိုင် ကွပ်ထားသော လျှပ်စစ်ရေနွေးအိုးလေးကို (အရပ်အခေါ် ၃ မိနစ်အိုး) အမြန်ဆွဲယူကာ အနီးရှိ ဘေစင်တွင် ရေတဝက်ခန့်ဖြည့်ပြီး သူ့အထိုင်အောက်က ကော်ခွင်လေးတွင် နေရာကျအောင်ထည့်ပြီး ပလပ်ခေါင်းဝိုင်းဝိုင်းကလေးကို အနီးရှိ လွတ်လပ်နေသော မီးပလပ်ခုံမှ အပေါက်ထဲ သေသေချာချာ တပ်ဆင်လိုက်သည်။ ထို့နောက် ရေနွေးအိုး ကော်လက်ကိုင်ထိပ်ရှိ ခလုပ်ကလေးကို ချောက်ခနဲ ကျအောင် ချပြီးမှ စိတ်တိုင်းကျသွားကာ အောင်အောင် ရေချိုးခန်းဆီပြေး၍ ကိုယ်လက်သန့်စင်ရတော့သည်။

အောင်အောင့်အတွက်တော့ ကော်ဖီဟူသောအရာသည် အသက်သွေးကြောပင်။ ရွယ်တူ ယောကျ်ားလေးများလို အရက်၊ ဘီယာ၊ ဆေးလိပ်၊ ကွမ်းတို့ကို လက်ဖြင့်ပင် မထိသော်လည်း ကော်ဖီကိုမူ အောင်အောင်က မက်မက်စက်စက် သောက်တတ်သည်။ သူငယ်ချင်းများနှင့် ဆုံလျှင်ပင် အောင်အောင်က ကော်ဖီဆိုင်ကိုသာ ချိန်းတတ်သည်သာ။ ဆွတ်ပျံ့နူးညံ့နေသော အာရေးဗီးကား ကော်ဖီမှုန့်ကလေးကို လက်ဖက်ရည်ဇွန်းကလေးဖြင့် သုံးဇွန်းခပ်ကာ ကြွေရည်သုတ် ကိုင်းတပ် မက်ခွက်ထဲထည့်။ (စတီးခွက်နှင့် ဖျော်သည်ကို

အောင်အောင်က သဘောမကျချေ။ ကော်ဖီ၏ အနံ့အရသာများ လျော့နည်းသွားတတ်သည်ဟု သူက ယူဆသည်။) ကြွေခွက်ထဲ နွားနို့ နို့မှုန့်လေးက နှစ်ဇွန်းထည့်ကာ ပွက်ပွက်ဆူနေသော ရေနွေးကို ဖြည်းဖြည်းချင်း ကော်ဖီ၊ နို့မှုန့်တို့နှင့် တသားတည်း ကျသွားအောင် လောင်းထည့်ရပေသည်။ ထို့နောက် ဇွန်းကလေးဖြင့် ငါးပတ် တိတိကျကျမွှေကာ ကြွေခွက်ကလေးကို အဖုံးနှင့်အုပ်၍ ခေတ္တနှပ်ထားရသေးသည်။ ကော်ဖီမှုန်ကလေးများ အနည်ကျသွားလျှင် အဆိမ့်အရသာလိုပါက ဘာဘူနွားနို့ အနည်းငယ်ကိုလည်းကောင်း၊ အချိုလိုချင်ပါက ဝမ်းတီးနို့ဆီကိုလည်းကောင်း အချိုးကျကျ ရောစပ်ကာ ဖျော်သောက်ရလျှင် ထမင်းမေ့ ဟင်းမေ့ မက်မက်စက်စက်ပင် အောင်အောင်က သောက်တတ်သည်။

မည်သည့်အချိန်မှစ၍ ဤမျှ ကော်ဖီကို တမ်းတမ်းစွဲဖြစ်သွားမှန်း အောင်အောင်ကိုယ်တိုင်ပင် မသိသည်မှာ အမှန်။ သို့သော် အကြောင်းအမှန်ကို ကပြောင်းကပြန် အိတ်သွန်ဖာမှောက် ပြရလျှင်တော့ ကော်ဖီဆိုသည့်အရသာကို ပထမဆုံးအကြိမ် စတင် ခံစားဖူးသည်မှာ အောင်အောင် ၈ တန်းနှစ်က ဖြစ်မည်ထင်သည်။ အောင်အောင်တို့ မိသားစုက မနက်ခင်းဆိုလျှင် မုန့်ဟင်းခါးကိုသော် လည်းကောင်း၊ ကြာဇံသုပ်၊ ခေါက်ဆွဲသုပ်တို့ကိုလည်းကောင်း လမ်းထိပ်ရှိဆိုင်မှ ကန်ထရိုက် ဆွဲထားသလို နေ့စဉ် စားလေ့ရှိကြသည်။ အသုပ်တစ်ပွဲ ၁၀၀ ဖိုးပင်လျှင် ကလေးတစ်ယောက် ဝဝလင်လင် စားရသမို့ အဖိုးနည်းပြီး ဗိုက်ပြည့်သည့်အစာ ဖြစ်သဖြင့် တအိမ်သားလုံး တက်ညီလက်ညီ အားပေးကြသည်သာ။ မနက်စာ စားပြီးလျှင် အောင်အောင်တို့အိမ်မှ လူကြီးသူမများက မီးသွေးမီးဖိုကြီးဖိုကာ ရေနွေးကို တဗွမ်းဗွမ်း ဆူပွက်အောင် တည်ပြီး လူကြီးအားလုံးအတွက် ကော်ဖီဖျော်တတ်လေ့ရှိသည်။ အောင်အောင်နှင့် သူ့အောက်က ညီမဖြစ်သူတို့ကိုသာ ကလေးတွေအတွက် ကော်ဖီ မသောက်ကောင်းဟု ဆင်ခြေပေးလျှက် တိုက်လေ့မရှိပေ။ ဘာကြောင့် မသောက်ကောင်းမှန်း အောင်အောင် မသိ။ လူကြီးက တစ်ခွန်းဆို ပြန်မလှန်ရဲသဖြင့်သာ ငြိမ်ကုပ်နေခဲ့ရသည်။ အခုနေများ ကော်ဖီမကောင်းကြောင်း လာပြောရင် အောင်အောင်တစ်ယောက် ကတ်ကတ်လန်အောင် စကားနာ ထိုးလိုက်မိမည်မှာ အမှန်။ ဆိမ့်သော၊ ချိုသော၊ ခါးသော၊ ဖန်သော ကော်ဖီမျိုးစုံကို အခုတော့ အောင်အောင်တစ်ယောက် ကိုယ်တိုင် မြည်းစမ်းခဲ့ပြီးပြီ မဟုတ်ပါလား။

အောင်အောင်တို့ ကျောင်းသွားတိုင်း အမေဖြစ်သူက မုန့်ဖိုးအနေဖြင့် မြန်မာငွေ ကျပ် ၂၀၀ စီ ပေးလေ့ရှိသည်။ ညီမဖြစ်သူ မည်သို့သော သရေစာမျိုးကို စားသောက်သနည်းဟု အောင်အောင် စိတ်မဝင်စား။ သူ စိတ်ဝင်စားသည်မှာ ပြုံးဘီစကစ်ဝယ်ပြီး အတန်းဖော် သန့်ဇော် နေ့စဉ် ထည့်ယူလာတတ်သည့် ကော်ဖီနှင့် လဲစားဖို့ရန်သာ တာဆူနေတတ်လေသည်။ သန့်ဇော်၏အိမ်က သူ့ကို နေ့လယ်နေ့ခင်း အိပ်ငိုက်တတ်မှာ စိုးသဖြင့် ကော်ဖီထည့်ပေးတတ်သည်။ အမက

၂၅ ကျောင်းကလေးမှာ ၇ တန်းနှစ်အထိ မနက်ပိုင်းကျောင်းဖြစ်သဖြင့် နေ့လည် ၁၂ နာရီ ကျောင်းဆင်းပြီးနောက် အိမ်ပြန်ရောက်လျှင် နေ့ခင်း တရေးတမော အိပ်နိုင်သည် ဖြစ်သော်လည်း ၈ တန်းနှစ်မှာမူ နေ့လယ်ပိုင်းကျောင်းသို့ အချိန်ပြောင်းသွားသဖြင့် အောင်အောင်တို့၊ သန့်ဇော်တို့လို အအိပ်မက်သော ကလေးများ အခက်တွေ့ရလေသည်။ ထို့ကြောင့်လည်း အောင်အောင်က သန့်ဇော်အိမ်က ဖျော်ပေးလိုက်သော ကော်ဖီကို မြည်းစမ်းကြည့်မိရာက စွဲမှန်းမသိ စွဲလမ်းလာခဲ့ဟန် တူ၏။

ထို့နောက် ၁၀ တန်းနှစ်တွင် အထက ကျောင်းသို့ ပြောင်းရွှေ့ခဲ့ရပြီးနောက်တွင်တော့ အောင်အောင့် စွဲလမ်းမှုတွေက ဒီထက်မက တိုးတက်လာပေတော့သည်။ ၁၀ တန်းစာမေးပွဲ နတ်ကြီးသည်ဟူသော အရပ်စကားကြောင့် နေ့မအား ညမနား စာပေများကို ကျက်မှတ်ရသဖြင့် မိသားစုကပါ လိုလိုလားလား အောင်အောင့်ကို ကော်ဖီသောက်ခွင့် ပေးလာသဖြင့် သူ့ခမျာ ပျော်မဆုံး ဖြစ်ခဲ့ရပေသည်။ ထိုကာလများတွင်တော့ ကော်ဖီအမျိုးအစား အခေါ်အဝေါ်များနှင့် မရင်းနှီးသေးသဖြင့် အမေဖျော်ပေးသည့် အသင့်ဖျော် ကော်ဖီမစ်ထုပ်ကလေးကိုသာ မက်မက်စက်စက် သောက်နေခဲ့ရသည်။ တခါတလေများ အမေ မအားသည့်အခါများနှင့် ကြုံလျှင် အောင်အောင်တစ်ယောက် စူပါကော်ဖီမစ်ကလေးကို ကတ်ကြေးကလေးဖြင့် ကိုက်ပြီး ပါးစပ်ထဲ ၃ ပုံ ၁ ပုံခန့် လောင်းထည့်ကာ တံတွေးဖြင့်ပင် ဝါးစားပြီး ရေတစ်ငုံသောက်ချပစ်လိုက်သည်သာ။ ရေမရောသော ကော်ဖီမို့လားမသိ။ တစ်ထုပ်စားလိုက်သည်နှင့် မျက်လုံးများပင် ပြူးကျယ်သွားရပေသည်။ ထိုသို့ဖြင့် ကော်ဖီနှင့် အောင်အောင်၊ အောင်အောင်နှင့် ကော်ဖီသည် ကိုင်းကိုကျွန်းမှီသကဲ့သို့ အမှီသဟဲပြုကာ ၁၀ တန်းစာမေးပွဲပင် အောင်အောင်မြင်မြင် ဖြေဆိုလာနိုင်ခဲ့ပေတော့သည်။

မနက်ခင်း ရေချိုးဖို့ ညကတည်းက မီးအလာကိုစောင့်ကာ ရေတင်ထားသဖြင့် တော်သေး၏။ လောပိတရေတံခွန်မှ ရေအားဖြင့် တစ်နိုင်ငံလုံးကို ဓါတ်အားပေးဝေနေသည်ဟု အောင်အောင် ကြားဖူးသော်လည်း ရန်ကုန်မြို့၏ဓါတ်အားခွဲဝေမှုပုံစံမှာ စိတ်ပျက်ဖွယ်ရာ အတိပင်။ မီးမလာခြင်းနှင့် မီးအားနည်းခြင်းတို့က ဗိုလ်လုံတလှည့် ငါးပျံတလှည့် ဖြစ်နေတတ်ပေသည်။ ထိုအထဲကမှ ဟိုလမ်းထောင့်မှာ သစ်ကိုင်းကျိုးလို့၊ ဒီနားမှာ မြေအောက်လိုင်းပေါက်လို့ အစရှိသဖြင့် ဆင်ခြေပေါင်း သောင်းခြောက်ထောင်ကိုပါ ထည့်တွက်ပါက လျှပ်စစ်မီးသွယ်ထားရသည်မှာ မနိပ်လှ။ ညနေ ၆ နာရီဝန်းကျင်တိုင်း လျှပ်စစ်မီးအားနည်းပုံကဖြင့် သဘော်သား မီးသီးကလေး ထွန်းထားပါက အမှောင်ထဲ ခရမ်းချဉ်သီးကလေး ဆွဲထားသည်နှင့် မခြားလှပေ။ လျှပ်စစ်မီးသွယ်ထားသော အိမ်တိုင်းလိုလို အရင်တုန်းကလို သံပုံးကို ဘိလပ်မြေအတွင်းက လောင်းထားသော မီးသွေးမီးဖိုလေးများသည် လည်းကောင်း၊

အုတ်ခဲကလေး သုံးလုံးဆိုင်ထားသော ထင်းမီးဖိုကလေးသည်လည်းကောင်း အစဉ်အလာမပျက် သုံးစွဲကြရမြဲပင်။

ခန္ဓာကိုယ်ကို ဆပ်ပြာတိုက်ရင်း ရေမော်တာလေး ဖွင့်ခဲ့ရင် ကောင်းသားဟု အောင်အောင် တွေးမိသေးသည်။ သို့သော် ရေစိုခန္ဓာကိုယ်ကြီးဖြင့် အိမ်ရှေ့တံခါးပေါက်နားအထိ သွားပြီး မော်တာခလုတ် သွားဖွင့်ဖို့ကမလွယ်။ လူက ရေစိုနေသဖြင့် လျှပ်စစ်ပစ္စည်းကိုင်ဖို့လည်း တွန့်နေသည်။ တလောက မီးချောင်းကျွမ်းသွားသဖြင့် အသစ်လဲတုန်းက ဓါတ်လိုက်ပြီး ခွေးခြေခုံပေါ်က ပြုတ်ကျသည်ကို အောင်အောင် မှတ်မိနေသေးသည်။ ထို့ပြင် အိမ်သားတွေ အိပ်နေကြတုန်းမို့ အောင်အောင် အော်လည်းမနှိုးချင်ပေ။ သို့ဖြင့် ပေပြီး ရေမြန်မြန်ချိုးနေစဉ် ရေချိုးခန်းမီးက ဖျတ်ခနဲ မှိတ်သွားတော့၏။ အောင်အောင် အင်မတန် စိတ်ပျက်သွားသည်မှာ အမှန်။ ချိုးစရာရေ မကျန်သောကြောင့်တော့မဟုတ်။ မီးဖိုခန်းထဲမှ ၃ မိနစ်အိုး ခလုပ်တက်သံ မကြားရသေးသောကြောင့် ဖြစ်သည်။ မနက်တိုင်း ရေချိုးသည့်တွင် ထို ၃ မိနစ်အိုးလေး၏ ခလုပ်တက်သံကို နားစွင့်နေကြဖြစ်သဖြင့် ဒီလောက် အချိန်မျှဖြင့် ရေနွေး ကောင်းကောင်း မကျက်သေးမှန်း အောင်အောင် အတပ်သိသည်။ ရေနွေးကောင်းကောင်းမကျက်လျှင် ကော်ဖီလည်း မကောင်းနိုင်ပေ။ စိတ်ထဲကဖြင့် လျှပ်စစ်ဓါတ်အားပေးနေသည့်ရုံးဆီ မေတ္တာကောင်းကောင်းပို့လျက် ရေချိုးခြင်းအမှုကို အောင်အောင် မြန်မြန် လက်စသတ်လိုက်ရသည်။ အခုနေဆို သူ့အတွက် နောက်ဆုံး မျှော်လင့်ချက်လေး ကျန်နေသေးသည်မဟုတ်ပါလား။

အောင်အောင် အဝေးသင် ဘူမိဗေဒနှင့် ကျောင်းပြီးပြီးနောက် လက်ရှိရုံးကလေးတွင် အောက်တန်းစာရေးအလုပ်လေး ရသည်။ အဝေးသင်မို့ တစ်နှစ်ကို ကသုတ်ကရက် ကျောင်း ၁၀ ရက် အနီးကပ်တက်ပြီး ဖြေကာ အောင်မြင်ခဲ့သော်လည်း ကျောင်းက ဘာသင်ပေးလိုက်သလဲဟု မေးလျှင် သူ့တွင် အဖြေမရှိပေ။ ရုံးအလုပ်ကလေး ရတော့ အောင်အောင့်မှာ ရာထူးရယ်လို့ အတိအကျမရှိဘဲ မိတ္တူဆွဲ၊ အလုပ်တက်စာရင်းဖြည့်၊ အမ်ဒီရုံးခန်းရှေ့နားက စားပွဲတွင် ကွန်ပျူတာကလေးတစ်လုံးနှင့် အမ်ဒီခိုင်းသမျှ စာရင်းကလေးတွေကိုသာ စစ်ပေးရသည်က များသည်။ ဒီအလုပ်ကို ပျော်လှသည် မဟုတ်သော်လည်း အောင်အောင့်ကို ဒီရုံးကလေးမှာ ၃ နှစ်တိုင်တိုင်ရှိအောင် စွဲမြဲနေရစေသည့် အကြောင်းအရင်းမှာ ကော်ဖီကြောင့်ပင် ဖြစ်ပေသည်။ တစ်ခါတရံ ဇီဇာကြောင်သော အမ်ဒီကြောင့် စိတ်ညစ်ရသော်လည်း စိတ်ကြိုက်သောက်ခွင့်ရှိသော ရုံးထမင်းစားခန်းမှ ကော်ဖီလေးကိုတော့ အောင်အောင် သဘောကျသည်မှာ အမှန်။ မနက် ၉ နာရီ ရုံးတက်ပြီးသည့်နောက် ၁၁ နာရီ ဝန်းကျင်ဆိုလျှင် အောင်အောင်တစ်ယောက် မယောင်မလည်နှင့် ရုံးထမင်းစားခန်းဆီ ရောက်သွားပြီး ကော်ဖီလေးတစ်ခွက်ဖြင့် ထွက်ထွက်လာတတ်သည်။ ကော်ဖီလေး တစ်ငုံများ

သောက်ပြီးပါက တစ်ကိုယ်လုံး အကြောအချဉ်များ ပြေလျော့သွားတတ်သည်မို့ ဘောစားပွဲက အပျိုကြီး၏ တစ်ရုံးလုံးမှ (အမ်ဒီပါမကျန်) အတင်းအဖျင်း သောင်းပြောင်းထွေလာတို့ကို မငြီးမငြူ နားထောင်နိုင်သည်။ အော်ပရေးရှင်းပိုင်း လီဒါ ကိုမိုး၏ ဘက်ဂျက် ရီပို့ကိုလည်း အမှားအယွင်းမရှိ စစ်ဆေးနိုင်ပြီး လူသားအရင်းအမြစ်ဌာနမှ ဖောက်သည်ချသော ကွန်ပလိန်းများကိုလည်း သေသေချာချာ နားထောင်နိုင်သည်မှာ ဒီကော်ဖီလေးကြောင့်သာဟု အောင်အောင်က မှတ်သည်။

ယုတ်စွအဆုံး အောင်အောင်ဆိုသည်မှာ ပထမဆုံး ရုံးလစာလေးနှင့် ကော်ဖီကောင်းကောင်းလေးကို ဦးဦးဖျားဖျား သွားဝယ်ခဲ့သေးသည့်သူပင် မဟုတ်ပါလား။ မိမိလုပ်အားဖြင့် ရင်းပြီး ပထမဆုံး ရလာသော အဖြူရောင် စာအိတ်ကလေးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ပြီး မျှော်လင့်ချက်ပေါင်း များစွာဖြင့် လှည်းတန်းဈေးရှေ့က စိန်ဂေဟာ ကုန်တိုက်ထဲဝင်ပြီး မိမိစိတ်ကြိုက် ကော်ဖီရှာပုံတော် ဖွင့်ခဲ့ဖူး၏။ စူပါ၊ ဂိုးရို့စ်၊ မီကို၊ ကင်း အစရှိသဖြင့် အထုပ် ၃၀ ပါ အသင့်ဖျော် ကော်ဖီမစ်များကို ကျော်ပြီး နိုင်ငံခြားဖြစ် ဖန်ပုလင်း လှလှကလေးနှင့် ထုပ်ပိုးထားသည့် အာရေးဗီးကား ကော်ဖီဗူးကလေးဆီ ရောက်တော့မှ အောင်အောင် ရပ်ကာ ကြည့်လိုက်သည်။ ကော်ဖီဗူးကလေး ဈေးက အသင့်ဖျော် ကော်ဖီမစ် အိတ်ကြီးတစ်ထုပ်၏ ၂ ဆခွဲကျော်ကျော်ခန့် ရှိသည်။ အာရေးဗီးကား ကော်ဖီကောင်းကောင်းလေးကို ဈေးကြီးကြီးပေး၍ တစ်လလုံး ချွေချွေတာတာ သောက်မည်လား၊ အသင့်ဖျော် ကော်ဖီမစ်ပဲ ခပ်ပေါပေါဝယ်ကာ တစ်နေ့တစ်ထုပ်ကျ နပ်မှန်အောင် သောက်မည်လား ဟူသော မေးခွန်းတို့က အောင်အောင့်ကို ထိုးနှက်နေကြသည့်နှယ်။ အိမ်က အဖေနှင့်အမေ့ကို ကန်တော့ဖို့ ပိုက်ဆံနှင့် တစ်လလုံး ရုံးတက်ဖို့ ကားခလေး ဖယ်လိုက်တော့ ကော်ဖီ ကောင်းကောင်းလေး သောက်ဖို့အပြင် မစို့မပို့လေး ကျန်သေးသမို့ အောင်အောင်လည်း နှစ်ထောင်အားရသော ဆန္ဒတို့ဖြင့် မျက်စိစုံမှိတ်ပြီး အာရေးဗီးကား ကော်ဖီ ဝယ်ခဲ့ဖူးသည်ကို တစ်သက်မမေ့။ ကြာတော့လည်း ငါ့ဝမ်းပူဆာ မနေသာမို့ အောင်အောင့်ခမျာ အာရေးဗီးကားကော်ဖီ အနံ့လေးပင် မရှူရှိုက်နိုင်တော့ပါချေ။ ရုံးက ကော်ဖီလေးပဲ အားကိုးအားထားပြုကာ အောင်အောင် အသက်ဆက်နေရသည်မှာကြာပေပြီ။ လက်ကုန်တိုင်း မှတ်မှတ်ရရ ဝယ်တတ်တဲ့ အထုပ် ၃၀ ပါ ကော်ဖီမစ်ထုပ်ကြီးကိုတော့ မနက် မိုးလင်းလင်းချင်း မောနင်းကော်ဖီအဖြစ် ဖြည့်တင်းရလျှင် အောင်အောင့်အဖို့ ပြီးပြည့်စုံသော ကျက်သရေ မင်္ဂလာနှင့် ပြည့်စုံသော မနက်ခင်းဟုပင် မှတ်ယူရပေတော့သည်။

မျက်နှာသုတ်ပုဝါနှင့် ကိုယ်ကို ခပ်သွက်သွက်သုတ်ကာ အင်္ကျီမဝတ်သေးဘဲ ရေလဲပုဆိုးလေး ဝတ်ရင်းက မီးသွေးမီးဖိုကို လေမှုတ်တံဖြင့် တဖူးဖူးမှုတ်၍ အောင်အောင် မီးမွေးနေလေသည်။ ခုနက လျှပ်စစ်မီးနှင့် တည်ထားသည့်အရှိန်နှင့်မို့

ပူလက်စဖြစ်နေသဖြင့် မီးကောင်းကောင်းနှင့် ၅ မိနစ်ခန့် တည်လိုက်ပါက ရေနွေးဆူဆူလေး ရနိုင်ပေသည်။ ရုံးမသွားခင် ဒီမောနင်းကော်ဖီလေးက သောက်ကိုသောက်မှ။ မဟုတ်လျှင် ဘတ်စ်ကားပေါ်တွင် တိုးစီးရင်း မနက်စောစော ထထားရသည့် အရှိန်ကြောင့် အိပ်ငိုက်မည်မှာ မြေကြီးလက်ခတ်မလွဲ။ ဟိုတစ်ခါတုန်းကလည်း မောနင်းကော်ဖီ မသောက်ဘဲ ရုံးသွားတုန်း ဘတ်စ်ကားပေါ် အိပ်ငိုက်လို့ ကောင်းကောင်းခံခဲ့ရပြီးပြီ။ အောင်အောင် လူကြားထဲ မတ်တပ်ရပ် အိပ်ငိုက်ရင်း လှည်းတန်းမှတ်တိုင်ရောက်၍ ကားပေါ်က ဆင်းခါနီးမှ ဘေးလွယ်အိတ်ကလေး အခွဲခံရတာကို သိလိုက်ရသည်။ ပိုက်ဆံအိတ်ထဲ ပိုက်ဆံဟူ၍ များများစားစား မပါသော်ငြားလည်း ရုံးတက်ဖို့ရာ လူမြင်တော်သည့် လွယ်အိတ်ကလေး အခွဲခံလိုက်ရတာကိုတော့ အောင်အောင် နှမြောတသ ဖြစ်မိသည် မဟုတ်ပါလား။ စိတ်ထဲကလည်း ဒါဟာ မောနင်းကော်ဖီ မသောက်ခဲ့လို့ဟု လိုရာဆွဲတွေးပြီးကတည်းက ရုံးမသွားခင် မနက်တိုင်း စူပါ ကော်ဖီပူပူလေးတစ်ခွက် ဆိမ့်သက်ခါးအရသာလေးကို လည်ချောင်းထဲမျိုချပြီး ဘတ်စ်ကားကို မျက်စိရှင်ရှင်ထားကာ စီးခဲ့သည်မှာ အခုထိပင်။

မီးဖိုထဲတွင် မီးစွဲသောအခါ မီးဖို နှုတ်ခမ်းဝတွင် ထင်းချောင်းအနည်းငယ် ထိုးထည့်ပြီး စောစောက လျှပ်စစ်ရေနွေးအိုးမှ ရေမကျက်တကျက်ကို အောင်အောင်တို့ မိသားစု ဘိုးဘွားပိုင် ကျပ်ခိုးများ တက်နေသဖြင့် မည်းတူးညစ်ထေနေသော ဒန်ရေနွေးအိုးကလေးဆီသို့ ပြောင်းထည့်ကာ မီးဖိုပေါ်တင်ပြီး အောင်အောင် အဝတ်အစား အပြေးအလေး လဲရသည်။ ယောက်ျားကလေး ဖြစ်သမို့ တော်သေးသည်။ အလှပြင်ပစ္စည်း မိတ်ကပ်၊ နှုတ်ခမ်းနီ၊ လက်သည်းဆိုးဆေးတို့ကို တခုတ်တရ ဝယ်ယူစုဆောင်း ခြယ်သစရာ မလိုသည့်အတွက် အခန်းထဲ ရောက်သည်နှင့် ရေလဲပုဆိုးချွတ်၊ အောက်ခံဘောင်းဘီအနွမ်းကလေး ကောက်စွပ်ကာ အပေါ်မှ ရှပ်အင်္ကျီအဖြူလက်ရှည်နှင့် ရုံးတက် စတိုင်ပန့် နက်ပြာကလေး ဆင်မြန်းပြီး ပခုံးဝဲယာနှစ်ဖက်သို့ ပိုက်ဆွန် ရေမွှေးကလေး ဆွတ်လိုက်လျှင် ပြီး၏။ ထို့နောက် မျက်နှာပေါ်တွင် ကိုရာစနိုးကို ခပ်ပါးပါး လိမ်းပြီးနောက် မီးဖိုခန်းဆီ ပြေးလာပြီး မောနင်းကော်ဖီသောက်ဖို့ ပြင်လိုက်လေတော့သည်။

ပြီးခဲ့သည့်လက ကော်ဖီဝယ်တုန်း ပရိုမိုးရှင်းလက်ဆောင်ပေးသည့် တစ်ခါသောက် ကြွေခွက်ကလေးထဲ စူပါကော်ဖီမစ်လေးတစ်ထုပ် ဖောက်ထည့်ကာ မီးဖိုပေါ်မှ ရေနွေးပူကျက်ကျက်ကို လောင်းထည့်ပြီး ဇွန်းကလေးဖြင့် ခပ်သွက်သွက်မွှေကာ တဖူးဖူး မှုတ်သောက်၍ မောနင်းကော်ဖီကိစ္စကို ပြီးဆုံးစေသည်။

ဒီနေ့မနက် ကော်ဖီနှိုက်တော့မှ နောက်ဆုံး ကော်ဖီထုပ်ဖြစ်ကြောင်း

သိရသဖြင့် လကုန်ရက် ဖြစ်ကြောင်း သိရသည်။ ကော်ဖီထုပ်သည် အောင်အောင့်အတွက်တော့ ပြက္ခဒိန်ကဲ့သို့ပင် အားထားရသော အရေးပါသော အရာတစ်ခု ဖြစ်သည်မှာ ငြင်းဆိုဖွယ်ရာမရှိ။ ထို့ကြောင့် အောင်အောင့်အတွက် ဒီမနက် ကားစီးရင်း တာဝန်တစ်ခု တိုးလာပေဦးမည်။ ညနေလစာထုတ်ရင် စိန်ဂေဟာထဲ ဝင်ပြီး တစ်လစာ ကော်ဖီမစ်ထုပ်ကြီး ရှာပုံတော် ဖွင့်ရမည်။

ကော်ဖီပူကျက်ကျက်ကို သောက်ပြီးနောက် ရုံးမသွားခင် ဘုရားရှိခိုးရင်း အောင်အောင် တွေးနေမိသည်။

"စူပါက ခါးဆိမ့်သည်၊ ဂိုးရို့စ်က ဆိမ့်မွှေးသည်၊ ကင်းက နို့မှုန့်များသည်၊ ဟိုးတစ်လက သောက်ဖူးသည့် မီကိုလေးက မဆိုးရှာလှ၊ ပလက်တီနမ်ကတော့ ကော်ဖီမှုန့်ပါသလားပင် ဘုရားစူးကျိန်ရစေရဲ့၊ ဒီလတော့ ပရီမီယာလေးနဲ့ ကျေနပ်ရဦးမည်" ဆို၏။ တလက်စတည်းပင် ဘုရားကို တိုင်တည်လိုက်သည်က "တပည့်တော် ရာထူးကလေးများ တိုးသည့်အခါ အရှင်ဘုရားအားလည်း အာရေးဗီးကား ကော်ဖီဆွမ်း ကပ်ပါဦးမည် ဘုရား" ဟူ၍ပင်တည်း။

■

(၉) မငယ်

အိမ်ရောက်ရောက်ချင်း မငယ် ထမင်းစားခန်းထဲသို့ တန်းဝင်သွားလိုက်သည်။ ထင်သည့်အတိုင်းပင်။ ကြိုတင်ပြင်ပေးထားခဲ့သည့် ထမင်းနှင့် ဟင်းတို့က လက်ရာမပျက်ချေ။ မငယ် စိတ်ပျက်လက်ပျက်ဖြင့် သမီးလေး ဖူးသစ်ရှိရာ အိပ်ခန်းဆီသို့ လျှောက်သွားလိုက်လေသည်။

အိပ်ခန်းထဲတွင်လည်း ဖူးသစ်မရှိပေ။ မငယ် အပေါ်ထပ်က လူမမာခန်းသို့ အပြေးကလေး သွားလိုက်တော့၏။ သမီးလေးက ဒီရက်ပိုင်း သူ့အဖေကုတင်နားပဲ တဝဲလည်လည် လုပ်နေတာကြောင့် မငယ် စိုးရိမ်နေမိသည်မှာ အမှန်ပင်။ မငယ်ထင်သည့်အတိုင်းပင်။ သမီးက သူ့အဖေရဲ့ပက်လက် လူမမာကုတင်ကြီးပေါ်တွင် အိပ်ပျော်လျက် ရှိနေလေသည်။ မငယ် သမီးကလေးကို အသာအယာလေး လှုပ်နှိုးကာ လေသံပျော့ပျော့ဖြင့်

"သမီး အမေ ပြင်ပေးထားတဲ့ ထမင်း ဘာလို့မစားတာလဲဟင်။ သမီးမကြိုက်လို့လား" ဟု မေးလိုက်၏။

၄ နှစ်ကျော်၍ ၅ နှစ်ထဲ စွန်းလာပြီ ဖြစ်သော သမီးကလေးခမျာ မျက်နှာကလေးကိုကာ ငုံ့၍ နေနေလေသည်။ အမေဖြစ်သူ မငယ်ကိုပင် မော့ကြည့်ဖော်မရ။ ကလေးကလည်း ငယ်သေးသမို့ မငယ်တစ်ယောက်လည်း ဆူလည်းမဆူရက်နိုင်ပါပေ။

ယခုနေ မငယ် အဖြစ်ချင်ဆုံးဆန္ဒကို ပြောပါဆိုလျှင် သမီးကလေး ဖူးသစ်၏ တီတီတာတာသံလေးကို ပြန်လည် နားထောင်ရဖို့သာ ဖြစ်ပေသည်။ သွက်သွက်လက်လက် ချက်ချက်ချာချာ ရှိသော ဖူးသစ်ကလေးက ညနေပိုင်းဆိုလျှင် မူကြိုကျောင်းမှ သင်ပေးလိုက်သော ကဗျာများ၊ သီချင်းလေးများကို မိခင် မငယ်နှင့် အဖေဖြစ်သူ ကိုဌေးလှိုင်တို့ကို မမောမပန်း ရွတ်ပြခဲ့ဖူးသော အချိန်များကို မငယ် သတိရမိ၏။

ဘာလိုလိုနဲ့ ကိုဌေးလှိုင်ဆုံးတာ ဒီနေ့ဆိုရင် တစ်လတောင် ကျော်ခဲ့ပြီဖြစ်သည်။ ကိုဌေးက ကန်ထရိုက်မှာ အလုပ်သမားခေါင်းဆိုတော့ အလုပ်ကြမ်းပန်းရံသမားတွေလောက် သူ့အလုပ်က မပင်ပန်းသော်လည်း တစ်နေကုန် တစ်နေခမ်းသည်အထိ နေပူထဲ အလုပ်လုပ်ရသည့်အတွက် အသားအရည်က မဲကြုတ်နေသည့်အပြင် ကာလကြာရှည်စွာ တစိုက်မတ်မတ် သောက်လာခဲ့သော အရက်၏ တန်ခိုးကြောင့် မဲသောအသားတွင် ရဲသော

အခိုးအငွေ့တို့က ရစ်ဝဲနေရာ တစ်ခါတလေ ညနောက်ကျမှ မူးရူး၍ ပြန်လာသောအခါ တံခါးထထဖွင့်ပေးရတတ်သော မငယ်ပင် ကိုယ့်ယောက်ျားကို ကြည့်ပြီး လန့်နေတတ်သည်။ ကိုဌေးက အရက်မူးလာလျှင် မငယ်အပါအဝင် လူတိုင်းကို ဘုကလန့်လုပ်တတ်၊ ပြောတတ်သော်လည်း သမီးလေး ဖူးသစ်ကား ချွင်းချက်ဖြစ်၏။

ဖူးသစ်လေး ကိုယ်ဝန်တည်ကာစကပင် ဆရာဝန်ကြီးက သမီးလေးမှာ ဉာဏ်ရည် မဖွံ့ဖြိုး (အော်တစ်ဇင်) ရောဂါ ဖြစ်ပွားနိုင်ခြေရှိကြောင်း၊ ကာယကံရှင်မိဘများနှင့် ကလေး၏ အနာဂတ်အား ထောက်ထား၍ သန္ဓေသားဘဝ၌ပင် ဆေးထိုး၍ ဖျက်ချနိုင်ကြောင်း ပြောသော်ငြား ကိုဌေးမှာ ထိုဆရာဝန်ကြီးကိုပင် ကော်လာစ ဆွဲလား ရန်းလား လုပ်၍ သမီးလေး ဖူးသစ်အား ကာကွယ်ပေးခဲ့သည်မှာ မငယ်မျက်မြင်ပင်။ သူများကလေးနှင့်မတူသော ဖူးသစ်အား မငယ်ရော ကိုဌေးပါ မျက်စိဒေါက်ထောက်ကြည့်ပြီး စောင့်ရှောက်လာခဲ့သည်မှာ သမီးလေး တစ်သက်ပင်။

ဒီလို ကြည်နူးပျော်ရွှင်နေခဲ့တဲ့ မိသားစုလေးဘဝကို ပြောင်းပြန်လှန်ပစ်မဲ့ ကြမ္မာဆိုးကြီးကို ကိုဌေးရော မငယ်ပါ မမျှော်လင့်ခဲ့သည်မှာ အမှန်ပင်။ မှတ်မှတ်ရရ သမီးလေး မူကြိုစတက်တဲ့နေ့တွင် ဖြစ်၏။ သမီးလေးကို မူကြိုကျောင်းလိုက်ပို့ပြီး အပြန် နေ့လယ်နေ့ခင်း ငိုက်မျည်းနေစဉ် အိမ်ရှေ့ဆီမှ စိုးရိမ်တကြီး အော်သံကြောင့် မငယ် လန့်နိုးသွားရလေသည်။

“မငယ် ဗျို့ မငယ်”

အသံကြောင့် အိမ်ရှေ့တံခါးပေါက်သို့ ငေးကြည့်လိုက်ရာ လမ်းထိပ် ခြင်းဖုန်းဆိုင်မှ ကိုအာကာ ဖြစ်သည်။ အိမ်တိုင်းတွင် ဖုန်းမရှိသည်မို့ ပြည်တွင်း၊ နယ်ဝေး ကိစ္စကြီးငယ်ရှိလျှင် ကိုအာကာ့ အိမ်ရှေ့က တစ်မိနစ် အဝင်ကော တစ်ရာ၊ အထွက်ကော နှစ်ရာ ဆိုသော အထိုင်ခြင်းဖုန်းလေးကိုသာ အားထားရပေသည်။ ရပ်ဝေးရောက်နေသော မိတ်ဆွေများအဖို့ မငယ်နှင့် အဆက်အသွယ်မပြတ်ဖို့ရာ ကိုအာကာ့ဖုန်းထံ တိုက်ရိုက်ခေါ်ဆိုနိုင်ပေသည်။ ကိုအာကာကလည်း အနီးအနားပတ်ဝန်းကျင် မိသားစုထံလာသော ဖုန်းအဝင်ကောများဆို မငြီးမငြူ အိမ်ထိ သတင်းပါးပေးတတ်သည်မှာ ဒီရက်ကွက် ထုံးစံပင် ဖြစ်တော့သည်။

“ဘာတုံးတော့ ကိုအာကာ၊ ကွန်မဆီ ဖုန်းလာလို့များလား” ဟု မငယ်က ဆီးမေးလိုက်၏။

“ဟုတ်တယ်ဗျ မငယ်၊ စိတ်ကို ခိုင်ခိုင်ထားပါနော်။ ကိုဌေး အလုပ်ထဲ မတော်တဆ ဖြစ်လို့ ရန်ကုန်ဆေးရုံကြီးကို အမြန်လိုက်လာပါတဲ့၊ အခုပဲ

သူ့အလုပ်ထဲက အကြောင်းကြားလာတယ်”

ပြောမဲ့ပြောတော့လည်း ကရားရေလွှတ် ပြောချလိုက်သမို့ မငယ်ခမျာ အသက်ရှူတောင် မှားမတတ်ပင်။

“ကိုအာကာရယ် တမျိုးတော့ မထင်ပါနဲ့။ ညနေ ကျောင်းဆင်းချိန်လောက် ကျွန်မသမီးလေးကို ကြိုပေးထားလို့ ရမလားရှင်။ ကျွန်မ အခုပဲ ကိုဒွေးဆီ လိုက်သွားချင်လို့ပါ”

“ဟာဗျာ ရပါတယ်၊ ဒါတော့ စိတ်မပူနဲ့။ ကျုပ်မိန်းမ သီတာအေးကို ညနေ ကလေးအကြို လွှတ်လိုက်မယ်။ မငယ် စိတ်အေးအေး ဖြောင့်ဖြောင့်သာ သွားပါ”

ကိုအာကာ့စကားကြောင့် မငယ် သမီးလေး ဖူးသစ်အတွက် စိတ်သက်သာရာ ရမိသည်။ အရေးကြုံလို့ ကူမဲ့ အရပ်ရှိသေးသဖြင့် တော်သေး၏။ မငယ် လမ်းထိပ်ကပဲ တက္ကစီ တစ်စီးငှား၍ ရန်ကုန်ဆေးရုံကြီး ရှိရာဆီ အပြေးကလေး သွားလိုက်ပါတော့သည်။ ပါးစပ်ကလည်း ကိုဒွေး ကြီးကြီးမားမား အန္တရာယ် မဖြစ်ပါစေနဲ့ဟု ဆုတောင်းရတာ အမြှုပ်ပင် ထွက်မတက်။

“ဘုရား ဘုရား မပြောကောင်း မဆိုကောင်း ကိုဒွေးသာ တစ်ခုခု ဖြစ်သွားခဲ့ရင် တို့သားအမိ နှစ်ယောက်တော့ ကိုယ်ကျိုးနည်းရချည်ရဲ့”

မငယ်စိတ်က မတွေးအောင် ကြိုးစားနေရင်းက အတွေးတို့က အစိုးမရအောင် ဝင်ရောက်လာခဲ့၏။ ကိုဒွေးဆိုသည်မှာ အရုပ်ကသာ ဆိုးတာ၊ မငယ်အပေါ် လင့်တာဝန်ကျေပွန်သူဖြစ်ကြောင်းကို မငယ် မငြင်းနိုင်ပေ။ မငယ်က သူ့အတွက် အချစ်ဦးဟု သူပြောဖူးတာလည်း မငယ် အမှတ်ရပါသေးသည်။ ကိုဒွေးလို အရုပ်မလှသူကို ဖက်လှဲတကင်း ဆက်ဆံတဲ့ မငယ်ကို သူသိပ်ချစ်ကြောင်း မငယ်သိပါသည်။ ဒါကြောင့်လည်း မငယ်က သူ့ကို သစ္စာရှိရှိ ပေါင်းသင်းမဲ့ ကိုဒွေးကို ခေါင်းညိတ်ခဲ့တာ မဟုတ်ပါလား။

မငယ် အရေးပေါ်အခန်းသို့ ရောက်သောအခါ ၃ နာရီခန့်ပင် ရှိနေပြီ။ သူနာပြုဟုခန့်မှန်းရသော ဗေဒါရောင် ယူနီဖောင်းနှင့် အမျိုးသမီးက မငယ်ကို အရေးပေါ်အဆောင် အဆုံးရှိ ညာဘက်ထောင့်ကို လမ်းညွှန်လိုက်သဖြင့် မငယ် ခပ်သုပ်သုပ် လျှောက်လာရင်း ခေါင်းမှာရော ခြေထောက်နှစ်ဖက်လုံးမှာပါ ပတ်တီးအဖွေးသား စည်းထားသော ကိုဒွေးကို တွေ့လိုက်ရလေသည်။ စို့တက်လာသော မျက်ရည်ကို ထိန်းရင်း မငယ် သူ့ကို နာမည်ခေါ်ကြည့်မိသည်။

“ကိုဒွေး… ကိုဒွေး”

လူနာက ကြားပုံမရချေ။ စောစောက သူ့ကို လမ်းညွှန်လိုက်သော

အမျိုးသမီးက ဖိုင်တွဲတစ်ခုကို ဆွဲပြီး မငယ်နားရောက်လာမှပဲ အကြောင်းစုံကို သူသိရတော့သည်။ ဖြစ်ပုံက ဒီလို။ ဒီကနေ့မနက် ဆိုက်ထဲကို မနက် ၁၀ နာရီ နေပြင်းပြင်းအချိန်ကြီး ဦးထုပ်မပါဘဲ ဝင်သည်တဲ့လေ။ နေ့လယ် ထမင်းစား ခဏနားတော့လည်း အရည်ကလေး ပါးစပ်ထဲ သွင်းခဲ့တယ် ထင်ပါ့။ ထမင်းစားက ပြန်အတက်မှာ ဘယ်သူမှ မသိလိုက်ခင် ဒုတိယထပ်တက်ပြီး မနက်က လောင်းထားတဲ့ ကွန်ကရစ် ဆလက်ပြားကို တက်စစ်ရင်း နောက်ပြန်ပြုတ်ကျတာ ကံကောင်းလို့ သံပုံပေါ်ကျပြီး မသေခြင်းပင်။ သို့သော် အာရုံကြောကို အတော် ဆိုးဆိုးရွားရွား ထိခိုက်သွားသဖြင့် ကိုဌေးတစ်ယောက် သတိပြန်ရပြီး ဒဏ်ရာက သက်သာလာရင်တောင် လေသင်တုန်း ဖြတ်သွားနိုင်ချေများသည် ဟူသော သူနာပြုမလေး၏မှတ်ချက်ကြောင့် မငယ် ငိုရပြန်သည်။ စိတ်ရှိလက်ရှိဆိုလျှင် မငယ် ကုတင်ပေါ်တွင် ဒဏ်ရာ ဗလပွဖြင့် လှဲနေသည့် သူ့ကို ထုရိုက်ပစ်လိုက်ချင်သည်။ သမီးလေးကို ထောက်ထားပြီး ဒီအရည်တွေကို ထပ်မသောက်ဖို့ တောင်းပန်တိုးလျှိုးခဲ့သော သူ့စကားတွေက အခုတော့ သဲထဲရေသွန်ပင်။ ယခုတော့ မငယ်ခမျာ ကိုယ်ကလည်း ဘာမှ မလုပ်ပေးနိုင်တာမို့ မြတ်စွာဘုရားထံ ကိုဌေးအတွက် အမြှုပ်ထွက်တောင် ဆုတောင်းရပေတော့မည်။

"သမီး အဝတ်အစား သွားလဲလို့ ပြောနေတယ်လေ"

မငယ် ဒေါသသံလေးစွက်လို့ ဖူးသစ်ကို ကြိမ်းမောင်းလိုက်သည်။ နှေးတုံ့နှေးတုံ့ လုပ်နေသော သမီးဖြစ်သူကို စိတ်မရှည်တော့သဖြင့် မငယ် ရေချိုးခန်းထဲတွင် ဆေးကြောသန့်စင်ပြီး မှောက်ထားသော အပြာရောင်ပွန်တပ် ဆီးခွက်ကိုယူကာ မငယ် အိမ်ပေါ်တက်သွားလိုက်၏။

မငယ်၏ဆုတောင်း မပြည့်ခဲ့ပါချေ။ ၁ နှစ် ဟူသောအချိန်က ကိုဌေးကို ကောင်းကောင်းကြီး တိုက်စားသွားခဲ့ပြီ ဖြစ်သည်။ နဂိုမည်းနက်သော ကိုဌေး၏အသားအရည်သည် မွဲပြာခြောက်သွေ့ကာ ရှိရင်းစွဲထက် နှစ်ဆခန့် အိုမင်းသွားသယောင် ထင်ရ၏။ ဆေးရုံကဆင်းပြီးနောက်ပိုင်း ကိုဌေး အခြေအနေတွေက သိသိသာသာ ပိုဆိုးလာတာ မငယ်မျက်မြင်ပင်။ ဆေးရုံ ၁ လခန့်တက်ပြီး အိမ်ပြန်ရောက်တာ ၂ ပတ်မပြည့်ခင်မှာပင် အပြင်းဖျားကာ ကိုဌေး လေဖြတ်သွားသဖြင့် နောက်ထပ် ၁ ပတ်ခန့် ဆေးရုံကြီးမှာပင် လုံးလည်ချာလည် ဖြစ်လိုက်ရသေး၏။ ကိုဌေး၏ ဆေးဖိုးအတွက် ရှိစုမဲ့စုကလေးတွေ ထုခွဲရောင်းချရင်း ဖလ အတွင်းမှာပင် မငယ်တို့ အိမ်ဂရုံလေးလည်း လမ်းထိပ်က ပြည်တွင်းနယ်ဝေး ခြင်းဖုန်းပိုင်ရှင် ကိုအာကာ့ထံ ခဏအပ်ကာ ငွေလှည့်ထားရသည့်အထိပင်။ မတော်ဆမှုအတွက် လျော်ကြေးရသည့် ပိုက်ဆံကလေးကလည်း ပထမတစ်ခါ ဆေးရုံတက်ပြီး ကတည်းက လက်ထဲကျန်ဖို့ နေနေသာသာ နောက်ဆက်တွဲ ဆေးဖိုးများပင် မလောက်ချင်။ ဒုတိယတစ်ခါ ဆေးရုံပြန်တက်ရသည့်အခါမှာတော့

အလုပ်ရှင်က သူနှင့်မဆိုင်သလို နေနိုင်သည်မို့ မငယ်ကိုယ်တိုင်ကလည်း မျက်နှာအောက်ကျို့ရမှာ ဝန်လေးလွန်းလှသဖြင့် သူ တတ်နိုင်သည့် နည်းလမ်းနှင့်ပင် ဖြေရှင်းလာခဲ့သည်မှာ ၁ နှစ်တင်းတင်းပင် ရှိပေပြီ။

ကိုဌေးတစ်ယောက်လည်း နေမကောင်းဖြစ်တော့မှ အရင်ကနှင့်မတူပေ။ မပီကလာ အာလေးလျှာလေးကြီးဖြင့် သူက တစ်ခါတလေ မငယ်ကို စိတ်တိုတတ်သေးသည်။ သမီးဖြစ်သူ ဖူးသစ်ကို အရင်ကလို ကောင်းကောင်းမွန်မွန် ဆက်ဆံမြဲ ဖြစ်သော်လည်း မငယ်အပေါ်ကိုတော့ စိတ်မထင်ရင် မထင်သလို သူက အော်ဟစ်တတ်၏။

"ကိုဌေး ဒီမနက် ဘယ်လိုနေသေးလဲ"

မငယ်က မေးနေကျအတိုင်း သူ့ကို မေးလိုက်သည်။ ကိုဌေးက မျက်နှာကြီး ချိုလျက်ပင်။ သူ့အဖြေကို စောင့်နေလို့ကတော့ ဒီနေ့ ကျောင်းနောက်ကျနေပေရော့မည်မို့ မငယ်ကပဲ စိတ်ပါလက်ပါဖြင့် လူနာကို လုပ်နေကျအတိုင်း သန့်ရှင်းပေးဖို့ စတင်လိုက်၏။ ကုတင်အောက်က ဆီးအိုးကို သွန်ရန် မငယ် ဆွဲထုတ်လိုက်၏။ ဆီးအိုးက လက်ထဲသို့ ရွှတ်ခနဲ ပါလာသောကြောင့် ရုတ်တရက် မငယ် ထိတ်သွားသည်။ အရင်တစ်ခါကလည်း သူ ဆီးမသွားချင်ဘူး အထင်ဖြင့် ထားခဲ့ရာ သမီးကို ကျောင်းပို့ရုံ အချိန်ခဏလေးမှာပင် ကိုဌေးက အိပ်ရာပေါ်မှာ အပေါ့ရော အလေးပါ သွားထားသဖြင့် မငယ် အတော်လေး စိတ်ပျက်သွားခဲ့မိသည်။ ဒီလိုထပ်မဖြစ်အောင် သူ့ကို လူကြီးဒိုက်ပါ ဝတ်ပေးဖြစ်ခဲ့သော်လည်း လက်ထဲ ငွေလေး ထပ်မပြတ်သွားအောင် ဂရုစိုက်နေရသည်မို့ ဒီတလောတော့ မဝယ်ဖြစ်ဘဲ မငယ်ကိုယ်တိုင် ဂရုတစိုက် ကြပ်မတ်ပေးနေရသည်။

"ဒီမနက် ဆီးမသွားရသေးဘူးလား။ အခုရော သွားချင်နေလား" ဟု မေးလိုက်ရာ ဝေဒနာကို အောင့်အီးမခံနိုင်၍ထင့် ကိုဌေး ခေါင်းငြိတ်ပြလေသည်။ ဒီလိုဆိုတော့လည်း မငယ် သူ့လက် သူခြေကိုပင် အားကိုးကာ လူမမာကို ဆီးတည်ပေးရပြန်၏။ လေဖြတ်သွားသဖြင့် လက်တွေက အကြောမသန်တော့တာမို့ မငယ်က အပြာရောင်ပွွန်တပ်ဆီးခွက်ကို အဖုံးဖွင့်၍ ကိုဌေးပုဆိုးအောက် လက်နှိုက်ကာ ပျော့ဖတ်ဖတ် လိင်အင်္ဂါကို ဆီးခွက်အပေါက်ထဲ တည့်တည့်ထည့်ကာ ကိုင်ပေးထားရလေသည်။ လူမမာက အိပ်ရာပေါ်က မထနိုင်သဖြင့် ကိုဌေးနှင့် မငယ်တို့ လင်မယားကိစ္စလည်း မဖြစ်ထွန်းနိုင်ခဲ့သည်မှာလည်း ကြာညောင်းခဲ့ပြီမို့ မငယ်အတွက် ဒီအထိအတွေ့ကို ထူးပြီး ခံစားမနေရတော့ချေ။ တစ်ခါတလေ အရင်တုန်းကအကြောင်းတွေ ပြန်တွေးမိသော်လည်း သူကိုယ်တိုင်ထက် တစ်ကိုယ်ရည်သန့်ရှင်းရေးကိုပင် တစ်ပါးသူကို မှီခိုနေရသော ကိုဌေးကို သူသနားမိသည်။ ကိုဌေးဘဝ ဒီလိုပဲ အဆုံးသတ်သွားတော့မလားဟုပင် မငယ်

သံသယ ရှိမိပြန်သည်။

သူ့ကို ဆီးတည်ပေးနေသော မငယ်ကို ကြည့်၍ လူမမာက တစ်ခုခု ပြောဖို့ကြိုးစားလိုက်၏။ သလိပ်တွေပြည့်၍ ပုပ်ဟောင်နေသော ပါးစပ်မှ အရင်လို စကားကို ပီပီသသ မပြောနိုင်တော့သည်မှာ အမှန်ပင်။

"ရှင် ဘာလိုချင်လို့လဲ ကိုဌေး။ နောက်ဖေးပါသွားချင်နေတာလား" ဟု မငယ်က မေးသော်လည်း လူမမာက သူ့ကို စကားတစ်ခွန်းကိုသာ တွင်တွင်ပြောပြီး မျက်ထောင့်နီနှင့် ကြည့်နေပေတော့သည်။ သူ့အကြည့်တွေက အဓိပ္ပါယ် ပါလှသော်လည်း မငယ် လျစ်လျူရှု၍ ဆီးတည်ပြီး ဆေးကြော သုတ်သင်ပေးကာ

"ကျွန်မ ကလေးကို ကျောင်းပို့ဖို့ သွားလိုက်ဦးမယ်" ဟုပြော၍ အခန်းအပြင်သို့ ထွက်လာခဲ့လိုက်သည်။ အခန်းအပြင်ရောက်တော့မှ မငယ် ကိုယ့်ရင်ဘတ်ကိုယ်ဖိပြီး အသက်ဝဝ ရှူနိုင်တော့၏။ ကိုဌေး၏ ထိုအကြည့်တွေကို မငယ် နားလည်သယောင်ရှိနေသည်။ သို့သော် သူခိုးလူမိသလိုတော့ ပုံပျက်နေ၍မရပေ။ ဟန်ကိုယ့်ဖို့ဆိုသောအတွေးဖြင့် မငယ် အောက်ထပ်သို့ ပြေးဆင်းလာလိုက်သည်။

"မြန်မြန်လာပါ မေမေရဲ့ သမီးက မေမေ့ကို စောင့်နေတာ ကြာလှပြီ" ဟု သမီးလေးက စိတ်မရှည်သောလေသံဖြင့် ဆို၏။

"အေးပါကွယ်၊ လာ မေမေ ကျောင်းလိုက်ပို့မယ်နော်" မငယ်က သမီးလေးအတွက် နေ့လယ်စာ ထမင်းချိုင့်ခြင်းတောင်းလေးကို ဆွဲ၍ ဖူးငယ်နောက်မှ ပြေးလိုက်သွားတော့၏။

"ဖေဖေ နေကောင်းရဲ့လား မေမေ" သမီးလေးက မေးလိုက်သည်။

"ဖေဖေက ပြောတယ်၊ သူက သမီးကို အရမ်းချစ်တာတဲ့၊ သမီးကြီးလာတဲ့အထိ အနားမှာ အမြဲတမ်း စောင့်ရှောက်ပေးနေမှာတဲ့" သမီးက စကားကြောင့် မငယ် အတန်ငယ် လန့်သွားသည်။

"ဟင် သမီးဖေဖေက သမီးကို စကားပြောတယ် ဟုတ်လား"

အက်စီးဒင့် ဖြစ်ပြီးနောက် ဆေးရုံမှ အိမ်သို့ ပြန်ဆင်းလာစဉ်တုန်းကတော့ ကိုဌေးက မငယ်ကို စကားပြောဖော်ရပါသေးသည်။ သို့သော် လေဖြတ်ပြီးသည့်နောက်ပိုင်းမှာတော့ ကိုဌေးရဲ့ မပီကလာ ပီကလာ ဝူးဝူးဝါးဝါး စကားတွေကို မငယ် အာရုံစိုက်ပြီး နားမထောင်ဖြစ်တော့သည်မှာ ကြာပြီ ဖြစ်၏။ ကိုဌေးကလည်း သူ့ကို သိသိသာသာ စကားမစဖြစ်တော့သလို သူလိုချင်တဲ့ အရာတိုင်းကိုလည်း ခြေဟန် လက်ဟန်ဖြင့်သာ ဆက်သွယ်တော့သည်

မဟုတ်ပါလား။ ကန်တော့ပါရဲ့၊ ကိုဋ္ဌေးနဲ့ မငယ်တို့ကြား လင်မယားကိစ္စ မဖြစ်ခဲ့သည်မှာလည်း တစ်နှစ်ကျော်ပင် ရှိပေတော့မည် ဖြစ်သည်။

"မေမေ ဒီနေ့ရော ဟိုလူကြီး အိမ်လာဦးမှာလာဟင်၊ အဲဒီလူကြီး အိမ်လာလည်တာကို ဖေဖေက မကြိုက်ဘူး သိလား မေမေ" သမီးလေးစကားကြောင့် မငယ် အတွေးစများပင် ပြတ်တောက်သွားရ၏။ ဟုတ်ပါတယ်။ ဒါကြောင့်ပဲ ဖြစ်ရမယ်။ ကိုဋ္ဌေးက မငယ်ကို ဒါကြောင့် မျက်ထောင့်နီကြီးနဲ့ ကြည့်ကြည့်ပြီး ဒေါသထွက်နေရတာပေါ့။ ကိုဋ္ဌေးက ကလေးကို ဘာတွေပြောထားသေးလဲ မသိရသဖြင့် သမီးလေး အထင်လွဲမှာကို ပိုလို့ပင် မငယ်ရင်ထဲ ဗလောင်ဆူကာ စိုးရိမ်မိနေပေတော့သည်။

"သမီး ဘာမှမပူနဲ့နော်။ သမီးဖေဖေက မေမေ့ကို အထင်လွဲနေတာပါကွယ်။ ကဲ ဟိုမှာ ကျောင်းရှေ့မှာ သမီးသူငယ်ချင်းတွေတောင် ရောက်နေပြီ။ ဒီနေ့လည်း လိမ်လိမ်မာမာနဲ့ စာတွေ အများကြီး သင်ခဲ့ရမယ်နော်"

မငယ်လည်း သမီးလေးကို နှုတ်ဆက်ကာ ကျောင်းရှေ့မှ အိမ်သို့ လေးကွေးနှေးဖင့်သော ခြေလှမ်းများဖြင့် အိမ်ဘက်သို့ ပြန်လာခဲ့ပါတော့သည်။

အချိန်ကား နေ့လယ် ၂ နာရီခန့်။ အစိုးမရသော ဇူလိုင်လ၏မိုးစက်ပေါက်တို့က အိမ်ခေါင်မိုး သွပ်ပြားပေါ်သို့ သည်းထန်စွာ ရွာသွန်းနေကြ၏။ မိုးစက်ပေါက်တို့၏ ဆူညံသံက ပတ်ဝန်းကျင်၏ အသံကို ဖုံးလွှမ်းလျက်ရှိပေသည်။ အိမ်အပေါ်ထပ်တွင် လူမမာ ကိုဋ္ဌေးက နေ့လယ်စာ စားသောက်ပြီးစီး၍ ဆေးတစ်ခွက်သောက်ကာ အိပ်စက် အနားယူနေလေသည်။

အရာအားလုံး အေးချမ်းသာယာစွာရှိနေစဉ် အိမ်အောက်ထပ်ရှိ လူနှစ်ဦးမှာကား စည်းချက်ညီသော လှုပ်ရှားမှုတို့နှင့်အတူ မိုးစက်သံအတိုင်း ရှေ့တိုးနောက်ငင် ပြုနေသဖြင့် ချွေးဒီးဒီးကျလျက်ရှိသည်။ အမျိုးသမီး၏ ဝတ်လစ်စလစ် ကိုယ်ခန္ဓာပေါ်ရှိ အမျိုးသားက တင်ပဆုံကို ရစ်ဝိုင်းကာ ရှေ့သို့ ဆောင့်တိုးလိုက်တိုင်း အမျိုးသမီးမှာလည်း ထိုသူအား လက်နှစ်ဖက်၊ ခြေနှစ်ဖက်ဖြင့် ရစ်သိုင်းဖက်ကာ အထိအတွေ့ကြောင့် မျက်လုံးများ စုံမှိတ်ထားလျက်က ညည်းညူသံလေးပင် ထွက်ပြုနေ၏။ ထို့နောက် အမျိုးသားက အိပ်ရာပေါ်သို့ ပစ်လှဲလိုက်သောအခါ အမျိုးသမီးကလည်း အလိုက်တသိပင် ထိုသူ၏အပေါ်သို့ တက်၍ နဂိုအနေအထားအတိုင်း ကိုယ်ခန္ဓာအား ပြုပြင်ပြီးလျှင် အားပါးတရဖြင့် ဆောင့်ကြောင့်ထိုင်နေပေရာ အမျိုးသားသည် ပြင်းစွာသော စည်းစိမ်ကို ခံစား၍ ၁၅ မိနစ်မျှ ကြာသောအခါ သူ၏တစ်ကိုယ်လုံးမှ အကြောအချဉ်များ ပြေလျော့သွားအောင် အားမာန်အပြည့်ဖြင့် စိတ်ကို လျှော့ချပစ်လိုက် လေတော့သည်။

"ဆေးလိပ် မသောက်ပါနဲ့ဆို၊ အပေါ်ကို မီးခိုးငွေ့တွေ တက်လိမ့်မယ်" ကိစ္စပြီးပြီးချင်း ဆေးလိပ် မီးညှိဖို့ ကြိုးစားနေသော ကိုအာကာကို မယ်က သတိပေးလိုက်သည်။ မနက်က သမီးလေး စကားကြောင့် စိတ်ထဲ မလုံမလဲ ဖြစ်နေတာလည်း ပါပေမည်။ သို့သော် အသွေးနှင့်အသားနှင့် တည်ဆောက်ထားသော သူ့အတွက် ကိုအာကာ၏ချွေးစေးများ စီးကျနေသော ခန္ဓာကိုယ်သည် နောက်ထပ်တစ်ခါ ခရီးဆက်မည် ဆိုပါကလည်း မငြင်းနိုင်စွမ်းသော အခြေအနေတွင် ရှိပေ၏။

ကိုငွေး လေဖြတ်ပြီးနောက်ပိုင်း မိန်းမသားတစ်ယောက်အတွက် အင်မတန် ခက်ခဲစွာ ရုန်းကန်ခဲ့ရသည်ကို မယ်မှလွဲ၍ မည်သူမျှ မသိနိုင်ပေ။ ပုံမှန်ဝင်ငွေ ပြတ်တောက်သွားသော မယ်အဖို့ ငွေရဖို့ အနီးဆုံးဖြတ်လမ်းမှာ အသိမိတ်ဆွေများထံ လှည့်ပတ်ချေးငှားဖို့ပင်။ ကြာတော့ ချေးငှားသူတွေရဲ့အငေါ်ထိုးမှုတွေကို မခံနိုင်တဲ့အဆုံး၊ မယ် အိမ်ဂရံကလေးကို လူရင်းဖြစ်သော ကိုအာကာ့ထံ ခဏထားကာ ငွေလှည့်ရင်းမှပင် ပြန်ဆပ်ဖို့ ခက်ခဲလွန်းသည့်ပမာဏအထိ ရောက်လာခဲ့လေသည်။ ကံကောင်းသည်လား ကံဆိုးသည်လားမသိ။ ရက်ကွက်ထဲ လူပျိုကြီးဟု သတင်းလွှင့်ထားသော ကိုအာကာက ရပင့်ဖြင့် မဟုတ်ဘဲ ရရစ်ဖြင့် "ပြို" သူဖြစ်နေလေသည်။ လူမမာ ယောကျ်ား မဖြည့်ဆည်းနိုင်သောကိစ္စကို ဖြည့်ဆည်းပေးဖို့ ဆန္ဒရှိရုံမျှမကဘဲ မယ်ရဲ့ အိမ်ဂရံလေးကိုပါ လိုလိုလားလား ပြန်အပ်လာတော့ မယ် အဆိုးထဲက အကောင်းဟု တွေးရင်း ကိုအာကာ့ဆန္ဒတို့ကို ကျေကျေနပ်နပ်ကြီး လိုက်လျောပေးဖြစ်ခဲ့လေသည်။

"မမကလည်းကွာ အမြဲတမ်း ဒီလိုချည်းပဲ။ အဲဒီလူကြီးကလည်း အသက်ရှည်ကို ရှည်နိုင်လွန်းတယ်" ဟု ကိုအာကာက ငြီးလေသည်။

"စိတ်ရှည်စမ်းပါကွာ၊ ဒီလူကြီးက ဒီထက် ပိုပြီး သက်ဆိုးမရှည်နိုင်တော့ပါဘူး" ဟူ၍ ရေရွတ်ရင်း မယ်က အမိပွါယ်ရှိသော အပြုံးတစ်ပွင့်ကို ပန်ဆင်လိုက်သည်။ ပြီးနောက် ကိုအာကာ မပြန်ခင် မယ်နှင့်သူတို့ အရာအားလုံးကို ခေတ္တမျှ မေ့ပစ်ကာ အထိအတွေ့ သာယာမှုဟူသော မြစ်ထဲသို့ ပျော်ပျော်ကြီး ထပ်မံ စီးမြောလိုက်ကြတော့ပေသည်။

သမီးလေးကို အိမ်စာ ကူလုပ်ပေးပြီး အိပ်ရာထဲ သိပ်ပြီးမှ မယ် မီးဖိုချောင်ထဲသို့ တရွေ့ရွေ့ ဝင်လာခဲ့သည်။ ထို့နောက် မီးဖိုချောင်သို့ ရောက်လျှင် ကြောင်အိမ်အောက်ထပ်မှ အဖြူရောင် အထုပ်ကလေးကို မှောက်မကျစေရန် သေချာထုတ်ယူပြီး စားပွဲပေါ် တင်လိုက်သည်။ ထို့နောက် မယ် လက်ဖက်ရည်သောက် ပန်းကန်နှင့် အောက်ခံပန်းကန်ပြားတို့ကို ထုတ်လိုက်ကာ အချိုကဲကဲထည့်၍ မိုင်လိုတစ်ခွက် ဖျော်လိုက်လေသည်။ အရသာကို

မြည်းစမ်းကြည့်၍ သဘောကျသောအခါ မငယ်က အဆိုပါ အဖြူရောင်အထုပ်ထဲမှ အမှုန့်များကို မိုင်လိုခွက်ထဲ ဖြူးကာ သေသေချာချာ ဇွန်းဖြင့် မွှေလိုက်တော့သည်။

"ဒင်း ငါ့ကို ဒုက္ခပေးနေတာ ရပ်တန်းက ရပ်သင့်ပြီ" ဟု စိတ်ထဲက ကြုံးဝါးရင်း မငယ် အိပ်ပေါ်ထပ်သို့ တက်လာလေသည်။ လက်ထဲက မိုင်လိုခွက်ကိုလည်း မှောက်မသွားစေရန် ဂရုစိုက်ရသေး၏။ ဒီမိုင်လိုခွက်ကလေးက မငယ်တို့ သားအမိဘဝကို ကူညီပေးနိုင်မည့် သော့ပင် မဟုတ်ပါလား။

"ကိုဌေး ဒီမှာ မိုင်လိုလေး ဖျော်လာခဲ့တယ်" ဟု အသံပေးလိုက်သောအခါ လူမမာက မျက်ခွံကို ဖြေးညှင်းစွာ လှန်ကြည့်၏။ မငယ် စိတ်ကို ပေါ့ပါးစွာ ထားလိုက်ကာ ပြုံး၍ သူ့နား ဝင်ထိုင်လိုက်သည်။ လူမမာကတော့ အာသီသရှိပုံ မပေါ်လှချေ။ သူ ဒီမိုင်လိုကို မသောက်ဖြစ်မှာကိုလည်း မငယ် စိတ်ပူရသေးသဖြင့် သောက်ဖြစ်အောင် ဆော်သြလိုက်ရ၏။ ကိုဌေးက အိပ်ရာထဲကပင် လက်ညှိုးကို ကတုန်ကယင်မြှောက်၍ မငယ်ကို မျက်ထောင့်နီကြီးဖြင့် ဂူးဂူးဝါးဝါး ပြောလိုက်သည်။ သူ ဘာပြောသည် နားမလည်သော်လည်း ကိုအာကာ့အကြောင်း ဖြစ်သည်ဆိုတာကို မငယ် သဘောပေါက်လိုက်ပါသည်။ ထို့ကြောင့် မငယ်က လူနာဘေးက ခုံတွင် ဝင်ထိုင်လိုက်ပြီး မိုင်လိုခွက်ကို သူကိုယ်တိုင် ခွံ့ကျွေးဖို့ ပြင်လိုက်လေသည်။

"ရှင်ကလေ တယ် ပြောရခက်ပါလား၊ ကျွန်မက ဒီမိုင်လို သောက်ခိုင်းတာကို ရှင်က ဘာကိစ္စ ငြင်းနေရတာတုံး"

ပြောလည်းပြော၊ မငယ် လက်ကလည်း မိုင်လိုခွက်ထဲမှ အရည်တချို့ကို ဇွန်းဖြင့်ကော်ကာ ကိုဌေး ပါးစပ်ထဲ ထည့်လိုက်လေသည်။

"ကြည့်စမ်း၊ အတော် ခေါင်းမာတဲ့လူ၊ ရှင် ဘာကိစ္စ သွားကို စေ့ထားရသလဲဟင်"

လူနာက သွားကို ခပ်တင်းတင်းစေ့ထားသဖြင့် ပါးစပ်ထဲ ထည့်လိုက်သော မိုင်လိုတို့က ပါးပေါ်စီးကျကာ တချို့ကလည်း နှာခေါင်းထဲဝင်သွားသဖြင့် လူနာက နှာမွှန်ကာ ရေသီးနေပေတော့သည်။

"ဒီလောက်တောင် ဖြစ်လှတဲ့ဟာ သေပေရော့"

မငယ် ဒေါသတကြီးဖြင့် မိုင်လိုခွက်ကို ပက်လက်အိပ်နေသော ကိုဌေး၏ မျက်နှာပေါ်သို့ လောင်းချပစ်လိုက်တော့သည်။ ကြွက်သတ်ဆေး အဆိပ်ခပ်ထားသော မိုင်လိုအရည်တချို့က ကိုဌေး၏ပါးစပ်အတွင်း ဝင်ရောက်သွားခဲ့သော်လည်း အချို့ကတော့ နှာခေါင်းထဲသို့ ဝင်ကုန်သဖြင့် လူမမာက အသက်ရှူကြပ်၍ သီးနေသဖြင့် မငယ် အနီးရှိ ခေါင်းအုံးတစ်လုံးကို

ဆွဲယူကာ ကိုဌေးမျက်နှာအား အားကုန် ဖိကပ်ပစ်လိုက်လေတော့သည်။

တုန်ချိသောလက်များက မငယ်၏လက်ကို ဖယ်ရှားပစ်ရန် ကြိုးစားပါသေးသည်။ သို့သော် ချိနဲ့နေသော လက်တစ်စုံက ဒေါသမွှန်နေသော မငယ်ကို မည်သို့မျှ ယှဉ်နိုင်မစွမ်းပါပေ။ ကုန်းပေါ်ရောက်လာသော ငါးတစ်ကောင်ပမာ လူးလွန့်ရင်း အတန်ငယ်ကြာသောအခါ ကိုဌေး တဖြည်းဖြည်း ငြိမ်သက်သွားသည်ကို မငယ် တွေ့လိုက်ရသည်။ ထို့နောက် ခေါင်းအုံးကို ကိုင်ထားသောလက်တို့ကို ဖယ်ရှားလိုက်ရာ အလွန်ပြူးကျယ်သော မျက်လုံးများဖြင့် အကျည်းတန်စွာ ဇီဝိန်ချုပ်ငြိမ်းသွားသော ကိုဌေး၏ အသက်မဲ့ ရုပ်အလောင်းကို မငယ် အင်မတန် တည်ကြည်စွာ စိုက်ကြည့်နေလိုက်လေသည်။ ထို့နောက် ခေါင်းအုံးကို သေချာ ပြန်စီ၍ ကိုဌေးတစ်ယောက် အစာနင်ကာ ဘဝတစ်ပါးသို့ ကူးပြောင်းသွားဟန် ပြပြင် ပြင်ဆင်ပြီးနောက် အိမ်ခြေရရပင် အောက်ထပ်သို့ ပြန်ဆင်းကာ သမီးလေး အိပ်ရာထဲ တိုးဝင်၍ စိတ်အေးချမ်းစွာ အိပ်စက်လိုက်လေတော့သည်။

▪

ကျောင်းခေါင်းလောင်း ထိုးသည်နှင့် တပြိုင်နက် ကလေးအသီးသီးက ထမင်းချိုင့်ကလေးများကို ဆွဲကာ နံရံကိုကပ်လျက် နေရာယူထားကြသည်။ ဝရန်းသုန်းကား ပြေးထွက်လျှင် ဆရာမ ဒေါ်လှကြည်၏ ကျား၊ မ မခွဲခြားသော ဂျယ်လီပေတံနှင့် မိတ်ဆက်ရမည်မှာ အမှန်ပင်။ ဒေါ်လှကြည် ကျောင်းသား ကျောင်းသူများကို တစ်ချက်ကြည့်လိုက်သည်နှင့် စကားပြောနေသောသူများပါ ရုတ်ခြည်းဆိုသလို တိတ်ဆိတ်သွားလေသည်။ အလိုက်ကန်းဆိုးမသိ အာကျယ်တတ်သော နှပ်ချေးထူပင် ဒေါ်လှကြည်ဆိုသည်နှင့် အမြီးကုပ်နေတတ်သည်။ ဖူးသစ်ကတော့ ဒေါ်လှကြည်ကို မကြောက်ပါ။ ဖူးသစ် အကြောက်ဆုံးက အိမ်ပြန်ရမည်ကိုပင် ဖြစ်သည်။ အိမ်မှာ အရင်တုန်းက ဖေဖေ ရှိနေတုန်းကတော့ ဖူးသစ် ဖေဖေ့နားကပ်ကာ ကျောင်းမှာဖြစ်ခဲ့သမျှ ကိစ္စအားလုံးကို ပြောပြတတ်သည်။ ဖေဖေကလည်း ပြုံး၍ နားထောင်တတ်သည်ပင်။ ဒါပေမဲ့ အခုတော့ ဖေဖေက အင်မတန် ထူးဆန်းနေသည်။ မေမေ့စကားအရတော့ ဖေဖေက သေသွားပြီတဲ့။ ထိုစကားကို ဖူးသစ် နားမလည်ပါ။ ဖူးသစ် ဖေဖေ့ကို လွမ်းသည်။ တိတိကျကျ ပြောရလျှင် အရင်က အိပ်ရာပေါ်မှာ လှဲပြီး ဖူးသစ် ပြောသမျှကို နားထောင်တတ်သည့် ဖေဖေ့ကို ဖူးသစ် လွမ်းသည်။ ဖေဖေက အခုတော့...။

ဒီနေ့လည်း မေမေ မအားတာမို့ ဘေးအိမ်က အန်တီကြီးနှင့်အတူ ဖူးသစ် အိမ်လိုက်လာခဲ့သည်။ အိမ်ရောက်တော့ ဖူးသစ် အပေါ်ထပ်က ဖေဖေ့အိပ်ရာကြီးဆီ ပြေးတက်သွားလိုက်၏။ မေမေကတော့ အိမ်မှာမရှိပေ။ ဒါလည်း တစ်မျိုးကောင်းသည်။ မေမေရှိနေရင်... အင်း... မေမေရှိနေရင် ဖေဖေလည်း

ရှိနေမည် မဟုတ်ပါလား။ အခုတလော ဖေဖေ့ရုပ်သွင်က အရင်တုန်းကထက် ပိုပြီး ရုပ်ဆိုးကာ ကြောက်မက်ဖွယ်ရာ ကောင်းနေပေသည်။ အဆိုးဆုံးကတော့ ဖေဖေက ဖူးသစ်ကိုပင် တစ်နေ့တစ်ခြား မှတ်မိတော့သည်ပုံ မရှိလှပေ။ မေမေကလည်း ဖေဖေ့အကြောင်း တစ်ခွန်းမှမဟတော့ ဖူးသစ် မေမေ့ကို မမေးရဲသည်မှာ အမှန်။ ဒါပေမဲ့ ဒီနေ့တော့ မေမေ့ကို မေးဖြစ်အောင် မေးမည်ဟု ဖူးသစ် အားတင်းလိုက်ရသည်။

"သမီး... သမီး"

မေမေက ဖူးသစ်ကို လှုပ်နှိုးလိုက်သည်။ အိပ်ချင်မူးတူးဖြင့် ဖူးသစ် မေမေ့ကို လှမ်းကြည့်လိုက်မိပြီးမှ ချက်ချင်းဆိုသလို မျက်နှာ ပြန်လွှဲလိုက်ရ၏။ အစွယ်တဖွားဖွားဖြင့် အရိုးကျနေသော ထိုရုပ်ကြီးကို ဖူးသစ် မကြည့်ရဲသည်မှာ အမှန်။ သူက မေမေ့ဂုတ်ပေါ်မှာ ဆောင့်ကြောင့်ထိုင်ပြီး မေမေ့ကို ခွစီးနေ၏။ ဖူးသစ် အားအင်တို့ကို စုစည်းကာ မေမေ့ကို ပြောလိုက်သည်။

"မေမေ"

"ဟင် ပြောလေ သမီး"

"ဖေဖေက မေမေ့ ဂုတ်ပေါ် ဘာလို့ ခွစီးနေရတာလဲဟင်"

သက်ပိုင်